# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ တနင်္လာနေ့ အတွဲ [၅၅]၊ အမှတ် [၁၃၁]


မြတ်ဗုဒ္ဓအဆူဆူတို့၏

အဆုံးအမ

- ❖ မကောင်းမှု ရှောင်၊
- ❖ ကောင်းမှု ဆောင်၊
- ❖ ဖြူအောင် စိတ်ကိုထား။

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်

စာမျက်နှာ-၃





ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးကို ဤသို့တွေ့ရသည်။

သတင်းဆောင်းပါး-မင်းသစ်၊ သီသီမင်း၊ ဓာတ်ပုံ-စောသိန်းဝင်း

# တစ်ချိန်တုန်းက တက္ကသိုလ်ကြီး၏ ပုံရိပ်များဆီသို့

ရန်ကုန်တက္ကသိုလ်ကြီး၏ ပုံရိပ်သည် သက်တမ်းအားဖြင့် ရာပြည့်ကို တဖြည်းဖြည်း ချဉ်းကပ်လာနေပြီဖြစ်သော်လည်း ပြောင်းလဲသွားခြင်းမရှိသေး။ တက္ကသိုလ်မြေ နေဝင်မည်ကို စိုးရိမ်ခဲ့ကြရာမှ ယခုဆိုလျှင် တက္ကသိုလ်နယ်မြေသည် အတိတ်က အချိန်အခါကဲ့သို့ပင် ရောင်နီသန်းစပြုလာပြီမဟုတ်လား။ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက် လောကဓံကို ကြံ့ကြံ့ခံကျော်ဖြတ်ခဲ့သော အမိတက္ကသိုလ်ကြီးသည် သစ်ပုပ်ပင်၊ အဓိပတိလမ်းနှင့် ဘွဲ့နှင်းသဘင်ခန်းမကြီးတို့နှင့်အတူ တစ်ချိန်က အထင်ကရဖြစ်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီး၏ ပုံရိပ်ကို ဆက်လက်ပုံဖော်နေဆဲဖြစ်သောကြောင့်ပင်။

"သစ်ပုပ်ပင်က ရန်ကုန်တက္ကသိုလ်ရဲ့ သင်္ကေတတစ်ခုပါပဲ။ ကျောင်းနဲ့သစ်ပုပ်ပင်က ခွဲခြားလို့မရဘူး။ ရန်ကုန်တက္ကသိုလ်ဆိုရင် ဘွဲ့နှင်းသဘင်ကြီးရယ်၊ သစ်ပုပ်ပင်ရယ်က မပါလို့ကို မပြည့်စုံဘူး"ဟု အသက် ၇၀ အရွယ်

စာမျက်နှာ ၈ ကော်လံ ၁ ✻


ယနေ့ — ဖတ်စရာ

မြောက်ကိုရီးယား တာဝေးပစ်ဒုံးပျံ စမ်းသပ်ပစ်လွှတ်၊ အမေရိကန်နှင့် အိမ်နီးချင်းနိုင်ငံများ ရှုတ်ချ စာ » ၄

အများပြည်သူ ယုံကြည်အားထားရမည့် ဘတ်စ်ကား လိုင်းသစ် စတင်ပြေးဆွဲပြီ စာ » ၅

ဟံသာဝတီအသင်း နိုင်ပွဲဆက်ပြီး အသင်းကြီးအများစု နိုင်ပွဲပျောက် စာ » ၁၄





# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## စည်းလုံးညီညွတ်သော မြန်မာ့နိုင်ငံရေးအရွေ့

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေတိုးတက်ပြောင်းလဲမှုသည် ၂၀၁၅ နိုဝင်ဘာ ရွေးကောက်ပွဲတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ခဲ့ပြီးနောက် တည်ငြိမ်စွာဖြင့် နိုင်ငံရေးအခြေအနေများ ဆက်လက်တိုးတက်လျက်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံရေးအခြေအနေတိုးတက်မှုသည် အလွန်ပင်အရေးကြီးလှပေသည်။ နိုင်ငံရေးအခြေအနေတိုးတက်မှ အဘက်ဘက်မှ တိုးတက်ပြောင်းလဲမှုများဆက်လက် ဖြစ်ထွန်းအောင်မြင်မှုများ ရရှိမည်ဖြစ်ပါသည်။

လက်ရှိအချိန်တွင် ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်ကာ လွှတ်တော်အစည်းအဝေးများ စတင်ကျင်းပလျက်ရှိပါသည်။ လွှတ်တော်များကို ဦးဆောင်ဦးရွက်ပြုမည့် ထိပ်ပိုင်းရာထူးနေရာများခန့်ထားရေးနှင့် လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် အနိုင်ရပါတီဖြစ်လင့်ကစား အခြားသော ညီနောင်ပါတီများနှင့် တိုင်းရင်းသားပါတီများကိုပါ လက်တွဲခေါ်ဆောင်၍ လွှတ်တော်၏ထိပ်ပိုင်းရာထူးနေရာများတွင် တာဝန်ပေးအပ်လျက်ရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနေရာနှင့် အမျိုးသားလွှတ်တော်တွင် တိုင်းရင်းသားလူမျိုးများကို ခန့်အပ်တာဝန် ပေးအပ်လိုက်ခြင်းသည် အပြုသဘောဆောင်သော နိုင်ငံရေးအခြေအနေများတိုးတက်လာမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားရေးရာ အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာနိုင်ကြောင်း နိုင်ငံရေးအကဲခတ်သူများက လေ့လာသုံးသပ်လျက်ရှိပါသည်။ အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုထိရောက်အောင်ဆောင်ရွက်နိုင်မည့်အနေအထားဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်လည်း ပြီးခဲ့သည့် လွှတ်တော်အဟောင်းတွင် အဓိက Key Player များဖြစ်ခဲ့သူ လွှတ်တော်ကိုယ်စားလှယ်အချို့ကို ပြန်လည်တာဝန်ပေးအပ်ခြင်း၊ ပါဝင်ပတ်သက်ခွင့်ပြုလိုက်ခြင်းသည်လည်း လွှတ်တော်အဟောင်းနှင့်လွှတ်တော်သစ်ပေါင်းကူးတံတားသဖွယ်ဖြစ်လာပြီး အနာဂတ်ဥပဒေပြုရေးမဏ္ဍိုင်သည် အချိတ်အဆက်အပေးအယူ အားကောင်းသည့် Teamwork ရှိသော ဘောလုံးအသင်းတစ်သင်းကဲ့သို့ ဖြစ်လာဖို့ရှိနေပါသည်။ နိုင်ငံတကာ သံစုံတီးဝိုင်းကြီးကဲ့သို့ အပေးအယူအတိုင်အဖောက်ညီညွတ်မှုတစ္စာဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ပေါ်ထွက်လာမည့်အနေအထား ဖြစ်ပါသည်။

လွှတ်တော်များသည် ဥပဒေရေးရာနှင့်မူဝါဒတို့ကို အခြေခံပြီး နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးရေးလမ်းကြောင်းများပေါ်သို့ ရောက်အောင် အပြန်အလှန်ထိန်းကျောင်းပြီး တွန်းပို့နိုင်စွမ်းရှိပါသည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ မောင်းနှင်စွမ်းအားကို ဖန်တီးနိုင်သည့် စက်အင်ဂျင်ကဲ့သို့ပင် ဖြစ်ပါသည်။ မော်တော်ကားတစ်စီးသည် လိုရာခရီးကို ရောက်အောင် ထိန်းကျောင်းမောင်းနှင်ရသကဲ့သို့ လွှတ်တော်များသည်လည်း နိုင်ငံတော်၏ဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်အောင် ထိန်းကျောင်းမောင်းနှင်နိုင်စွမ်းရှိပါသည်။ သို့ဖြစ်၍ မြန်မာ့နိုင်ငံရေးအရွေ့သည် လွှတ်တော်အတွင်းစည်းလုံးညီညွတ်မှုကို အခြေခံပြီး အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ပိုမိုဖွံ့ဖြိုးတိုးတက်သည့်အရွေ့များဆီသို့ ဦးတည်လျက်ရှိပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆို

မန္တလေး ဖေဖော်ဝါရီ ၇

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံအား ထောက်ခံကြိုဆိုသည့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၆၂ လမ်း ၄၀×၄၁ လမ်းရှိ မနော်ရမန် ဟစ်တိုင်ကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုသည့်ပွဲကို မန္တလေးမြို့ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်မြို့နယ် ငါးမြို့နယ်မှ ပြည်သူလူထုများ၊ တိုင်းရင်းသားလူမျိုးစုများ၊ ပြည်သူ့ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ စုစုပေါင်း အင်အား ငါးထောင်ကျော်မှ စစ်ကြောင်းကြီး ငါးကြောင်းဖြင့် တက်ရောက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ထောက်ခံကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

၂။ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

၄။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

၅။ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## “ဓာတ်ပြားဟောင်းမှ ဇာတ်ကြောင်းရသဆန်းစစ်ခြင်း”

* စောမွန်လှ ဇာတ်လမ်းမှာ
လွမ်းဖွယ်ရာ အမှန်မဟုတ်။
ရှမ်းဗမာ ညီညွတ်ခြင်း
ပျက်ယွင်းအောင်လုပ်။
* ချင်းဖဝေး ဇာတ်လမ်းမှာ
သနားစရာ အမှန်မဟုတ်။
ချင်းဗမာ သွေးစည်းခြင်း
ပျက်ယွင်းအောင်လုပ်။
* ကျိုက်ထီးရိုး သမိုင်းမှာ
တင်လာသည့် ဇာတ်ထုပ်။
ကရင်ဗမာ ချစ်ကြည်ခြင်း
ပျက်ယွင်းအောင်လုပ်။
* သံသယတွေ အစဉ်ပွားစေဖို့
လှည့်စားလို့ ကြံစည်လာ။
နယ်ချဲ့ညဉ် အသွင်သရုပ်
ဆိုးယုတ်လှစွာ။
* လုပ်ဇာတ်တွေ အလီလီခင်းပါလို့
သွေးခွဲခြင်း ပုံနိမိတ်တွေနှင့်
အတိတ်က ဇာတ်များမှာ
သူ့ခြေရာ အထင်အရှား။
* သွေးကွဲအောင် ခွဲသော်ငြားလည်း
အကြားရယ် ဘယ်မထင်သို့
ရေအသွင်ပေါင်းစည်းခြင်းလို
သွေးချင်းညီနောင်ထုရယ်က
ပြည်ထောင်စု စိတ်ဓာတ်တွေနှင့်
မပြတ်အစဉ် နိုးကြားသတိ
ရှိကြစေသား။ ။

**မောင်မောင်မိုးအောင်**

***[(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုလျက်]***

## (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပ



မိုင်းဆတ် ဖေဖော်ဝါရီ ၇

(၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၇ နာရီခွဲက ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့ အောင်ဇေယျဘက်စုံအားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က ဖတ်ကြားသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူ ၁၂၅၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | | |
|---|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - | ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - | ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - | ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - | ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - | ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - | ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - | ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - | ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - | ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - | ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - | ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၂ |
| ဥရောပ | တစ်ယူရို | ၁၄၀၈.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၀၃ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄ |

ခင်ရတနာ-စုစည်းသည်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်



ဗုဒ္ဓတက္ကသိုလ် မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

ဓာတ်ပုံ-(ပြည်နယ် ပြန်/ဆက်)

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ ကျောက်တိုင်ကွင်းခန်းမ၌ ကျင်းပသည့် (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်အဆင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါးဖြစ်သည့် လွိုင်လင်မြို့ သာသနဝိပုလ္လခတ်တော် ကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပညာနန္ဒနှင့် လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒ၊ ပြည်နယ်အဆင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြသည့် အောက်စဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိနှင့် ဟိုပုံးမြို့ နောင်းတောင်းပရဟိတ တပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တရာဇိန္ဒသီရိတို့အား ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ထပ်ဆင့် ဂုဏ်ထူးဆောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံမှ (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားပြီး ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က ပြည်နယ်ဝန်ကြီးချုပ်၏ (၆၉)နှစ်မြောက် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကြသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိခဲ့ကြသူများအား ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ရာတွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု ပထမဆု၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေး အသင်းအဖွဲ့ဆု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု ရရှိကြသူများကို လည်းကောင်း၊ ပြည်နယ်လွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ဝန်ဆောင်မှုထူးချွန် အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု၊ စွမ်းဆောင်မှု အကောင်းဆုံးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဆု၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု ရရှိကြသူများကို လည်းကောင်း၊ ပြည်နယ်သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက မွေးမြူထုတ်လုပ်မှုထူးချွန်လူပုဂ္ဂိုလ်ဆု၊ အများပြည်သူများ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာဆုများ) ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှမ်းပြည်နယ်အတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍာစုံ၌ ထူးချွန်စွာဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်နယ်အဆင့် လူမှုထူးချွန် ပထမဆုရရှိကြသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်နှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့ ကိုယ်စား တာဝန်ရှိသူတစ်ဦးအား လည်းကောင်း၊ ပြည်နယ်အဆင့် လူမှုထူးချွန် တတိယဆုရရှိသည့် အေးရှားဝေါလ် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်ကိုယ်စား တာဝန်ရှိသူတစ်ဦးအား လည်းကောင်း၊ လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်မှ တောင်တန်း လူငယ်လူမှုကူညီရေးအသင်းနှင့် ကျောက်မဲခရိုင် နောင်ချိုမြို့နယ်မှ စေတနာမွန် လူမှုကူညီရေးအသင်းတို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာမှတ်တမ်းပြခန်းငယ်များကို လိုက်လံကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မင်္ဂလာမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် မင်္ဂလာမုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗုဒ္ဓတက္ကသိုလ် မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဆရာတော် သံဃာတော်များနှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ရေစက်ချအောင်ပွဲမင်္ဂလာကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ ငြိမ့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်မြတ်တို့ ရွတ်ပွားတော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် အလှူရှင်များကိုယ်စား ဒုတိယသမ္မတနှင့်ဇနီးတို့က ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဘဒ္ဒန္တ ဓမ္မသာမိထံ လက်ရောက်လှူဒါန်းကြသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အေးစေတီ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော် သံဃာတော်များအား သိက္ခာထပ်သိမ်ဆင်းလောင်းလှူ၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာသို့ ရောက်ရှိကြကာ မိုင်းဖုန်းဆရာတော် အရှင်ဘဒ္ဒန္တဉာဏသံဝရ မထေရ် အမှူးပြုသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်ကြီးဟိုတယ်၌ တိုင်းရင်းသားရိုးရာ၊ စာပေ ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက ယနေ့ကျရောက်သည့် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် ယခုကဲ့သို့ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံခွင့်ရ၍ ဝမ်းမြောက်ပါကြောင်း၊ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းကြိုးစား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားတို့က အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အရည်အချင်းရှိပါကမည်သည့်နေရာတွင်မဆို တာဝန်ယူဆောင်ရွက်နိုင်ကြမည်ဖြစ်ရာ မိမိတို့အရည်အချင်းကို စဉ်ဆက်မပြတ်မြင့်မား တိုးတက်လာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားရိုးရာ စာပေ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ခေတ်မီအဆင့်မြင့်ယာဉ်ရပ်နားစခန်း ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး စီမံကိန်းဧရိယာအတွင်းရှိ အဆောက်အအုံများ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ❖ ကျောဖုံးမှ

စီစဉ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။ ယခုနှစ်တွင် နှစ်နှစ်ပေါင်းအကယ်ဒမီဆုချီးမြှင့်ပေးမည့် ပြသခွင့်ရ ရုပ်ရှင်ဇာတ်ကားများမှာ ၂၀၁၄ ခုနှစ်တွင် ၁၇ ကားနှင့် ၂၀၁၅ ခုနှစ်တွင် ၁၃ ကား စုစုပေါင်း ရုပ်ရှင်ဇာတ်ကားကြီး ၃၀ ထဲမှ ရွေးချယ်ချီးမြှင့်ပေးမည် ဖြစ်သည်။

ကျွန်တော်တို့ ဒီနှစ်ပေးမယ့်အကယ်ဒမီပေးပွဲရက် ပြောင်းလိုက်ရတာကတော့ နိုင်ငံရေးအကူးအပြောင်းစပ်ကူးမပ်ကူးကာလလည်းဖြစ်တော့ နောက်ဆုတ်လိုက်ရတာပါ။ အခုလောလောဆယ်တော့ အကယ်ဒမီဆုပေးပွဲကို လာမယ့် ဧပြီ ၃ ရက်ကို လျာထားတယ်။ ဒီနှစ်က နှစ်နှစ်ပေါင်းချီးမြှင့်မှာဖြစ်သလို အရင်ကလိုဆန်ခါတင်ဇာတ်ကားစာရင်းကိုလည်း ကြေညာမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဇာတ်ကားနည်းတဲ့အခါမှာ ကြေညာလိုက်ရင် ခန့်မှန်းရလွယ်သွားလို့ ကြိုတင်ပေါက်ကြားသလို ဖြစ်နေတယ်။ တစ်ခုပိုကောင်းတာက အခုလိုမကြေညာတာဟာ ပြသခွင့်ရတဲ့ဇာတ်ကားတိုင်းရဲ့ အနုပညာရှင်တွေအားလုံး အကယ်ဒမီဆုအတွက် မျှော်လင့်လို့ရတယ်”ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကနှင့် မြန်မာ့ရုပ်ရှင် ၂၀၁၅ အကယ်ဒမီဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနှင်းမိုးက ပြောသည်။

မြန်မာ့ရုပ်ရှင်အနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း ရုံတင်ပြသခွင့်ရပြီး အကယ်ဒမီဆုအတွက် မျှော်လင့်ရမည့် ဇာတ်ကား ၁၇ ကားမှာ ၃၉ ဗိုက်ပူ၊ မာကြီးရှည်၊ မာယာပရောဂျက်၊ အချစ်များနဲ့ဖန်ဆင်းမယ်၊ ခိုးခိုးခစ်ခစ်၊ မော်ဒန်ရာဇဝင်၊ အဆုံးမဲ့အချစ်၊ တိုက်ဆိုင်မှုရှိခဲ့လျှင်၊ နှလုံးသားဖြင့်ပြုလုပ်သည်၊ အောင်မြင်ကျော်ကြားစူးရှထက်မြက်၊ သက်တံသစ်၊ ကိုတင့်တို့စူပါရပ်ကွက်၊ အွန်လိုင်းပေါ်ကဝိညာဉ်၊ လော်မင်္ဂလာ၊ ကောင်းကျိုးကိုယ်၌တည်စေမင်း၊ ရည်းစားဦးနှင့် အသက်ကိုအသက်ထက်ပိုချစ်သည်တို့ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း ပြသခွင့်ရပြီး အကယ်ဒမီဆုအတွက် မျှော်လင့်နိုင်မည့် ဇာတ်ကားများမှာ မဟာဆန်တဲ့မာယာမျက်နှာဖုံး၊ အောင်ဘာလေ၊ ချစ်စံအိမ် ၂၀၂၈၊ လူကြီးမင်းခင်ဗျာ၊ ကျွန်မကနှင်းဆီပါမောင်၊ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား၊ ကျူးပစ်ရဲ့ကျေးကျွန်များ၊ မောင့်အိမ်သူကျွန်မရည်းစားဘုရားမှာနေသည်၊ မင်္ဂလာလှည်း၊ နက္ခတ်များတဲ့တိုက်ပွဲ၊ ဤအရာကိုအချစ်လို့ခေါ်သလားနှင့် ရောင်နီဦးရဲ့ အလင်းရောင်နှင့်အတူတို့ဖြစ်သည်။

“ကျွန်တော့်အမြင်ပြောရရင် အခုနောက်ပိုင်းရုပ်ရှင်ဇာတ်ကားတွေက သိသိသာသာအရည်အသွေးကျဆင်းလာတာကိုတွေ့ရတယ်။ ကျွန်တော်တို့တုန်းကဆိုရင် ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားကို နှစ်ချီရိုက်ကြရတယ်။ အခုတော့ တချို့ဇာတ်ကားတွေဆို ရက်ပိုင်း၊ လပိုင်းလောက်နဲ့ပြီးတယ်ဆိုတော့ ဘယ်လိုလုပ်အရည်အသွေးကတက်လာမလဲ။ အဲဒါတွေရဲ့ အဓိကဂယက်က စီးပွားရေးလုပ်ငန်းရှင်တွေ များလာလို့ပဲ။ ပြောရရင် ထုတ်လုပ်သူတွေက အနုပညာပိုင်းဆိုင်ရာကို မကြည့်ဘဲ စီးပွားရေးဆန်ဆန် လုပ်လာကြတာများလာတယ်။ ခုခေတ်မင်းသမီး၊ မင်းသားတွေက ဇာတ်ကားကြီးရိုက်ရင်းလည်း ကြော်ငြာပြေးရိုက်တာတို့၊ ဖေ့စ်ဘွတ်ခ်သုံးတာတို့ကရှိကြသေးတယ်။ ပြောချင်တာက ကိုယ့်လုပ်ငန်းအပေါ်ကို အာရုံစူးစိုက်မှုအားနည်းလာကြတယ်။ အဲဒီတော့ ဘာဖြစ်လာလဲဆိုရင် မြန်မာ့ရုပ်ရှင်အရည်အသွေးကျဆင်းလာပြီး ပြည်သူတွေ အထင်သေးစရာဖြစ်လာတယ်။ အဲဒီလိုမဖြစ်အောင် ထုတ်လုပ်သူတွေနဲ့ ရုပ်ရှင်အစည်းအရုံးက သတ်မှတ်စည်းကမ်းနဲ့အညီ ထိန်းသိမ်းဖို့လိုမယ်လို့ မြင်တယ်”ဟု မြန်မာ့ရုပ်ရှင်လောကသားဟောင်းပညာရှင်တစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအနေဖြင့် ယခင်နှစ်များနည်းတူဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆု၊ မင်းသားသရုပ်ဆောင်ဆု၊ မင်းသမီးသရုပ်ဆောင်ဆု၊ အသံ၊ ဇာတ်ပို့ဆု၊ တေးဂီတဆု၊ ဓာတ်ပုံဆုနှင့် အထူးဆုအပါအဝင် စသည့်ဆု ၁၂ ဆုချီးမြှင့်ရန် လျာထားသော်လည်း တစ်နှစ်အတွင်း ရုပ်ရှင်ဇာတ်ကားကြီးထွက်ရှိမှုနည်းပါးခြင်းနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုမရှိခြင်းတို့ကြောင့် ယခုနောက်ပိုင်းတွင် ဆုအားလုံးချီးမြှင့်ပေးနိုင်မှု ပြုလုပ်နိုင်ခြင်းမရှိခဲ့ကြောင်း ဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့မှ သိရသည်။

**(မြန်မာ့အလင်း)**

# ၂၈ နှစ်ကြာပိတ်ထားခဲ့သည့် ဗိုလ်ရာညွန့်အထက်လမ်း ပြန်လည်ဖွင့်လှစ်



**ရန်ကုန် ဖေဖော်ဝါရီ ၇**

၂၈ နှစ်ကြာ ပိတ်ထားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်အထက်လမ်းကို ပြည်သူများ သွားလာမှုလွယ်ကူစေရန်နှင့် ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရန်အတွက် ယနေ့နံနက်ပိုင်းမှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးသည်။

"လုံခြုံရေးအရ ပိတ်ထားခဲ့တာပါ။ ပြည်သူတွေ အခက်အခဲမရှိဖြတ်သန်း သွားလာနိုင်ဖို့အတွက် ကာကွယ်ရေး ဝန်ကြီးဌာနကို ပြန်အသုံးပြုခွင့်ပေးဖို့ တင်ပြခဲ့တာ ခွင့်ပြုလိုက်တဲ့အတွက် သွားလာလို့ရသွားပြီ"ဟု ဦးနန္ဒကျော်စွာက ပြောသည်။

ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်တွင် အ. ထ. က(၁)ဒဂုံရှိပြီး ကျောင်းဖွင့်ရာသီတွင် ကျောင်းပို့ ကျောင်းကြို ယာဉ်များဖြင့် ယာဉ်ကြောကျပ်တည်းမှုများ မကြာခဏပေါ်ပေါက်ခဲ့ရာ အဆိုပါ လမ်းဖွင့်လှစ်လိုက်ခြင်းဖြင့် ယာဉ်ကြောကျပ်တည်းမှု အထိုက်အလျောက် ပြေလျော့သွားမည်ဖြစ်ကြောင်း ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

ဒဂုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ခင်က "၁၉၉၈ ကတည်းက ဗိုလ်ရာညွန့်အထက်လမ်းနဲ့ ရွှေတိဂုံဘုရားလမ်းဘက်သွားတဲ့ ပန်တျာလမ်းကို ပိတ်ထားတဲ့အတွက် ရပ်ကွက်နဲ့ ပြင်ပက ယာဉ်တွေအပြင် ကျောင်းပို့၊ ကျောင်းကြိုကားတွေက တစ်လမ်းတည်းကိုပဲ အားပြုနေရတယ်။ အခု နှစ်ဖက်လုံး ပြန်ဖွင့်ပေးလိုက်တဲ့အတွက် နေ့ရောညပါ သွားရေး လာရေး အဆင်ပြေသွားပါတယ်"ဟု ပြောသည်။

ဗိုလ်ရာညွန့် အထက်လမ်းဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ ဦးနန္ဒကျော်စွာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေ လမ်းသူ လမ်းသားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုဝန်ကြီး၊ ဦးနန္ဒကျော်စွာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ဓာတ်ပုံ)** နှင့် ဗိုလ်ရာညွန့်အထက်လမ်းနေထိုင်သူတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# အများပြည်သူယုံကြည်အားထားရမည့် ဘတ်စ်ကားလိုင်းသစ် စတင်ပြေးဆွဲပြီ

**သတင်း၊ ဓာတ်ပုံ**
**မျိုးမင်းသိန်း(မရမ်းကုန်း)**



**ရန်ကုန် ဖေဖော်ဝါရီ ၇**

ယနေ့နံနက် ၈ နာရီက ရန်ကုန်ဘတ်စ်ကားများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် Yangon bus Public Company Limited က ဦးဆောင်သော အများပြည်သူယုံကြည်အားထားရသည့် ဘတ်စ်ကားလိုင်းသစ်စတင်ပြေးဆွဲပြီးဖြစ်ကြောင်း သိရသည်။

ယာဉ်စီးနင်းခနှုန်းမှာ ငွေကျပ် ၃၀၀ သတ်မှတ်ထားပြီး ကတ်ဖြင့်ငွေချေသည့်စနစ်ကို အသုံးပြုကာ ငွေပေးချေမှုအတွက် Integrated Smart Solutions ကုမ္ပဏီက တာဝန်ယူမည်ဖြစ်သည်။ အဆိုပါ ယာဉ်လိုင်းစနစ်အတွက် စီအင်န်ဂျီဓာတ်ငွေ့သုံး ဘတ်စ်ကားသစ်များကိုသာ အသုံးပြုသွားမည်ဖြစ်သည်။ ယာဉ်မောင်းများကိုလည်း လခပေးစနစ်ဖြင့် ခန့်အပ်ထားသည်။ ရန်ကုန်အများပိုင် အမြန်ဘတ်စ်ကားလိုင်း စနစ်အကောင်အထည်ဖော်ရန် နိုင်ငံပိုင် ထည့်ဝင်ငွေကျပ် ၁၀ ဘီလီယံနှင့် ပုဂ္ဂလိက ထည့်ဝင်ငွေကျပ် ၁၅ ဘီလီယံအဖြစ် အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းခဲ့ပြီး ကုမ္ပဏီရှယ်ယာများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက စတင်ရောင်းချခဲ့ရာ လက်ရှိအချိန်ထိ ငွေကျပ် ၁ ဒသမ ၆၈ ဘီလီယံတန်ဖိုးရှိ ရှယ်ယာများကို လူဦးရေ ၇၀၀ ကျော်သို့ ရောင်းချပြီးဖြစ်ကြောင်း သက်ဆိုင်ရာကုမ္ပဏီမှ သိရသည်။

BRT Lite ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌဒေါက်တာ ဦးမောင်အောင်က ပြောကြားရာတွင် "အများပြည်သူတွေ ယုံကြည်အားထားရသော ဘတ်စ်ကားလိုင်း စနစ်သစ်ကို ဝန်ဆောင်မှုအပြည့်အဝပေး ဖော်ဆောင်တာဖြစ်ပါတယ်။ ယာဉ်မောင်းတစ်ဦးသာပါတဲ့အတွက် ကားတစ်စီးချင်းစီမှာ CCTV ကင်မရာတွေ တပ်ဆင်ပေးထားပါတယ်။ ကားရဲ့ ညာဘက်မှာ အတက်တစ်ပေါက်၊ အဆင်းတစ်ပေါက်ရှိတယ်။ ကတ်နဲ့ ငွေချေစနစ်ရှိလို့ အတက်ပေါက်က ဆင်းမရပါဘူး။ ကတ်တစ်ခုကို ငွေကျပ် ၁၀၀၀၊ ၂၀၀၀ ၊ ၃၀၀၀ နဲ့ ရောင်းချပေးထားပြီး စမ်းသပ်ကာလဖြစ်လို့ ကတ်ရေတစ်သောင်း ထုတ်ထားပါတယ်။ တဖြည်းဖြည်း ခရီးသွားပြည်သူတွေနားလည်လွယ်လာရင် မုချအောင်မြင်မှုရမယ်လို့ ယုံကြည်ပါတယ်။ ဒီစနစ်က နိုင်ငံတကာမှာလည်း သုံးတဲ့စနစ်ပါ"ဟု ပြောသည်။

BRT Lite ဂိတ်မှူး ဦးဆယ်တင်က ပြောကြားရာတွင် "ပထမဆုံး ဘတ်စ်ကား ၁၈ စီးနဲ့လမ်းကြောင်း(၁) ပြေးဆွဲမှာပါ။ ထောက်ကြန့်လှော်ကားလမ်းခွဲဂိတ်ဟောင်း မှတ်တိုင်အနီး BRT လိုင်းဂိတ်သစ်က နံနက် ၆ နာရီဂိတ်ထိုးထွက်ခွာပြီး ထောက်ကြန့်အမှတ်(၁)လမ်းမကြီးက ပြည်လမ်း ဗိုလ်ချုပ်အောင်ဆန်းလမ်းကို ဖြတ်၍ ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်းသို့မောင်းလာပြီး ဂိတ်ရင်းကိုပြန်ဝင်ရမှာဖြစ်တယ်။ လမ်းကြောင်း(၂)က ထောက်ကြန့်၊ ပြည်လမ်း၊ ရှစ်မိုင်လမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၅၄ လမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ ကမ်းနားလမ်း၊ ဘုန်းကြီးလမ်း၊ ပြည်လမ်းအတိုင်း ပြန်ဝင်လာရမယ်။ ၁၀ မိနစ်ခြားတစ်စီး လွှတ်ပေးတယ်။ ရုံးတက်ချိန်နဲ့ ရုံးဆင်းချိန်အခြေအနေကြည့်ပြီး လွှတ်ပေးဖို့မှာထားပါတယ်။ ကားတစ်စီးကို တစ်နေ့သုံးကြောင်း၊ ယာဉ်မောင်းကတစ်နေ့ ရှစ်နာရီပဲ မောင်းရမယ်။ တစ်ပတ်မှာ တစ်ရက်နားခွင့်ရတယ်။ စမ်းသပ်ကာလဖြစ်လို့ ယာဉ်ပေါ်မှာ i pay ကတ်ရောင်းချသူဝန်ထမ်းပါတယ်" ဟု ပြောသည်။



**BRT Lite ဂိတ်မှူး ဦးဆယ်တင်**



**ခရီးသွားပြည်သူတစ်ဦး**

ထို့နောက် ခရီးသွားပြည်သူတစ်ဦးကပြောရာမှာ "ကျွန်တော်လည်း တစ်ထောင်ကျပ်တန်ကတ်ဝယ်ပြီးစီးတာပါ။ ခက်ခက်ခဲခဲမရှိပါဘူး။ ကျွန်တော်က ကုမ္ပဏီဝန်ထမ်းဖြစ်လို့ အလုပ်ကို အမြန်ရောက်ချင်တယ်။ ဒီကနေ အရင်လို အငှားယာဉ်စီးလျှင် ငွေကျပ် ၈၀၀၀ ကနေ ၉၀၀၀ ပေးရတယ်။ လိုင်းကားစီးရင် မြို့ထဲကို နှစ်နာရီလောက်ကြာတယ်။ အခုတော့ ချောင်ချောင်ချိချိနဲ့ စိတ်ချမ်းသာတယ်ဗျာ။ ကျွန်တော်မစီးဖြစ်တော့လည်း အိမ်က ဇနီးသမီးကိုပေးလိုက်ရင် အလွယ်တကူစီးရမှာပါ အမြဲရှိရင်တော့ကောင်းပါတယ်" ဟု ပြောသည်။



# ပုသိမ် ဝေနန်မြစ်ကူးတံတားကြီး အရေးပေါ်လုပ်ငန်းများ ပြုပြင်ဆောင်ရွက်



**ပုသိမ် ဖေဖော်ဝါရီ ၇**

ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီခန့်တွင် ဧရာဝတီတိုင်းဒေသကြီး၏ အနောက်ဘက် တံတားတစ်ခုသဖွယ်ဖြစ်သော ပုသိမ် ငဝန်မြစ်ကူးတံတားကြီး၏ အနောက်ဘက် ပင်မတံတားထိပ်နှင့် ချဉ်းကပ်တံတားနှစ်ခုကြား၌ နိမ့်ကျသွားခြင်းကြောင့် ပုသိမ်ခရိုင် လမ်းတံတားဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ တံတားပေါ်၌ နေ့စဉ် ပျားပန်းခပ်မျှ သွားလာနေကြသော ခရီးသွားမော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစေရန် ပုသိမ်မြို့နယ်ရဲတပ်ဖွဲ့မှ စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ **(ဓာတ်ပုံ)**

အဆိုပါတံတားကြီးကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။ တံတားကြီး၏ အရှည်ပေ ၂၁၄၀ ခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၆၀× ၁၂ ခန်းနှင့် ပေ ၆၀×၉ ခန်းဖြင့် ဖွဲ့စည်းထားသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း လေးပေ (နှစ်ဖက် ရှစ်ပေ)၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေပေ ၆၅၀၊ အမြင့် ၃၃ ပေရှိသည်။ တံတားအမျိုးအစား အပေါ်သံပေါင်ကြိုးတံတား၊ သံကူကွန်ကရစ်အောက်ထည်၊ သံကူကွန်ကရစ်အုတ်မြစ် ၁ ဒသမ ၂၀ မီတာ၊ ၁ ဒသမ ၅၀ မီတာနှင့် ၁ ဒသမ ၆၇၀ မီတာ၊ သံကူကွန်ကရစ်တူးပိုင်၊ နှစ်လမ်းသွား၊ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၇၅ တန် ဖြစ်ကြောင်း သိရသည်။ ယခုအခါ ပုသိမ် ငဝန်မြစ်ကူးတံတားကြီးကို အချိန်မီပြီးစီးအောင် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# သာဓုပါ သူငယ်ချင်း

ခင်မာလွင်(ပညာရေး)

**သူငယ်ချင်းရေ…**

မင်းရဲ့ "သူငယ်တန်းသင်ရိုးသစ်" ဆိုတဲ့ပညာရေးဆောင်းပါးလေးကို ကိုယ်ဖတ်လိုက်ရတော့ စာမရေးဘဲမနေနိုင်ဖြစ်သွားတယ်။ အခု တော်တော်များများမှာ C.C.A ကိုပြောကြတယ်။ Child Centred Approach ပေ့ါနော်။ ကလေးဗဟိုပြုပေ့ါ။ ဟိုတလောက ကိုယ် ပဋိစ္စသမုပ္ပါဒ်သင်တန်းတစ်ခုသွားတက်တာတောင်မှ C.C.A နဲ့ မလွတ်ဘူး။ အော်. . . ပညာရေးဝေါဟာရ သံသရာက လွတ်မထွက်ပါလားလို့ ပေ့ါ။ C.C.A ကိုတောင်ကိုယ်က Child အစား Learner လို့ ပြောင်းချင်တယ်။ Child ဆိုတာ ဘောင်ကျဉ်းသွားပြီ။ Learner ဆိုရင်တော့ မူလတန်းမှာသာမက တက္ကသိုလ်အထိပါ အကျုံးဝင်သွားမယ်လို့ယူဆတယ်။

သူငယ်တန်းသင်ရိုးသစ်မှာ မြန်မာ့ဗျည်းအက္ခရာထဲက သိပ်အသုံးမဝင်သေးတဲ့၊ ကလေးတွေအဖို့ အရေးခက်မယ့် စာလုံးတွေချန်ထားပြီး ပထမတန်းရောက်မှ သင်မယ့်ကိစ္စနဲ့ပတ်သက်လို့ ကာတွန်းတွေဆွဲကြ၊ ထောက်ပြကြနဲ့ အတော်လှုပ်လှုပ်ရှားရှားဖြစ်နေကြတာ သတိထားမိတယ်။ နောက်ပြီး စာအရေးနဲ့ပတ်သက်လို့ သင်ရိုးလျှော့ထားပြီး စာထက်ပညာတတ်အောင် သင်ပေးမယ်ဆိုတာ သိရလို့ ဝမ်းသာတယ်။

ဗျည်းအက္ခရာကတော့ အကုန်လုံးကို သင်ပုန်းကြီးအတိုင်း ဖော်ပြပြီး ခက်တဲ့ဗျည်းတွေကို အသံထွက်ရွတ်တတ်အောင်သာသင်၊ အရေးကို သူငယ်တန်းမှာ မသင်ဘဲ ပထမတန်းရောက်မှ သင်ရင်ကော မရဘူးလား။ ကိုယ်စဉ်းစားမိတာပါ။ ဟိုးသင်ရိုးဟောင်းမှာထဲက မရေးခိုင်းဘဲ ရွတ်ဆိုရန် သက်သက်ကဗျာတွေပါတယ်။ အဲဒါတွေကို မရွတ်ခိုင်းဘဲ ကူးရေးခိုင်းတဲ့ဆရာတွေ ရှိခဲ့တယ်။ "ကျွန်တော့်အကြောင်း" ဆိုရင် အတန်းသားအားလုံးအမည်က မောင်ဘ၊ အမေအားလုံးက ဒေါ်မြ၊ အဖေအားလုံးက ဦးလှ ဖြစ်ကုန်တယ်။ ဘာကြောင့် ကိုယ့်နာမည်၊ ကိုယ့်အဖေအမေနာမည်တွေ မရေးခိုင်းရတာလဲ။ (ဆရာ၊ ဆရာမတွေ စာစစ်ပေးရမှာ ပျင်းတာလည်းပါမယ်ထင်တယ်)။ အခု သူငယ်ချင်းတို့နည်းတွေနဲ့ ကလေးတွေ ပုံတွေနားထောင်၊ ကဗျာတွေရွတ်၊ သီချင်းတွေဆို၊ အရုပ်တွေရေး၊ ဆေးရောင်ခြယ်နဲ့ ပျော်ပျော်ရွှင်ရွှင် စာသင်ရရင် ကိုယ်တောင် သူငယ်တန်းပြန်တက်ချင်စိတ်ပေါက်လာပြီ။ သချ်ာဆိုရင်လည်း ကလေးတွေ အရုပ်ကလေးတွေ ရေတွက်ရင်း၊ ကစားရင်း၊ အပေးအယူ အချင်အတွယ်လုပ်ရင်း တက်လာမှာကို မြင်ယောင်ပြီး ကလေးတွေအစား ပျော်နေမိတယ်။

ကလေးတွေ ပတ်ဝန်းကျင်ကို လေ့လာတတ်အောင် အရွက်တွေ၊ အပင်တွေ၊ အသီးအပွင့်၊ အကောင်ပလောင်လေးတွေ၊ ငှက်ကလေးတွေကို ကြည့်တတ်၊ လေ့လာတတ်အောင်၊ ထိန်းသိမ်းချင်စိတ်လေးတွေ ရှိလာအောင် သင်ပေးနိုင်ရင်တော့ သူတို့ကြီးလာတဲ့အချိန်မှာ နောင် မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ ဘယ်လောက်လှပလာလိမ့်မလဲ။ အခန်းထောင့်လေးမှာ Living Corner လေးတစ်ခု လုပ်ပေးထားပြီး အလေးချိန်ခွင်၊ သံလိုက်တုံးလေးတွေ၊ world of science လိုဟာမျိုး ကိုယ်တို့ဆီမှာ အရင်ကထွက်ဖူးတယ်။ "သုတရတနာသိုက်" လိုစာအုပ်မျိုးတွေ (စုတ်ရင်စုတ်သွားပါစေ) စာရွက်လေးတွေ၊ ဆေးရောင်စုံတွေ၊ ရောင်စုံရွှံ့တုံးတွေ၊ အန္တရာယ်မဖြစ်မယ့် လက်ကိုမထိမရှတဲ့ ကတ်ကြေးတွေ၊ အိုးခွက်ပန်းကန်ဇွန်းခက်ရင်းတွေ၊ (ဟင်းချက်တန်းကစားပေ့ါ)၊ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ တကယ့်အစစ်နဲ့တူတဲ့ အသီးအနှံတွေ၊ လက်တံလှည့်လို့ရတဲ့ နာရီတွေ၊ board ပြားမှာကပ်လို့ရတဲ့ သံလိုက်ပါတဲ့ ဂဏန်းစာလုံးတွေ ချထားလို့ ကလေးတွေကို များများထိတွေ့ခွင့်ပေးလေ သူတို့ပါဝင်ရလို့ ပိုစိတ်ဝင်စားလေပေ့ါ။

**ကလေးတွေ ပတ်ဝန်းကျင်ကို လေ့လာတတ်အောင် အရွက်တွေ၊ အပင်တွေ၊ အသီးအပွင့်၊ အကောင်ပလောင်လေးတွေ၊ ငှက်ကလေးတွေကို ကြည့်တတ်၊ လေ့လာတတ်အောင်၊ ထိန်းသိမ်းချင် စိတ်လေးတွေ ရှိလာအောင် သင်ပေးနိုင်ရင်တော့ သူတို့ကြီးလာတဲ့အချိန်မှာ နောင်မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ ဘယ်လောက်လှပလာလိမ့်မလဲ။**

သူငယ်ချင်းက လုပ်သက်(၃၇) နှစ်မှာ ပင်စင်ယူတယ်လို့ပြောတော့ ကိုယ်အလုပ်က ထွက်ခဲ့တာတောင် (၁၈) နှစ်ရှိပါပေ့ါလို့ တွေးမိတယ်။ ၁၉၉၈ ခု ကိုယ် ကထိကဘဝ (လုပ်သက် နှစ်ဆယ်ပြည့်ခါနီးမှာ) လစာ ၁၈၅၀ (ကျောင်းကားခက ၂၀၀၀) ကလေးနှစ်ယောက်နဲ့ ဘယ်လိုမှ မစားလောက်လို့ အလုပ်က ထွက်ပြီးတဲ့အချိန်မှာ အဖေ့အလုပ်ကို ဝိုင်းကူရင်းနဲ့ စာသင်ချင်စိတ်က မဖျောက်နိုင်လို့ ကိုယ်တို့ရပ်ကွက်ထဲက ကလေးတွေကို စာသင်ပေးဖူးတယ်။ ဘစ်ရှော့ဟုမ်း၊ လသာ(၁)၊ လသာ(၂)၊ ဒဂုံ(၁)၊ ဒဂုံ(၂)၊ ကိုယ်တို့ တီတီစီ အတန်းကလည်း ဒုတိယတန်းကနေ အဋ္ဌမတန်းအထိ မိန်းကလေး၊ ယောက်ျားလေးအစုံ၊ ရှမ်း၊ ချင်း၊ ကချင် တိုင်းရင်းသားစုံတယ်။ ဗမာကလေး နှစ်ယောက်ပဲပါတယ်။ ဘာသာစကားအခက်အခဲကြောင့် (၆)ဘာသာမှာ (၄)ဘာသာကျတဲ့ ကလေးတွေပါတယ်။ ကိုယ့်အိမ်ကအခန်းမှာ ဇလုံ၊ ဖန်ခွက်၊ သဲ၊ ရွှံ့၊ ကြေးစည်၊ ငွေအကြွေစေ့တွေ၊ မျက်မှန်ကချွတ်ထားတဲ့မှန်ခုံးမှန်ခွက်တွေ၊ သံလိုက်တုံးနဲ့ သံမှုန့်တွေ၊ နာရီပျက်နဲ့ခရုအစုံ၊ အသံညှိခက်ရင်းခွ၊ ရွက်ကျပင်၊ ရှားစောင်းလက်ပပ်၊ ထိကရုံးပင်တွေ ရှုပ်ပွနေတယ်။ သာမိုမီတာလည်းရှိတယ်။ (၇)တန်း၊ (၈)တန်းမှာ သာမိုမီတာအကြောင်းသင်ရင် ကျန်တဲ့ကလေးတွေလည်း အပူချိန်တိုင်းကြရတယ်။ ဘယ်လိုတိုင်းရသလဲ ပြပေးတယ်။ မောင်နှမတွေလာတတ်တာမို့ တစ်စုကို တစ်ချောင်းလက်ဆောင်ပေးလိုက်တယ်။ လူတိုင်း ကိုယ်အပူချိန်တိုင်းတတ်သွားတယ်။ ငယ်တဲ့သူတွေကိုတော့ ကျကျိုးတတ်လို့ သူတို့ကိုတော့ လျှာအောက်မှာ၊ ချိုင်းကြားမှာ ဘယ်လိုထားရတယ်ဆိုတာပြတယ်။ ခါရင်းနဲ့ကျိုးသွားတော့လည်း အထဲက ပြဒါးတွေထွက်လာတာပြရတာပေ့ါ(အရင်းက မများပါဘူး)။

မြန်မာစာမှာ"မင်းသားနဲ့တမာရွက်ဥပမာ" သင်တယ်ဆိုပါတော့။ တမာရွက်ကို မသိကြဘူး။ စားလည်း မစားဖူးဘူး။ အိမ်ရှေ့ခြံထဲက သွားခူးခိုင်းပြီး သင်ရမယ့်သူရော၊ မသင်ရသူကိုပါ ရေဆေးပြီး တစ်ယောက်တစ်ရွက် ဝါးခိုင်းလိုက်တယ်။

တမာရွက်ဆိုတဲ့ပုံပန်းသဏ္ဍာန်ရော၊ အရသာကိုပါ အားလုံးသိသွားကြတယ်။ အဲဒီလိုနည်းနဲ့ ကလေးတွေကိုသင်တာ လေးဘာသာကျကနေ နှစ်ဘာသာကျ၊ နှစ်ဘာသာကျရာကနေ ဘာသာစုံအောင်၊ အဲဒီကနေ အဆင့် ၄၀ ကျော်ရတဲ့ကလေးက အဆင့်(၅)ကနေ (၁၀)ထဲကို ဝင်သွားတယ်။

သူငယ်ချင်းတို့ အောင်မြင်မှာပါ။ ငယ်တဲ့အချိန် သူငယ်တန်းကလေးတွေကို ကိုယ်ကနည်းနည်းပြောပြီး သူတို့ကို များများလုပ်ခိုင်း၊ ပါဝင်ခိုင်းမယ့် နည်းတွေမို့ အကောင်အထည်ဖော်မယ့် ဆရာက အခရာဖြစ်တယ်။ မြို့ကြီးတွေမှာကတော့ အဆင်ပြေပေမယ့် ဝေးလံခေါင်ဖျား နေရာတွေမှာတော့ ကိုယ့်နယ်နဲ့ ဟပ်မိမယ့်ပုံစံမျိုး ထိုးထွင်းပြီး သင်ပေးရမယ်ထင်တယ်။ နောက် တစ်ကိုယ်ရေသန့်ရှင်းရေး (ခြေ၊ လက်၊ မျက်နှာ ဆေးကြောတာ၊ သွားတိုက်တာ၊ အိမ်သာသုံးတာ) လျှပ်စစ်နဲ့ပတ်သက်တဲ့ အန္တရာယ်၊ မေးခိုင်ပိုးအန္တရာယ်၊ မီးဘေးအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မုန်တိုင်းအန္တရာယ်၊ ငလျင်အန္တရာယ်တွေကိုလည်း ကလေးနဲ့တန်တဲ့ အတိုင်းအတာအထိ ပေးသိထားရလိမ့်မယ်ထင်တယ်။ (ဟိုးတစ်လောတုန်းက ကလေးတစ်ယောက်အားသွင်းထားတဲ့ကစားစရာကားကို သွားဖြုတ်ယူရင်း ဓာတ်လိုက်သေတဲ့ သတင်းဖတ်ရတော့ စိတ်မကောင်းဘူး။)

ကိုယ်တို့ကလေးတွေက ဉာဏ်မထိုင်းကြဘူး။ ဉာဏ်ဖွင့်ပေးရင် အစွမ်းကုန် ပွင့်လန်းလာမှာသေချာတယ်။ မူလတန်းအောက်ဆင့်၊ မူလတန်းအထက်ဆင့်တွေမှာ အခြေခိုင်သွားရင် Foundation ကောင်းသွားပြီဖြစ်လို့ အပေါ်အတန်းတွေ တစ်တန်းပြီးတစ်တန်း၊ တစ်ဆင့်ပြီးတစ်ဆင့် ကောင်းကောင်းတက်သွားနိုင်မှာ အသေအချာပေ့ါ။ ကိုယ်သင်တဲ့ကလေးတွေထဲမှာ တစ်ယောက်က အပြင်ဗဟုသုတ အလွန်ကောင်းပြီး စာမှာအောက်ခြေမခိုင်ခဲ့လို့ မိဘတွေနဲ့ညှိပြီး စတုတ္ထတန်းကို တစ်နှစ်ပြန်ထိုင်ခိုင်းပြီးမှ ဖြေခိုင်းရတယ်။ (တစ်နှစ် ပြန်ထိုင်တာနဲ့စာမေးပွဲကျတာ မတူဘူးနော်)။ အခုတော့ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ပြီး ချင်းတွင်းကောလိပ်မှာ အင်ဂျင်နီယာဘာသာရပ်ကို ယူနေပြီ။

သင်ရိုးလည်း ပြောင်းပါ။ သင်နည်းလည်း ပြောင်းပါ။ ဆရာတွေရဲ့ ခံယူချက်တွေလည်း ပြောင်းပြီး (နည်းနည်းလေး အားထည့်လိုက်ပါ) မိဘဆရာပူးပေါင်းလိုက်ရင် ကလေးတွေရဲ့ပညာရေး အလွန်ကောင်းလာမှာ အသေအချာပါ။ သူငယ်ချင်းတို့ အခုကာလ သင်ရိုးသစ်အပြောင်းမှာ နေ့မနား ညမနား devote လုပ်ထားရတာတွေဟာ အနာဂတ် အသီးအပွင့်တွေ ဝွါးဝွါးစွင့်စွင့်ပွင့်လာရင် အမောပြေသွားမှာ အသေအချာပါ။ ပြောင်းလဲချိန်တန်တဲ့ အချိန်မှာ အံဝင်ခွင်ကျပြောင်းလဲလာတဲ့ သင်ရိုးသစ်တွေကို သာဓုခေါ်ရင်းကြိုဆိုလျက်-

**မင်းရဲ့သူငယ်ချင်း- ခင်မာလွင်**

## ရူပဗေဒဘာသာရပ် အာစရိယပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တက္ကသိုလ် ရူပဗေဒဘာသာရပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က သိပ္ပံ/ဝိဇ္ဇာအားကစားခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူဟောင်း ၂၀၀၀ ကျော် တက်ရောက်ပူဇော်ကန်တော့ခဲ့ကြသည်။ ပူဇော်ပွဲတွင် အသက် (၆၅)နှစ်အထက် ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် ပညာသင်ကြားခဲ့သော သက်ကြီး ဆရာကြီး ဆရာမကြီး ၁၃၀ ကျော် တက်ရောက် အပူဇော်ခံခဲ့ကြပြီး ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလက်ခံလျက်ရှိ တိုက်ရိုက်လှူဒါန်းလိုသူများအတွက်လည်း စီစဉ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မီးလောင်မှုဖြစ်ပွားခဲ့သည့်ဒေသများမှ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းမှုကို လက်ခံလျက်ရှိပြီး တိုက်ရိုက်သွားရောက် လှူဒါန်းလိုသူများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ လှူဒါန်းမှုလွယ်ကူစေရန် ဆောင်ရွက်ပေးနေကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကြည်သာက ပြောသည်။

"ငွေသားနဲ့ပစ္စည်းတွေ လာရောက်လှူဒါန်းတဲ့ အလှူရှင်တွေရှိသလို တချို့အလှူရှင်တွေကြတော့ တိုက်ရိုက်သွားရောက် လှူဒါန်းချင်တဲ့သူတွေရှိတယ်။သူတို့အတွက်ကိုလည်း မီးဘေးသင့်ဒေသတွေမှာ ကျွန်တော်တို့ ဌာနနဲ့အတူ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တွေက ကွပ်ကဲမှုရုံးတွေဖွင့်လှစ်ပြီး ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ကိုယ်တိုင်သွားရောက်လှူဒါန်းချင်တဲ့သူတွေအတွက်ကိုတော့ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာဒေသအလိုက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး အလှူရှင်တွေ သွားရောက်လှူဒါန်းမှု အဆင်ပြေလွယ်ကူအောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ဦးကြည်သာက ဆိုသည်။

မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းလိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဖွင့်လှစ်ထားသော ဦးစီးမှူးရုံးတို့တွင်လည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**



## ငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၇**

ပျော်ဘွယ်မြို့နယ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက ပျော်ဘွယ်မြို့ ရွှေပြည်သာဘုရားကွင်းတွင် ကျင်းပရာ မြို့ပေါ်ရပ်ကွက်ကိုးရပ်ကွက်မှ ပြည်သူများ၊ ကျေးရွာများမှ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၁၀၀၀ ကျော်ခန့်က ရွှေပြည်သာဘုရားကွင်းသို့ ချီတက်ကြသည်။

ဆက်လက်၍ မြို့နယ်အမျိုးသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဝင် ဦးမျိုးမြင့်နိုင်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုတင်သွင်းခဲ့ရာ မြို့နယ်အမျိုးသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဝင် ဒေါ်နော်ယဉ်ဝင်းထိုက်က ထောက်ခံဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ရှမ်းပြည်နယ်နေ့ သီပေါမြို့၌ ကျင်းပ



**သီပေါ ဖေဖော်ဝါရီ ၇**

(၆၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီရုံးကွင်းပြင်၌ကျင်းပရာ မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာများမှ တိုင်းရင်းသားပြည်သူ ၅၀၀၀ ခန့်က အိုးစည်ဗုံမောင်းများ တီးခတ်ကာ ဘင်ခရာတပ်ဖွဲ့နှင့်အတူ စစ်ကြောင်းအလိုက် ချီတက်ကြသည်။ **(ယာပုံ)**

အစီအစဉ်အရ သဘာပတိ ရှမ်းအမျိုးသား ဦးစိုင်းစံတင့်က အမှာစကားပြောကြားပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်ကလည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လဝကဦးစီးမှူး ဦးစိုင်းထွန်းအေးက လည်းကောင်း ဖတ်ကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံနှင့် သမိုင်းကြောင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်စင်၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးကောင်တိုင်းနှင့် ဦးစိုင်းသန်းအောင်တို့က ရှင်းလင်း ဟောပြောကြပြီး ရှမ်းပြည်နယ်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရှမ်းပြည်နယ်နေ့အခမ်းအနား ရန်ကုန်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် အိုးစည်တိုးနရားကိန္နရီအကများဖြင့် ဖျော်ဖြေကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံနှင့် ရှမ်းပြည်နယ်အလံတို့ကို အလေးပြုကြသည်။ ထို့နောက် (၆၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့ (ရန်ကုန်) ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်စဝ်သီတာထွေးက အမှာစကားပြောကြားကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးစိုင်းအောင်မြင့်ခိုင်က ဖတ်ကြားသည်။

ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရန် စတင်သန္ဓေတည်ခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်နေ့ကို သတိတရရှိစေရန် ရှမ်းပြည်နယ်တွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်ရန်နှင့် နောင်မျိုးဆက်သစ်လူငယ်များအား ရိုးရာယဉ်ကျေးမှုများကို လက်ဆင့်ကမ်းရန်အတွက် ရှမ်းပြည်နယ်နေ့ ကျင်းပရေးကော်မတီ (ရန်ကုန်)မှ ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရှမ်းပြည်နယ်နေ့ဆိုတာ ရှမ်းတစ်မျိုးတည်းကို ကိုယ်စားပြုတာ မဟုတ်ဘူး။ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြတဲ့တိုင်းရင်းသားအသီးသီးကို ကိုယ်စားပြုတာ"ဟု ရှမ်းပြည်နယ်နေ့ ကျင်းပရေးကော်မတီ (ရန်ကုန်) အတွင်းရေးမှူးက ပြောသည်။

ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး တောင်ကြီး၊ လားရှိုး၊ သီပေါ စသည့် အသင်းအဖွဲ့များကလည်း ရိုးရာအစားအစာများ၊ ရိုးရာအဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်**

**ဓာတ်ပုံ-နေလင်း**



# ရှမ်းပြည်နယ်နေ့ အမြို့မြို့အနယ်နယ်၌ ကျင်းပ

**ကျိုင်းတုံ**

(၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သောသဝဏ်လွှာကို ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှပေးပို့သော သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးက ဖတ်ကြားသည်။ ယင်းနောက် မြို့မိမြို့ဖ ဦးစိုင်းဆမ်တစ်က ရှမ်းပြည်နယ်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

**တာချီလိတ်**

(၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှ ပေးပို့သောသဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ဖတ်ကြားသည်။

**ဝေယံလင်း(ပြန်/ဆက်)**

**ဟိုပန်**

(၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဟိုပန်မြို့ ဝဏ္ဏကျော် ထင်စဝ်ခွန်ဆမ်ခန်းမ၌ ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုင်းလှဖေကလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှပေးပို့သော သဝဏ်လွှာကို တိုင်းဦးစီးအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်ကလည်းကောင်း ဖတ်ကြားသည်။

**(ခရိုင် ပြန်/ဆက်)**

**ပင်းတယ**

ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်က အထက (၁) ကျောင်းခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော် သမ္မတထံမှပေးပို့သော သဝဏ်လွှာကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးကိုကိုအောင်က ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစည်က ဖတ်ကြားသည်။ **မိုးထွေး(ပင်းတယ)**

# ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းပိုင်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးလက်ဒေသလမ်းပိုင်းဖြစ်သည့် မအူပင်မြို့နယ် သုံးခွကျွန်းတာပေါင်ပတ်လမ်း ကျောင်းရွာ- ပန်းတောလမ်းပိုင်း ကွန်ကရစ်လမ်းသစ်ကို ဖေဖော်ဝါရီ ၆ရက်နံနက် ၉ နာရီက ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

အဆိုပါလမ်းပိုင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် အုပ်စိုးကျော်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်း ၁၇ လမ်း၊ ကျေးလက်တံတားသုံးစင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၄၉ ခု၊ ကျေးလက်မီးလင်းရေး ၁၃ ရွာ၊ ကျေးလက်ငါးခန်းတွဲ အိမ်သာ ခြောက်လုံးတို့ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကျောင်းရွာ-ပန်းတော လမ်းပိုင်းဖွင့်ပွဲသို့ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်နှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မင်းခေတ်**



## ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၃၉)ခုမြောက် ဟုမ္မလင်းဘဏ်ခွဲဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၃၉) ခုမြောက်ဘဏ်ခွဲဖြစ်သော ဟုမ္မလင်းဘဏ်ခွဲကို ဟုမ္မလင်းမြို့၌ မကြာမီဖွင့်လှစ်သွားမည်ဖြစ်သည်။

ဟုမ္မလင်းမြို့၌ အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ခြင်းဖြင့် ဟုမ္မလင်းမြို့ပေါ်နှင့် မြို့နယ်အတွင်းနေထိုင်သူ တိုင်းရင်းသားပြည်သူများအားလုံး ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စအဝဝအား ဟုမ္မလင်းဘဏ်ကို ဗဟိုပြုကာ မြန်မာပြည်အနှံ့အပြားသို့ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **ထွန်းထွန်း**

* ရှေ့မှ

ရူပဗေဒတက္ကသိုလ် ကျောင်းသားဟောင်းတစ်ဦးဖြစ်ခဲ့သူ ဦးဦးခင်မောင်က ပြောသည်။

၁၉၆၄ ခုနှစ် ရူပဗေဒအထူးပြုဘာသာရပ်ဖြင့် ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်ခဲ့သည့် အဆောင်နေကျောင်းသားဘဝကို ပြန်လည်တမ်းတကာ ပြောဆိုနေခြင်းဖြစ်၏။

“ ၁၉၆၄ ခုနှစ်တုန်းက ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ပေါ့။ အဲ့ဒီတုန်းက ဒဂုံဆောင်မှာ နေခဲ့တာ။ အင်းလျားကန်ပေါင်ပေါ်မှာဆိုရင် ဘူးသီးကြော်ဆိုင်လေးတွေရှိတယ်။ သစ်ပင်၊ ချုံလေးတွေနဲ့ သဘာဝအတိုင်းပေါ့။ ဂေါ်ဖီထုပ်၊ နံနံပင်နဲ့ အချဉ်တစ်ခွက်၊ အဲ့ဒီလို တစ်ပွဲမှ တစ်မတ်ရယ်၊ နောက်မှ ငါးမူးဖြစ်သွားတာ။ ခုံတန်းလေးတွေကလည်း ခနော်နီခနော်နဲ့ပေါ့။ သူငယ်ချင်းတွေ ရေနွေးကြမ်းလေး တစ်အိုးနဲ့ အကြော်ထိုင်စားခဲ့တာ အခုထိသတိရမိတယ်”ဟု ဦးဦးခင်မောင်က အတိတ်က တက္ကသိုလ်၏ ပုံရိပ်ကို ပြန်ဖော်ထုတ်ပြောပြနေသည်။

အရှေ့တောင် အာရှတွင် တစ်ခေတ်တစ်ခါက ဂုဏ်သတင်းမွှေးပျံ့ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက်၌ တည်ရှိပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်အဖြစ်လည်းကောင်း၊ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အဖြစ်လည်းကောင်း၊ ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင်ရန်ကုန်တက္ကသိုလ်အဖြစ် လည်းကောင်း သမိုင်းအစဉ်အဆက် ဖြတ်သန်းခဲ့ပြီးပင်ဖြစ်သည်။

ခေတ်စနစ်၏ ပြောင်းလဲမှုနှင့်အတူ အဟောင်းတို့နေရာတွင် အသစ်တို့ အစားထိုးဝင်ရောက်လာခဲ့ပြီးဖြစ်သလို တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အပန်းဖြေရာ၊ စုဝေးရာ နေရာတစ်ခုဖြစ်ခဲ့သည့် အင်းလျားကန်ပေါင်ရှိ အကြော်တဲလေးများနေရာ၌လည်း စားသောက်ဆိုင်ကြီးများ၊ ဈေးဆိုင်ခန်းများနှင့် အဆောက်အအုံများက အစီအရီ ဝင်ရောက်နေရာယူခဲ့ကြသည်။ ကျောင်းသား ကျောင်းသူများ ခြေရာချင်းထပ်ခဲ့သော နေရာများသည် စုံတွဲများ၊ သောက်စားပျော်ပါးသူများ၏ အပန်းဖြေရာ နေရာတစ်ခုအဖြစ် ပြောင်းလဲသွားသည်။



ရန်ကုန်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အပန်းဖြေရာ အင်းလျားကန်ပေါင်ရှိ စားသောက်ဆိုင်တန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-နေလင်း)

ရန်ကုန်တက္ကသိုလ်အကြောင်း ပြောလျှင် မပါမဖြစ် ဖြစ်သည့် ဦးချစ်ဆိုင်တည်ရှိခဲ့သည့် ဒဂုံဆောင်နှင့် ရာမညဆောင်ထောင့်နား ပြည်လမ်းမအနီး လက်ဖက်ရည်ဆိုင်နှင့် ဈေးဆိုင်တန်းများနေရာတွင်လည်း မြန်မာ-ကိုရီးယားစင်တာ အဆောက်အအုံက ထည်ထည်ဝါဝါဖြင့် အစားထိုးဝင်ရောက်လာခဲ့ပြီဖြစ်သည်။ အလားတူ ရန်ကုန်တက္ကသိုလ်အတွင်းရှိ တစ်ချိန်က ဆိုင်လေးများနေရာတွင်လည်း ဆိုင်အသစ်များက နေရာယူလာကြပြီပင်ဖြစ်သည်။

တစ်ခေတ်တစ်ခါက ရန်ကုန်တက္ကသိုလ်၌ ရေပန်းစားခဲ့သည့် ဦးချစ် လက်ဖက်ရည်ဆိုင်သည် ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ စာပေအနုပညာကိစ္စများအတွက် တွေ့ဆုံပြောဆိုငြင်းခုံရာနေရာလေး တစ်ခုဖြစ်ခဲ့ပြီး ဖိုးချိုမုန့်ဟင်းခါး၊ ယမ်းဘီလူးဖျော်ရည်တို့သည်လည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ နှုတ်ဖျားတွင် ရေပန်းစားခဲ့ပြီး ယနေ့တိုင် သတိတရရှိနေခဲ့ကြရသည့် တစ်ချိန်က တက္ကသိုလ်ကျောင်းသား ကျောင်းသူတို့အတွက် ဂန္ထဝင်နေရာများပင်ဖြစ်ပါသည်။

“Canteen ကတော့ Science နဲ့ Arts မှာရှိတယ်။ Science ဘက်မှာဆို ကိုဖိုးချို မုန့်ဟင်းခါးရှိတယ်။ Arts မှာတော့ ဖျော်ရည်ပေါ့။ ဦးယမ်းဘီလူးဆိုတာ နာမည်ကြီးပါတယ်၊ ဦးချစ်က လက်ဖက်ရည်ဆိုင်ပေါ့။ လက်ဖက်ရည်တစ်ခွက်ကို တစ်မတ်၊ စားစရာကလည်း အစုံရှိတယ်။ ဦးချစ်ရဲ့ ဆိုင်က စားပွဲထိုးတွေက ကျောင်းသား ကျောင်းသူတွေကို အတော့်ကို ဂရုစိုက်တယ်”ဟု ကျောင်းသားဟောင်း ဦးဦးခင်မောင်က သတိတရ ပြန်ပြောင်းပြောပြသည်။

“ဦးချစ်နဲ့ပတ်သက်ပြီး အမှတ်တရလေးတစ်ခုတော့ ရှိနေခဲ့တယ်။ တက္ကသိုလ်တက်နေတဲ့ လေးနှစ်အတွင်းမှာ စာမေးပွဲနီးပြီဆိုရင် ဦးချစ်ဇနီး မီးဖွားခါနီးအချိန်နဲ့ ကြုံတယ်။ အဆောင်မှူးက ဘာပြောလဲဆိုရင် ဟော့ ဦးချစ်ကတော်ကို ကြည့်၊ မွေးခါနီးပြီစာကျက်ကြတော့။ အဲ့ဒါအမှတ်အသားပဲလို့ ပြောတာ။ ဒါလေးကတော့ မှတ်မှတ်ရရကို ရှိနေခဲ့တာ”ဟု ၎င်းကဆိုသည်။

ယခုလက်ရှိတွင် ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်းရှိ လေလံဆိုင်ခန်းများကို နှစ်စဉ်နှစ်တိုင်း ကျောင်းဖွင့်ရာသီတွင် တင်ဒါခေါ်ယူပြီး ငှားရမ်းလျက်ရှိသည်။ တင်ဒါဈေးနှုန်းချင်းတူပါက လူဟောင်းကို ဦးစားပေးပြီး တင်ဒါစည်းကမ်းနှင့်အညီ ဆောင်ရွက်ထားကာ ကျောင်းသား ကျောင်းသူများ စားသုံးနိုင်မည့် ဈေးနှုန်းများဖြင့် ရောင်းချရန် ညွှန်ကြားထားပြီး အရက်သေစာ ရောင်းချခြင်းမပြုရန် ညွှန်ကြားထားကြောင်း ရန်ကုန်တက္ကသိုလ် စီမံဌာနမှ သိရသည်။



ပဲခူးဆောင်ကို ခံ့ထည်စွာ တွေ့ရစဉ်။ (ဓာတ်ပုံ-နေလင်း)

သို့သော် နှစ်ပေါင်းများစွာ တက္ကသိုလ်နှင့် ဦးချစ်ဆိုင် ခွဲခြားမရအောင်ဖြစ်ခဲ့ရာမှ ၂၀၁၅ ခုနှစ် ဧပြီလတွင် ဆိုင်ခန်းတင်ဒါ မအောင်မြင်ခဲ့သည့် ဦးချစ်၏သားဖြစ်သူ ဦးကျော်ကျော်က “ရင်ထဲမှာ ခံစားမှုက အပြည့်တော့ရှိတယ်။ ကျောင်းထဲမှာ ဆက်လုပ်ချင်သေးတယ်။ တင်ဒါမအောင်တဲ့အတွက် ဒီနှစ် ဆိုင်မဖွင့်ရလို့ ရင်ထဲတော့မကောင်းဘူး။ အဖေ့ဂုဏ်သတင်းက အခုထိရှိပါသေးတယ်။ နိုင်ငံခြားက ပြန်လာတဲ့ ကျောင်းသား ကျောင်းသူဟောင်းတွေဆိုရင်တောင် ဆိုင်လာထိုင်ကြတယ်။ ဆရာဇော်ဇော်အောင်နဲ့ စာရေးဆရာ တော်တော်များများက အဖေ့အကြောင်း ကောင်းကောင်းသိတယ်”ဟု ၎င်း၏ခံစားချက်ကို ပြောသည်။

ကျောင်း၏အမှတ်တရ ဦးချစ်ဆိုင် တင်ဒါမအောင်မြင်ခဲ့သလို ကျောင်းတွင် တချို့စားသောက်ဆိုင်ကြီးများ လာရောက်ဖွင့်လှစ်မှုမှာလည်း ကျောင်းသား ကျောင်းသူ များ၏ မုန့်ဖိုးဖြင့်မတတ်နိုင်သော ဈေးနှုန်းများဖြစ်နေပြီး အပြင်မှလာရောက် စားသောက်နေသူများအတွက် သီးသန့်ရည်ရွယ်သလို ဖြစ်နေသည်ဟု ကျောင်းသား ကျောင်းသူများက ဆိုသည်။

“အိုရီယမ်တယ် စားသောက်ဆိုင်ကို နှစ်ထပ်စားသောက်ဆိုင် ဆောက်လုပ်ခြင်းဆိုပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆိုင်ဆောက်ဖို့ အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရွေးချယ်ခဲ့တယ်။ တင်ဒါရဲ့ အောင်မြင်တဲ့ ဈေးနှုန်းက ငွေကျပ်သန်း ၂၃၀၀ ကျော်ရှိပါတယ်။ လုပ်ငန်းရှင်တော်တော်များများ ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အဲဒီမှာ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အနီးမှာ စားသောက်ဆိုင်ရှိတာ မသင့်လျော်ဘူးဆိုပြီး ဘွဲ့နှင်းသဘင်အနီး သင်ကြားရေးကိစ္စကိုပဲ အသုံးပြုမှာဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့ ပိတ်သိမ်းခိုင်းထားတာ ဖြစ်ပါတယ်။ အဲဒါ ဇန်နဝါရီ ၂၈ ရက်က အမြန်ဆုံးပိတ်သိမ်းဖို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ၂၉ ရက်မှာ ရန်ကုန်တက္ကသိုလ်ကစီမံပြီး လုံးဝပိတ်သိမ်းလိုက်ပါတယ်။ အင်းလျားလမ်းဘက်က ဆိုင်းဘုတ်အသေးလေးကိုပါ ဖြုတ်ချခဲ့တယ်။ အကုန်ပိတ်သွားပါတယ်”ဟု အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ပြောသည်။

ယခုနှစ် ပညာသင်နှစ်တွင် ပဲခူးဆောင်၌နေထိုင်သည့် မြန်မာစာအဓိက ဒုတိယနှစ်ကျောင်းသား မောင်ဇင်မင်းထွဋ်က “များသောအားဖြင့်တော့ ကျောင်းထဲက ကန်တင်းတွေမှာပဲ စားဖြစ်တယ်။ ဈေးလည်း မကြီးဘူး၊ စားစရာတွေက အနည်းဆုံး ၅၀၀ လောက်က စရောင်းတော့ စားနိုင်ပါတယ်။ အရသာကလည်း မဆိုးပါဘူး။ ဆက်ဆံရေးလည်း ကောင်းကြပါတယ်။ စိမ်းလန်းစိုပြည်ဘက်တော့ မနှစ်ကရောက်ပါတယ်။ ဒီနှစ်တော့ မရောက်သေးပါဘူး။ အစားအသောက်ကျတော့ စိမ်းလန်းစိုပြည်တို့၊ အိုရီယမ်တယ်ဟောက်စ်တို့က ဆိုင်ကြီးတွေဆိုတော့ ဈေးလည်းကြီးတယ်” ဟု ပြောသည်။

ယင်းသို့ ရန်ကုန်တက္ကသိုလ်အနီး စားသောက်ဆိုင်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အဖွဲ့ဖွဲ့ကာ စိစစ်နေသည်ဟုသိရပြီး ဘာကြောင့်ခွင့်ပြုခဲ့သည်ဆိုသည်ကို စိစစ်ခိုင်းခြင်းဖြစ်ကြောင်း သိရသည်။

“ရန်ကုန်တက္ကသိုလ်ထဲမှာ အခုဖွင့်လှစ်နေတဲ့ အခြားစားသောက်ဆိုင်တွေကို ကျွန်တော်တို့ ကျောင်းသားဘဝ ၁၉၈၈ ခုနှစ် နောက်ပိုင်းကတည်းက စဉ်ဆက်မပြတ် ဖွင့်လှစ်တာတွေ့ရတယ်။ စားသောက်ဆိုင်တွေကို တစ်နှစ်တစ်ကြိမ် တင်ဒါပြန်ခေါ်တယ်။ ကျောင်းသား ကျောင်းသူတွေအတွက် သက်သာတဲ့နှုန်းထားရှိတဲ့ စားသောက်ဆိုင်ဖြစ်ရမယ်။ သန့်ရှင်းလတ်ဆတ်မှုရှိရမယ်။ စံချိန်စံညွှန်းတွေ ကိုက်ညီရမယ်။ နိုင်ငံတော်က ရသင့်ရထိုက်တဲ့အခွန်တွေ ပေးဆောင်ရမယ်ဆိုတာတွေနဲ့အတူ ရန်ကုန်တက္ကသိုလ် ဆိုင်ခန်းနေရာချထားရေးနဲ့ ကြီးကြပ်ရေးကော်မတီက ရွေးချယ်ဆုံးဖြတ်သွားမှာဖြစ်တယ်။ ဈေးနှုန်းကိုတော့ ရန်ကုန်တက္ကသိုလ်ကပဲ စိစစ်ပါတယ်။ စားသောက်ဆိုင်တွေထဲမှာ လက်ရှိပိတ်သိမ်းခိုင်းထားတာဆိုလို့ အိုရီယမ်တယ်ဟောက်စ်တစ်ခုတည်းပဲ ဖြစ်ပါတယ်။ ကျန်တဲ့ဆိုင်တွေကတော့ ရေရှည် ဆက်ထားဦးမှာပါ”ဟု ဒေါက်တာသိန်းဝင်းက ပြောသည်။

ရန်ကုန်တက္ကသိုလ်သည် မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်နှင့် နိုင်ငံ့ခေါင်းဆောင်များ၊ စာပေပညာရှင်၊ စီးပွားရေးပညာ၊ ထူးချွန်သော ပါရဂူဘွဲ့ရ သုတေသနပညာရှင်များနှင့် လူရည်ချွန် လူရည်မွန်များကို မွေးထုတ်ပေးခဲ့သည့် သမိုင်းဝင် ကျောင်းတော်ကြီးလည်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကို အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားခဲ့ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ထူးချွန်ကျောင်းသား ကျောင်းသူများကိုလက်ခံပြီး တက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်များတွင် ပြန်လည်နေထိုင်ခွင့် ပြုခဲ့သည်။ ထို့ကြောင့်လည်း တိတ်ဆိတ်ခြောက်သွေ့ခဲ့ရသော သမိုင်းဝင် ရန်ကုန်တက္ကသိုလ်ကြီးသည် ပြန်လည်အသက်ဝင်လာပြီဖြစ်သလို ကျောင်းသား ကျောင်းသူများနှင့် မသက်ဆိုင်သော အပန်းဖြေနေရာတစ်ခုကဲ့သို့ ဖြစ်ခဲ့ရာမှ အဆင့်မြင့် ပညာရေးနယ်မြေ၊ တက္ကသိုလ်နယ်မြေစစ်စစ်အဖြစ်သို့ ပြန်လည်ပုံပေါ်လာပြီဖြစ်ရာ ယခုကဲ့သို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် သင့်လျော်သော စားသောက်ဆိုင်များသာ ဖွင့်လှစ်ခွင့်ပေးခြင်းကို စိစစ်ဆောင်ရွက်နေသည်ဟု သိရသည်။

“ကျွန်တော်တို့တုန်းက အဆောင်နေတာနဲ့ စားတာအကုန်လုံး ၅၇ ကျပ်ပဲပေးရတယ်။ အဲဒီ ၅၇ ကျပ်က မနက်ဆို ထမင်း၊ နေ့လယ်ဆို မုန့်နဲ့ ကော်ဖီ၊ နောက် ညစာပေါ့။ ကျောင်းလခက တစ်လ ၁၅ ကျပ်၊ နှစ်လ တစ်ခါပေးတာဆိုတော့ ၃၀၊ အိမ်က ငွေ ၁၀၀ ပေးလိုက်ရင် ဒီမှာကောင်းကောင်းမွန်မွန်နေလို့ရတယ်၊ လွမ်းစရာဈေးနှုန်းတွေပေါ့ ”ဟု ဒဂုံဆောင် ကျောင်းသားဟောင်း ဦးဦးခင်မောင်က ပြောသည်။

ခေတ်ကာလ၏ ပြောင်းလဲမှုနှင့်အတူ နေထိုင်မှုပုံစံနှင့် သင်ကြားမှုပုံစံတို့သည်လည်း ပြောင်းလဲသွားခဲ့ရာ ဒဂုံဆောင်၌နေထိုင်သည့် ကျောင်းသူ မဝင့်ဝင့်ရွှေကလည်း “ ခုခေတ်ဆိုင်တွေမှာ အကြာကြီးထိုင်တဲ့သူတွေ နည်းသွားပါပြီ။ အခုထိ ကန်ပေါင်ပေါ်ကို မသွားဖူးသေးဘူး။ အဓိကက ကျောင်းရဲ့ပညာရေးသင်ယူရမှု အခြေအနေကွာမယ် ထင်တာပဲ။ မနက်ကတည်းက Presentation တွေ လုပ်ရတယ်။ ညဆိုလည်း Group ဖွဲ့ပြီး ပါဝါပွိုင့်နဲ့ အလုပ်ကိုရှုပ်နေတာပဲ”ဟု ရယ်ရယ်မောမောနဲ့ ပြောပြခဲ့သည်။

ရူပဗေဒဌာန ကထိကဌာနမှူးဘဝဖြင့် အငြိမ်းစားယူခဲ့သည့် ဆရာဦးဦးခင်မောင်က “အဟောင်းကလည်း အဟောင်းလို အသစ်ကလည်း အသစ်လို ခံစားမှုက နှစ်မျိုးပေါ့လေဗျာ၊ အရာရာက ပြောင်းလဲနေတာပဲလေ”ဟုပြောသည်။

ရန်ကုန်တက္ကသိုလ်၏ အထင်ကရဖြစ်သည့် ဘွဲ့နှင်းသဘင်၊ အဓိပတိလမ်း၊ သစ်ပုပ်ပင်နှင့် ဂျပ်ဆင် အဆောက်အအုံတို့သည်လည်း စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာရှင်အသီးသီးတို့၏ ညွှန်းစာဖွဲ့ဆိုရာနေရာ ဖြစ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ် တက်ရောက်ခဲ့ဖူးသည့် ကျောင်းသား ကျောင်းသူတိုင်း ယနေ့တိုင် သတိတရဖြစ်ခဲ့ရသည့် ရန်ကုန်တက္ကသိုလ်ကြီးတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည့် ဦးမိုက်ကယ်က “အင်းလျားကန်ပေါင်ပေါ်မှာ နဂိုတုန်းက ဘူးသီးကြော်ဆိုင် သေးသေးလေးတွေရှိတယ်။ အခုမရှိတော့ဘူး။ အားလုံးဆိုင်ကြီးတွေ အစားထိုးဝင်လာပြီ။ ကားပါကင်နဲ့တွဲပြီး စိမ်းလန်းစိုပြည်နဲ့ ကပ်လျက်မှာ ဆိုင်ခန်းလေးတွေပေးထားတယ်။ ဟိုတုန်းက ကျောင်းသား ကျောင်းသူတွေ တရုန်းရုန်းနဲ့ အလွန်စည်ခဲ့တာ ပြန်သတိရမိတယ်။ ဒီမြင်ကွင်းလေး ပျောက်သွားတာ ကြာခဲ့ပြီပေါ့ ”ဟု အင်းလျားကန်ဘက် ငေးကြည့်ရင်း အတိတ်ကို သတိတရ ပြန်ပြောင်းပြောပြသည်။

ခေတ်ကာလများစွာ ကျော်ဖြတ်ခဲ့ပြီဖြစ်သည့် ရန်ကုန်တက္ကသိုလ်ကြီးသည် နှစ် ၁၀၀ သက်တမ်းကို

စာမျက်နှာ ၉ သို့

# ကမ်းလွန်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ရေရှည်တည်တံ့ရေးနှင့် လုံခြုံရေးဆိုင်ရာများ ဂရုပြုဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၇

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် ညွှန်ကြားရေးမှူးများနှင့်အတူ ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ သဘာဝဓာတ်ငွေ့ထုတ်လုပ်နေသော ကမ်းလွန်စီမံကိန်းများအနက် တနင်္သာရီကမ်းလွန်၌ တည်ရှိသော ရဲတံခွန်ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင်သို့ သွားရောက်ကာ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပို့လွှတ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**



ရဲတံခွန် ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင်ကို တွေ့ရစဉ်။

ရဲတံခွန်ကမ်းလွန်ထုတ်လုပ်ရေးစင်ပေါ်၌ Operator အဖြစ် ဆောင်ရွက်နေသော Petronas Carigarli Myanmar Limited (PCML) ကုမ္ပဏီမှ တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဖြည့်စွက်တွင်းများ (Infill wells) တူးဖော်နေမှု အခြေအနေများကို လည်းကောင်း၊ လုပ်ငန်းများ ပိုမိုမြန်ဆန်အကျိုးရှိစွာ ဆောင်ရွက်နိုင်မည့် အကြံပြုချက်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနမှ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည့် အစီအမံများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ထုတ်လုပ်ရေးစင်ပေါ်၌ တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Petronas Carigarli Myanmar Limited (PCML) ကုမ္ပဏီမှ ဝန်ထမ်းများသို့ သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်ကာ သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှု၊ ပို့လွှတ်နေမှုနှင့် တွင်းသစ်တူးဖော်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ-ထိုင်း နယ်စပ်အနီးရှိ နတ်အိမ်တောင် သဘာဝဓာတ်ငွေ့တိုင်းတာ ပို့လွှတ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ၎င်းမှတစ်ဆင့် နတ်အိမ်တောင်-ကန်ပေါက် ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် ပိုက်လိုင်းသွယ်တန်းထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရေဖြူမြို့နယ် ကန်ပေါက်ကျေးရွာအုပ်စု အုန်းပင်ကျေးရွာရှိ ပိုက်လိုင်းဗဟိုထိန်းချုပ်ရေးစခန်းသို့ သွားရောက်သည်။

ပိုက်လိုင်း ဗဟိုထိန်းချုပ်ရေးစခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တွေ့ဆုံကာ ပိုက်လိုင်း ရေရှည်တည်တံ့ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများ ဂရုပြုဆောင်ရွက်ကြရန်၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားအထောက်အကူပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်နှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၈ မှ*

တဖြည်းဖြည်း ချဉ်းကပ်လာနေပြီဖြစ်သည်။ တက္ကသိုလ်မြေ နေဝင်မှာကို ကြောက်ခဲ့သူများ၊ ဂျပ်ဆင်ထိပ်က လရိပ်ပြာနဲ့ အဓိပတိလမ်းက ခြေရာများ၊ စစ်ကိုင်းလမ်းနဲ့ မာလာဆောင်တို့အပါအဝင် ကံ့ကော်တောနှင့် မြက္ခန်းညိုညိုကို ကွန်းခိုခဲ့ကြသော ကျောင်းသား ကျောင်းသူ အနုပညာရှင်၊ အတတ်ပညာရှင်များစွာတို့ လွမ်းဆွတ်တမ်းတနေရသော တက္ကသိုလ်ကြီး၏ နေဝင်ချိန်များကိုတော့ ကျော်ဖြတ်လာခဲ့ပြီပင်ဖြစ်သည်။

သို့သော် ရောင်နီထွက်ပေါ်လာခြင်းနှင့်အတူ အတိတ်က အမြတ်တနိုးတန်ဖိုးထားခဲ့ရသည့် ခေတ်ဟောင်းအမွေအနှစ်တို့ ပျောက်ကွယ်ကာ ခေတ်သစ်အပြင်အဆင်၊ ခေတ်မီအသွင်အပြင်တို့နှင့် ခေတ်ဆန်သောလက်ရာများက သမိုင်းဝင်တက္ကသိုလ်၏ တန်ဖိုးထားစံထားရမှုများ ကွယ်ပျောက်သွားမည်ကိုတော့ စိုးရိမ်မိသည်။ တစ်ချိန်တုန်းက တက္ကသိုလ်ကြီးကို အောက်မေ့သတိရမိတော့သည်။

---

● *ကျော်ဖုံးမှ*

မြေယာများဖြစ်လာခဲ့သည်။ နေရာသည် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်မှ ဆက်သွားသည့် တောတွင်းလမ်းပိုင်းလေးတစ်ခု၏ မြင်ကွင်းဖြစ်သည်။

ပြင်ဦးလွင်မြို့သည် နွေ၊ မိုး၊ ဆောင်း နေချင့်စဖွယ်ရာသီဥတုကို ပိုင်ဆိုင်ထားသော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ် တစ်ခုကျော်နှင့် နှိုင်းယှဉ်လျှင် ပူနွေးလာခဲ့ပြီဟု ဒေသခံတွေက ပြောသည်။ သဘာဝရေထွက်ပေါက်အချို့မှာ ကျေးရွာများချဲ့ထွင်မှုအတွက် အနားယူခဲ့ရပြီး စိမ့်နေအောင်အေးမြသည့် နေပြောက်မထိုးအောင်ပေါက်သော သဘာဝသစ်တောများသည်လည်း နှစ် ၃၀ နီးပါး ခုတ်လှဲခဲ့သည့်ဒဏ်ကြောင့် ပြန်လည် နာလန်မထူနိုင်အောင် လျော့နည်းလျက်ရှိသည်။

"ပြင်ဦးလွင်တင် မဟုတ်ပါဘူး။ သစ်တောကြိုးဝိုင်းတွေနဲ့ များပြားတဲ့ တောအုပ်တွေ၊ တောင်တန်းတွေမှာ သစ်ဝါးရှားပါးလာတာ အလွန်ဆိုးရွားနေပါပြီ။ သစ်အလုံးတင်ပို့မှု ခွင့်မပြုတော့တာကြောင့်သာ အသက်ရှင်ခွင့်ရတဲ့ သစ်ပင်အများစုဟာ အလွန်နုပျိုသေးတဲ့ အပင်တွေသာ ဖြစ်နေတယ်" ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင် ဒေါက်တာငုဝါနွယ်က မချိတင်ကဲပြောသည်။

မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှု အများဆုံးစာရင်းဝင်နိုင်ငံများမှ တစ်နိုင်ငံဖြစ်နေပြီး ယနေ့အထိ ကြိုးဝိုင်း ကြိုးပြင်သစ်တောထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းများသည် စနစ်ကျမှုလုံးဝမရှိသေးသောကြောင့် အမြန်ဆုံးပြုပြင်ပြောင်းလဲသင့်တယ်ဟု ၎င်းက ပြောသည်။

"ရက်ပေါင်း ၅၀ ဝန်းကျင်မှာ ထူးကဲတဲ့ အယ်နီညိုရဲ့ဒဏ်ကို မျက်ဝါးထင်ထင် ကြုံတွေ့ရတော့မှာဖြစ်ပါတယ်။ ဒီအခြေအနေမှာ သစ်တောတွေရဲ့ အခန်းကဏ္ဍ၊ သစ်တောတွေရဲ့တန်ဖိုးကို ပိုပြီးဂရုပြုထိန်းသိမ်းနေသင့်တယ်"ဟု သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ အတွေ့အကြုံများကို မျှဝေသူပညာရှင် ဒေါက်တာထွန်းလွင်က မှတ်ချက်ပေးသည်။

"သစ်တောတွေမရှိတဲ့အတွက် ဆိုးကျိုးတွေက အလွန်များပါတယ်။ ကျွန်တော်တို့အနေနဲ့ လာမယ့် အယ်နီညိုနွေကာလကို ဖြတ်သန်းဖို့ တစ်ခုတည်းတင်မကပါဘူး။ ရာသီဥတုက ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ်ရပြီး သစ်တောတွေမရှိတဲ့ ကမ္ဘာကြီးဟာ တဖြည်းဖြည်းခြောက်သွေ့ပြီး ရာသီဥတုဒဏ်တွေ၊ သဘာဝဘေးဒဏ်တွေကို ပိုခံစားရလေလေနဲ့ သံသရာလည်နေပါပြီ။ ဒါကိုသစ်တောဦးစီးဌာနက ဆောင်ရွက်မှုတွေ အခုထက်ပိုပြီး တိကျတဲ့စစ်ဆေးဆောင်ရွက်မှုတွေနဲ့ သဘာဝကျတဲ့ ဖော်ဆောင်မှုတွေဖြစ်ဖို့ လိုအပ်လာပြီ"ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

သစ်အလုံးထည်တင်ပို့မှုကို နိုင်ငံတော်က တရားဝင်ပိတ်ထားလိုက်သော်လည်း ယနေ့တိုင် ခိုးခုတ်မှုများ၊ တစ်ဖက်နိုင်ငံများသို့ တရားမဝင်တင်ပို့မှုများ ရှိနေသေးသည်ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများ မကြာခဏ ဖမ်းဆီးရမိသော သတင်းထုတ်ပြန်ချက်များအရ သိရှိနိုင်သည်။

"သစ်တောပြုန်းတီးမှုအတွက် ပြန်လည်ကုစားတာတွေကို ၂၀၁၂ ခုနှစ်ကတည်းက လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ တရားမဝင်ခုတ်ယူတာကို တွေ့ရှိရင် သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ပြီး ဒေသပိုင်အစုအဖွဲ့ စိုက်ခင်းတွေကိုလည်း တစ်နိုင်ငံလုံးမှာ ချထားဆောင်ရွက်ပေးနေခဲ့တာ ဖြစ်ပါတယ်"ဟု သစ်တောဦးစီးဌာန၏ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

သို့သော် တရားမဝင် သစ်ခုတ်ယူနေမှုများအားလုံးကို ဖမ်းဆီးအရေးယူမှုများ မပြုလုပ်နိုင်သေးသည်ကိုတွေ့ရပြီး အများစုသော ဖမ်းဆီးမှုများတွင်လည်း ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသည့် အဖြစ်မျိုးသာများကြောင်း ကသာခရိုင်အတွင်း တရားမဝင်သစ်များ ပိုင်ရှင်မဲ့ဖမ်းဆီးရမိသည့်ဖြစ်စဉ်တစ်ခုကို လက်ခံအမှုဖွင့်အရေးယူနေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

တစ်နိုင်ငံလုံး အတိုင်းအတာတွင် သစ်တောကြိုးဝိုင်း ၈၁၂ ခုရှိပြီး ကြိုးပြင်ကာကွယ်တောပိုင်း ၃၂၆ နေရာ ရှိခြင်းကြောင့် သစ်တောဖုံးလွှမ်းမှုဧရိယာ ၄၆ ရာခိုင်နှုန်းရှိသည်ဟု သတ်မှတ်နိုင်ကြောင်း သစ်တောဦးစီးဌာနက ထုတ်ပြန်ထားသည်။ သို့သော် ကြိုးဝိုင်း ကြိုးပြင်သစ်တောများတွင် တစ်စတစ်စ သက်တမ်းရင့်အပင်များ လျော့နည်းလာပြီး ဒေသခံများ၏ အတွေ့အကြုံများကို စေ့ငုကြည့်မိရာ နှစ် ၃၀ အတွင်း တစ်ဝက်နီးပါး လျော့နည်းလာရသည်ဟု သိရသည်။

"ဒီမြေ ဒီရေ ဒီသစ်တောတွေက ကျွန်တော်တို့ရဲ့ ဘူမိနက်သန်ပါ။ အခုအချိန်မှာ နှစ်ပေါင်း ၂၀ နဲ့ နှိုင်းယှဉ်ရင် အလွန်တိုးတက်လာခဲ့တယ်။ ဆိုင်ကယ်သွားလမ်းတွေ၊ ကားလမ်းတွေနဲ့ တောအတော်နက်တဲ့အထိ သွားနိုင်တယ်။ စည်းကမ်းမဲ့တဲ့သူတွေကြောင့် တောမီးလောင်ကျွမ်းမှုကလည်း နှစ်စဉ်နဲ့အမျှ မြင့်တက်နေသလို တရားမဝင်ခုတ်လှဲမှုတွေကလည်း သစ်အလုံးတင်ပို့မှု ရပ်ဆိုင်းပြီး နောက်ပိုင်းမှာလည်း ရှိနေဆဲပါ။ နေ့စဉ် ရေလမ်းကရော ကုန်းလမ်းကပါ ခိုးထုတ်ယူနေတာတွေကို မြင်နေရတယ်။ ဒေသခံတွေက ထင်းနဲ့လောင်စာသုံးဖို့ အနည်းငယ်ခုတ်လှဲတာကို မိရင် အကြီးအကျယ်အရေးယူတတ်ပေမယ့် အလုံးလိုက် ခိုးခုတ်တာ အချို့ကိုတော့ မိတာရှားတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်မှ သစ်ထုတ်လုပ်ရေးလုပ်သားဟောင်း တစ်ဦးလည်းဖြစ်ဆင်ထိန်းလည်းဖြစ်သူ ဦးဇေကာထွန်းက ပြောပြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် သစ်တောများ ပြန်လည်သန်စွမ်းလာစေရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းမှာပင် နိုင်ငံပိုင် သစ်တောစိုက်ဧက ၂၀ သိန်းနှင့် အပူပိုင်း စိမ်းလန်းစိုပြည်ရေး စိုက်ဧက ၃၇၀၀၀၀ ကို စိုက်ပျိုးထားကြောင်း သိရသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကပါဝင်လုပ်ကိုင်ဖို့ ကျေးရွာစိုက်ခင်းတွေကို ထူထောင်လျက်ရှိရာမှာ ဒီနှစ် ဘဏ္ဍာရေးနှစ်ထဲမှာဆိုရင် စိုက်ခင်းဧက ငါးသောင်းခွဲအထိ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဒါ့အပြင် ဓမ္မတာမျိုးဆက်တာကနေ ရရှိလာတဲ့ ထင်း ၁၅၅၁ ဒသမ ၈၃ တန်ကိုလည်း ဒေသခံတွေအတွက် အခမဲ့ပေးအပ်ခဲ့တယ်"ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဖြေကြားသည်။

ထို့အပြင် သစ်တောများပြုန်းတီးရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သော ထင်းအတွက် ခုတ်လှဲမှုများကို ကုစားရန် ဒေသခံတိုးချဲ့ပညာပေးစခန်းများကို ခြောက်ခုအထိ ဖွင့်လှစ်နိုင်ခဲ့၍ ဒေသခံများအား ပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရပြီး ထင်းအစားထိုး လောင်စာသုံးစွဲမှု စံပြကျေးရွာများကို ဖော်ထုတ်ကာ ညွှန်ကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သစ်တောကြိုးဝိုင်းများနှင့် ကြိုးပြင်ဒေသများတွင် ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ရေးအတွက် ဧကတစ်ထောင်ခန့်စီနှင့်အထက် တောနိမ့်တောပျက်ဧရိယာများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မြေငှားရမ်းဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း သိရသည်။

ထိုစိုက်ခင်းများတွင် နိုင်ငံခြားသစ်မျိုးများနှင့် ဒေသမျိုးများကို ရောနှောစိုက်ပျိုးခွင့် ရရှိမည်ဖြစ်ပြီး ဒေသမျိုး စုစုပေါင်း ၃၀ ရာခိုင်နှုန်းခန့် ထည့်သွင်းစိုက်ပျိုးကြရန် ညွှန်ကြားထားကြောင်း သိရသည်။

သို့သော် သစ်တောဦးစီးဌာနမှ ချထားပေးသည့် စိုက်ပျိုးမြေဧရိယာများပေါ်တွင် တရားမဝင်နေထိုင်ခြင်း၊ ပြန်လည်ရောင်းချခြင်းနှင့် စိုက်ပျိုးရန်လျာထားသည့် မြေများပေါ်တွင် စိုက်ပျိုးရေး လုံးဝဆောင်ရွက်ခြင်းမပြုခြင်း၊ အနည်းငယ်သာ ဟန်ပြစိုက်ပျိုးရေး လုပ်ဆောင်ပြီး မြေနေရာများကို စက်မှုဇုန်များအဖြစ် ပြောင်းလဲပစ်ခြင်းနှင့် လူနေဧရိယာများအဖြစ် တရားမဝင်ချဲ့ထွင်နေထိုင်မှုများကြောင့် မြေယာပြဿနာများစွာကိုလည်း ပြင်ဦးလွင် ပတ်ဝန်းကျင် ကော်ဖီစိုက်ခင်းများတစ်လျှောက်နှင့်အတူ မြန်မာနိုင်ငံအနှံ့အပြားရှိ သစ်တောစိုက်ခင်းများတွင် မြင်တွေ့ရသည်။

၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်တို့တွင် မြန်မာနိုင်ငံသည် အယ်နီညို၏ဒဏ်ကို အလူးအလဲခံစားခဲ့ဖူးပြီး အပူချိန်အားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ၄၇ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ခဲ့ဖူးသည်။ လာမည့်နွေတွင် ခံစားရမည့် အယ်နီညိုသည် ၁၉၉၇ အယ်နီညိုနှင့် နှိုင်းယှဉ်ပါက ပိုမိုပြင်းထန်နိုင်ပြီး ပင်လယ်ရေမျက်နှာပြင် အပူချိန်ကိုဖော်ထုတ်ကာ ခန့်မှန်းတွက်ဆချက်များအရ ၀ ဒသမ ၇ ဒီဂရီစင်တီဂရိတ်အထိ ပိုမိုမြင့်တက်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။

"သစ်တောတွေဟာ ကာဗွန်ထွက်ရှိမှုကို လျှော့ချတယ်။ သစ်တောပြုန်းတီးတဲ့ဒေသတွေဟာ သဘာဝဘေးကို အလူးအလဲခံစားကြရတယ်။ ကျွန်တော်တို့နိုင်ငံမှာ သစ်တောတွေ ပြန်လည်စိမ်းလန်းလာဖို့ ကုစားနေတာတွေဟာ အမှန်တကယ် အကျိုးရှိလား၊ ထိရောက်သလားဆိုတာကို သဘာဝဘေးတွေ ဘယ်လောက်ဝင်လာသလဲဆိုတာနဲ့ တိုင်းတာကြည့်ရင် သိနိုင်ပါတယ်။ မှန်ကန်တဲ့ မူဝါဒတွေနဲ့ အမြန်ဆုံးကုစားနိုင်ဖို့ လိုအပ်နေပါပြီ" ဟု ဒေါက်တာထွန်းလွင်က ထောက်ပြသည်။

အေးမြသော ခါတော်မီပင်များအောက်တွင် ကော်ဖီပင်တန်းများသည် စီရီစွာ ပေါက်ရောက်နေသည်။ လာမည့်နှစ်တွင် ကော်ဖီစေ့များ စီးပွားဖြစ် ထုတ်လုပ်နိုင်တော့မည်ဟု စိုက်ခင်းပိုင်ရှင်က ဆိုသော်လည်း ဈေးကွက်အတွင်း ကိုယ်ပိုင်ကော်ဖီဈေးကွက်ထက် တစ်ဆင့်ခံပြန်လည်ရောင်းချခြင်းကသာ တွက်ခြေကိုက်သဖြင့် မြန်မာ့ကော်ဖီများ ရောင်းတန်းဝင်ရေး စိုက်ပျိုးရေးနည်းစနစ်များစွာ လိုအပ်နေသေးသည်ကို တွေ့ရသည်။

သဘာဝဂေဟစနစ် ကောင်းမွန်ခြင်းကို စွန့်လွှတ်ရန်အတွက် အချိန်အနည်းငယ်သာလိုအပ်ပြီး ပြန်လည်ကောင်းမွန်သည့် ရာသီဥတုကို ရရှိရန်အတွက် နှစ် ၇၀ ခန့် ထိန်းသိမ်းပြုပြင်သော်လည်း မူလအနေအထားရရှိရန် မသေချာဟု မိုးလေဝသပညာရှင် ဦးချစ်ကျော်က စာရေးသူနှင့် အင်တာဗျူးတစ်ခုတွင် ဖြေကြားဖူးသည်။

သုံးလေးနှစ်တစ်ကြိမ် ဝင်ရောက်လာတတ်သည့် အယ်နီညို၊ လာနီညာနှင့် လေဖိအားနည်းရပ်ဝန်းများမှတစ်ဆင့် ဆိုင်းမဆင့် ဗုံမဆင့် လမ်းကြောင်းသင့်လာပြီ ဖြစ်သော မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများမှ ကာကွယ်ရန်နှင့် ကမ္ဘာ့သစ်တောပြုန်းတီးမှုအများဆုံး နိုင်ငံများစာရင်းမှ ရုန်းထွက်ရန် မှန်ကန်သော နည်းလမ်းများဖြင့် ကြိုးစားရုန်းထွက်နိုင်ရန် လိုအပ်လာပြီဖြစ်သည်။

**(မြန်မာ့အလင်း)**

# မီးဘေးနဲ့ကြုံလာရင် ပြည်သူတွေသတိရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လို

တွေ့ဆုံမေးမြန်း-သူဇာနွယ်(ဖျာပုံ)

**မီးလောင်မှုဖြစ်ပွားပါက မီးဘေးသင့်ပြည်သူများအနေဖြင့် မိမိအိုးအိမ်ပစ္စည်းများ မဆုံးရှုံးရေး ကာကွယ်ဖို့ကြိုးစားမည်ဖြစ်သလို၊ မီးငြိမ်းသတ်မည့် တာဝန်ရှိမီးသတ်တပ်ဖွဲ့ဝင်များကလည်း မီးအမြန်ဆုံးငြိမ်းရေးသည် အဓိကတာဝန်ဖြစ်သည့်အတွက် မီးလောင်မှုဖြစ်လာပါက ပြည်သူနှင့်တာဝန်ရှိသူများ နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ပါက မီးငြိမ်းသတ်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေမည်ဖြစ်သည်။ လပွတ္တာမြို့ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ လပွတ္တာခရိုင် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူအား တွေ့ဆုံမေးမြန်းရာ-**

**ဦးကျော်မျိုးမြင့်(ခရိုင်မီးသတ်ဦးစီးမှူး၊ လပွတ္တာခရိုင်)**

**မေး။ ။လပွတ္တာမြို့မှာ ဖေဖော်ဝါရီ ၄ ရက် ည မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးပါ။**

ဖြေ။ ။ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီမှာ ဇေယျာသီရိ အမှတ်(၅)ရပ်ကွက်မှာ မီးလောင်နေတယ်လို့ တာဝန်သိပြည်သူတစ်ဦးက ကျွန်တော့်ထံ ဖုန်းဆက်သတင်းပေးလာပါတယ်။ သတင်းရလျှင်ရချင်း ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေ သွားရောက်ခဲ့ပါတယ်။ သတင်းရရချင်းမှာပဲ မီးပျံ့နှံ့မှုက တော်တော်များနေပါပြီ။ ကျွန်တော်တို့ ခရိုင်မီးသတ်အနေနဲ့ အတတ်နိုင်ဆုံးငြိမ်းသတ်နေရင်းနဲ့ တိုင်းမီးသတ်တပ်ဖွဲ့ကို အကြောင်းကြားပါတယ်။ မီးသတ်ယာဉ် ရောက်သွားတဲ့အချိန်မှာပဲ မီးက တော်တော်လေးလောင်နေပါပြီ။ တိုင်းကိုအကူအညီတောင်းပြီး တိုင်းမီးသတ်တပ်ဖွဲ့ရုံး အုပ်ချုပ်ကွပ်ကဲမှုနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီလိုငြိမ်းသတ်ရင်းနဲ့ နံနက် ၁ နာရီမှာ မီးထိန်းနိုင်ခဲ့ပါတယ်။ မီးလုံးဝငြိမ်းသွားတာကတော့ ဖေဖော်ဝါရီ ၅ ရက် နံနက် ၃ နာရီမှာ ငြိမ်းသွားခဲ့ပါတယ်။

**မေး။ ။မီးငြိမ်းသတ်တဲ့ အခြေအနေလေး သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့ မီးငြိမ်းသတ်တဲ့အခါမှာ လပွတ္တာ၊ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ၊ ကန်ကြီးထောင့်၊ ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော် ဌာနချုပ်တို့မှ မီးငြိမ်းသတ်ယာဉ် ၁၇ စီး၊ ရေသယ်ယာဉ်ခြောက်စီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ ကွပ်ကဲမှုယာဉ် သုံးစီး၊ အပေါ့စား မီးသတ်စက်များ၊ မြို့ပေါ်ရပ်ကွက်ရှိ ရေစည်တင်ဒိန်းဒေါင်း ၆၀၊ သန္နွေအင်အား ၁၀၀ ကျော် အသုံးပြုမီးငြိမ်းခဲ့ပါတယ်။

**မေး။ ။လက်ရှိအခြေအနေမှာသိရှိထားတဲ့မီးလောင်ရတဲ့အကြောင်းရင်းကို ပြောပြပေးပါဦး။**



ဦးကျော်မျိုးမြင့် (ခရိုင်မီးသတ်ဦးစီးမှူး)

ဖြေ။ ။ကျွန်တော်တို့ အခုစစ်ဆေးသိရှိထားတာကတော့ လပွတ္တာမြို့နယ် အမှတ် (၅)ရပ်ကွက် ဇေယျာသီရိလမ်းရှိ ပိုင်ရှင် ဦးနေဝင်းထွန်း(ခ)နို့ဆီ၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်အတွင်းရှိ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ဝိုင်ယာကြိုးတွေ အပူလွန်ကဲရာမှ မီးလောင်ခဲ့ခြင်း ဖြစ်ပါတယ်။

မီးလောင်တဲ့နေရာမှာလည်းအိမ်တွေ၊ ဆိုင်တွေက ပူးကပ်နေပြီး အများစုက လုပ်ငန်းလုပ်တဲ့ဆိုင်ခန်းတွေ ဖြစ်နေတာကတစ်ကြောင်း၊ လုပ်ငန်းသုံးနေတဲ့ လောင်စာဆီတွေကလည်းရှိနေတော့ ပိုပြီး လောင်ကျွမ်းဖို့လွယ်သွားတဲ့အခြေအနေ ဖြစ်သွားပါတယ်။

**မေး။ ။ပျက်စီးဆုံးရှုံးမှု အခြေအနေကို ပြောပြပေးပါဦး။**

ဖြေ။ ။မီးလောင်ကျွမ်းမှုကြောင့် လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက်ရှိ နေအိမ် ၁၉ လုံး၊ ဈေးဆိုင်ခန်း ၂၀၊ အမှတ်(၁)ရပ်ကွက်ရှိနေအိမ် ၁၀ လုံး၊ အမှတ်(၄)ရပ်ကွက်ရှိ နေအိမ်အလုံး ၁၅၀ စုစုပေါင်းလူနေအိမ် ၁၇၉ လုံးနှင့် ဈေးဆိုင်ခန်း ၂၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးခြင်းနဲ့အတူ အိမ်ထောင်စု ၁၉၅ စု၊ အမျိုးသား ၃၅၆ ဦး၊ အမျိုးသမီး ၄၀၅ ဦး စုစုပေါင်း ၇၆၁ ဦး မီးဘေးသင့်ခဲ့ရပါတယ်။

**မေး။ ။အခု မီးလောင်ပြင်ရဲ့အခြေအနေကို ပြောပြပေးပါဦး။**

ဖြေ။ ။မီးလောင်မှုပြီးသွားတဲ့အခါမှာတော့ မီးဘေးသင့်ပြည်သူတွေကို အမှတ် (၅)ရပ်ကွက် လေးထပ်ကျောင်းမှာ ကယ်ဆယ်ရေးစခန်း ယာယီဖွင့်လှစ်ပေးထားပါတယ်။ သက်ဆိုင်ရာရဲ့ ထောက်ပံ့ကူညီမှု၊ အလှူရှင်တွေရဲ့ လှူဒါန်းမှုတွေနဲ့ စောင့်ရှောက်ထားပါတယ်။ တစ်ဖက်မှာလည်း မီးလောင်ပြင် ရှင်းလင်းရေးလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။

**မေး။ ။ မီးလောင်ပြင်ရှင်းလင်းရေးအပိုင်းဆောင်ရွက်နေမှုကို သိပါရစေ။**

ဖြေ။ ။မီးလောင်ပြင်ရှင်းလင်းရေးအပိုင်းမှာ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေအနေနဲ့ မီးကြွင်းမီးကျန်တွေမရှိအောင် အရင်ရှင်းလင်းပေးပါတယ်။ မီးကြွင်းမီးကျန်တွေရှိပါက မီးလောင်မှုဖြစ်ပွားနိုင်တဲ့အတွက် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေက မီးသတ်ယာဉ်တွေအဆင်သင့်ထားပြီး ဂရုတစိုက်ရှင်းလင်းပေးပါတယ်။ မီးလောင်ကျွမ်းပြီး ပစ္စည်းတွေ ရွှေ့ပြောင်းတယ်။ စနစ်တကျပုံပေးထားခြင်း စတဲ့ကူညီမှုတွေဆောင်ရွက်ပေးနေပါတယ်။ ရှင်းလင်းရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေ လိုအပ်သလို ကူညီပေးနေပါတယ်။

**မေး။ ။ဟုတ်ကဲ့ပါ။ မီးလောင်မှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောပါဦး။**

ဖြေ။ ။ကျွန်တော်တို့အနေနဲ့က ပြည်သူတွေကို ကျွန်တော်တို့မီးသတ်တပ်ဖွဲ့နဲ့ပူးပေါင်းပြီး ဆောင်ရွက်စေချင်ပါတယ်။ ကျွန်တော်တို့ဦးစီးဌာနရဲ့ ညွှန်ကြားချက်တွေကို တိတိကျကျလိုက်နာစေချင်ပါတယ်။ အဓိကစီးပွားရေး လုပ်ငန်းရှင်တွေအနေနဲ့ ကျွန်တော်တို့ဘက်က ဆောင်ရွက်ပါလို့ပြောတာတွေကို တိတိကျကျ လိုက်နာပေးဖို့ လိုပါတယ်။

အဲဒါအပြင် မီးလောင်ပြီဆိုရင်လည်း တာဝန်သိပြည်သူတွေအနေနဲ့ ဝိုင်းဝန်းကူညီတဲ့အခါမှာ လုပ်ငန်းဆောင်ရွက်တာကို အနှောင့်အယှက်ဖြစ်စေမယ့် အပြုအမူတွေရှောင်သင့်ပါတယ်။ ရန်လိုတဲ့အပြုအမူတွေမပြုမိဖို့ သတိပြုစေချင်ပါတယ်။ ကူညီတာတော့ မှန်ပါတယ်။ တစ်ခါတလေ ကူညီတာက တစ်ဖက်မှာ မလိုအပ်ဘဲ အခက်အခဲတွေအများကြီးဖြစ်သွားနိုင်ပါတယ်။ ဥပမာ အခုဖြစ်စဉ်မှာဆိုရင် ကျွန်တော်တို့ကားတွေနဲ့ မီးသတ်ရေပိုက်တွေ အတင်းဆွဲလုတယ်။ နောက်ပိုက်ခေါင်းတွေ ထုခွဲရိုက်ဖြုတ်တာတွေကြုံခဲ့ရပါတယ်။ မီးသတ်ယာဉ်သုံးပစ္စည်းတွေကို လက်နက်တွေနဲ့ထုတယ်။ ဒီတော့ မလိုလားအပ်တဲ့ပြဿနာတွေဖြစ်လာရတယ်။

နောက်တစ်ခုက မီးလောင်တဲ့နေရာကို လာကြည့်တဲ့သူတွေကြောင့် လမ်းကြောင်းတွေပိတ်မိပြီး ယာဉ်သွားယာဉ်လာတွေ အခက်ကြုံကြရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ကူညီပေးမယ့် ပြည်သူတွေရဲ့အင်အားက အမှန်တကယ်လိုအပ်ပါတယ်။ ကူညီပေးတဲ့သူတွေကလည်း ထိထိရောက်ရောက် ကူညီပေးခဲ့ကြတာတွေကလည်း အားရစရာပါ။

နောက် မီးဘေးနဲ့ပတ်သက်ရင် ပြည်သူတွေအားလုံး သတိရှိဖို့လိုပါတယ်။ မီးလောင်မှုဆိုတာ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့တစ်ခုတည်းမှာတင် တာဝန်ရှိတာမဟုတ်ဘဲ အားလုံးမှာတာဝန်ရှိတယ်လို့ ခံယူထားသင့်ပါတယ်။ အခုလို ပွင့်လင်းရာသီရောက်လာတာနဲ့အမျှ ဦးစီးဌာနရဲ့ထုတ်ပြန်ချက်တွေအတိုင်း တိတိကျကျလိုက်နာပေးဖို့ လိုပါတယ်။ လိုက်နာပေးပါလို့လည်း မေတ္တာရပ်ခံအကြံပြုချင်ပါတယ်။

# အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက် ဖွင့်လှစ်

**ကျိုင်းတုံ ဖေဖော်ဝါရီ ၇**

(၆၉) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် အမောဒေကျေးရွာ၌ ရေအားဖြင့်လျှပ်စစ်ဓာတ်အားပေးမည့် အသေးစားဓာတ်အားပေးစက်ကို ဖေဖော်ဝါရီ ၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဓာတ်အားစတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

အသေးစားဓာတ်အားပေးစက်ဖွင့်ပွဲတွင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲခေါင်က ငါးကီလို ဒိုင်နမိုနှစ်လုံးဖြင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးမင်းသန့်နှင့် တာဝန်ရှိသူများက ဓာတ်အားပေးစက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အမောဒေကျေးရွာ၌ အိမ်ခြေ ၁၂၀ ရှိပြီး ဒေသခံတိုင်းရင်းသားပြည်သူများ လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနိုင်ရေးအတွက် အသေးစားဓာတ်အားပေးစက်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ညဘက်ရပ်နားထားသည့်ကားများမှ ငွေကြေးနှင့်ပစ္စည်းများ ခိုးယူရန်ကြံစည်သူများကို ကားတစ်စီး၊ ဓားလက်နက်များဖြင့် ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းပေါ်၌ ညဘက်ရပ်နားသည့် ကားများအတွင်းမှ ငွေကြေးနှင့်ပစ္စည်းများကို ပရိုဘောက်စ်ကားတစ်စီးဖြင့် လှည့်လည်သွားလာ၍ အဖွဲ့ဖြင့်ခိုးယူနေကြောင်း သတင်းများအရ ရွှေတွင်းကုန်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် နယ်ထိန်းခေါင်းဆောင်တို့သည် ကားများရပ်နားထားသည့်နေရာများ၌ ကင်းပုန်းများဝပ်၍ ဖြန့်ခွဲစောင့်ကြည့်နေစဉ် ဖေဖော်ဝါရီ ၇ ရက် နံနက် ၁ နာရီခွဲတွင် ပရိုဘောက်စ်ကားတစ်စီးဖြင့် လူသုံးဦးရောက်လာပြီး ပြည်စံအောင်ရပ်ကွက် ရှင်းလင်းဆောင်ရှေ့၌ ရပ်နားထားသော နောက်တွဲကားတစ်စီးပေါ်သို့ တက်ရောက်၍ ခိုးယူရန်ကြံစည်စဉ် နောက်တွဲကားမှာ မောင်းနှင်ထွက်သွားကြောင်း တွေ့ရှိသဖြင့် ဖြန့်ခွဲထားသော အင်အားများအား စုစည်း၍ သက်သေ ဦးမြင့်ခိုင်၊ ဦးကျော်လွင်ဦးတို့နှင့်အတူ ပရိုဘောက်စ်ကားကို စစ်ဆေးရာ လယ်ဝေးမြို့နယ် ကုလားရွာနေသူများဖြစ်ကြသည့် ချစ်ဦးမောင် (၂၂ နှစ်)၊ ကျော်မင်းနိုင်(ခ) ထန်းကျော် (၂၇ နှစ်)၊ ဇင်လင်းအောင်(ခ) ဇင်လေး (၂၅ နှစ်)တို့ကိုတွေ့ရှိပြီး ၎င်းတို့နှင့်အတူ ငှက်ကြီးတောင်ဓားဦးချွန် ဓားရှည်တစ်ချောင်း၊ ရောင်စုံခဲတံချွန်ဓား ခုနစ်ချောင်း၊ ဝတ်အူလှည့် နှစ်ချောင်း၊ ပလာယာတစ်လက်၊ လေးခွနှစ်လက်၊ လောက်စာလုံး ၁၀၀ ခန့်၊ လက်နှိပ်ဓာတ်မီး နှစ်လက်၊ လက်ပတ်နာရီ တစ်ခု၊ တစ်ထောင်တန် ငွေစက္ကူ ၁၀ ရွက်နှင့် လက်ကိုင်ဖုန်း သုံးလုံး၊ ပရိုဘောက်စ်ကားတစ်စီးတို့ကို သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ချစ်ဦးမောင်ပါ သုံးဦးအား ရွှေတွင်းကုန်း မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကိုနေ**



## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

**၈-၂-၂၀၁၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၆ ： ၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇ ： ၃၅ - ပြည်သူတို့ရဲ့စကားသံများ
၉ ： ၃၅ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀ ： ၃၅ - အနုပညာသတင်းအစီအစဉ်
၁၁ ： ၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၂ ： ၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု**(အပိုင်း-၈၄)
၁၃ ： ၁၀ - Tasty Trip (ပုဂံဒေသ)

**ညပိုင်း**

၁၅ ： ၃၅ - ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
၁၇ ： ၁၅ - သမိုင်းခေတ်အစဉ် ဖလင်တိပ်အသွင်
၁၇ ： ၃၅ - သတင်းတစ်ပုဒ်၏ နောက်ကွယ်ကလှုပ်ရှားမှုပုံရိပ်များ
၁၇ ： ၄၅ - နှစ်(၇၀)ပြည့်ဂုဏ်ပြုအစီအစဉ် (နိုင်ငံတကာသတင်းဌာနစိတ်)
၁၈ ： ၂၀ - လူမှုစီးပွားအားထားစရာကြော်ငြာပဒေသာ
၁၈ ： ၃၀ - မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်(၇၀)ပြည့်အထိမ်းအမှတ် ဆိုကြမယ်၊ ပျော်ကြမယ်
- ဆု(၃)ကြိမ်နှင့်အထက်ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ်
၁၈ ： ၄၅ - ကြုံရဆုံရသတင်းဖတ်ကြားသူတို့ဘဝ
၁၉ ： ၃၀ - မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်(၇၀)ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင်များ ဖျော်ဖြေမှုအစီအစဉ်
၂၀ ： ၀၀ - ပြည်တွင်းသတင်း
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်(၇၀)ပြည့်အထိမ်းအမှတ် မြန်မာသံစဉ်သီချင်းများ(ရာဇာဝင်းတင့်၊ တက္ကသိုလ်လဲ့လဲ့)
MRTV Actor Star (ဒါရိုက်တာ အောင်မြင့်မြတ်) (အပိုင်း-၂)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။**

# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ သောက်သုံးရေပြန်လည်ရရှိ

**သီပေါ ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မင်္ဂလာရပ်နှင့် မြို့လယ်ရပ်ကွက်တို့တွင် ဖေဖော်ဝါရီ ၄ ရက်က မီးလောင်မှုဖြစ်ခဲ့သဖြင့် အိမ်ခြေ ၂၀၉ လုံး၊ အိမ်ထောင်စု ၂၈၅ စုနှင့် လူဦးရေ ၁၂၇၉ ဦးတို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

အဆိုပါမီးဘေးသင့်ပြည်သူများ လတ်တလောကာလတွင် သန့်ရှင်းသော သောက်သုံးရေများရရှိရေးအတွက် ပြည်နယ်စည်ပင်သာယာရေးဌာန(ရုံးခွဲ) လားရှိုး တာဝန်ခံဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း ဦးဆောင်သော သီပေါ၊ ကျောက်မဲ၊ လားရှိုးမြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်း ၃၂ ဦး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ အမှိုက်သိမ်းယာဉ်ခြောက်စီးတို့ဖြင့် သန့်ရှင်းရေးနှင့် ရေပိုက်လိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းမှစ၍ သောက်သုံးရေများ ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအား ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ရှမ်းပြည်နယ်မြောက်ပိုင်းမှ မြို့နယ်များအပြင် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကတစ်ဦးချင်း စေတနာရှင်များသည် ၁၂ ဘီး၊ ခြောက်ဘီးစသည့်ယာဉ်ကြီးများဖြင့် ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်ပြီး မန္တလေး-နမ့်ဆန်၊ မူဆယ်-နမ့်ဆန် လမ်းကြောင်းတစ်လျှောက်တွင် ကယ်ဆယ်ရေးဗီနိုင်းပိုစတာများ၊ ပြည်ထောင်စုအလံများလွှင့်ထူလျက် နေ့၊ ညမပြတ်လာရောက်လှူဒါန်းမှုများ တွေ့ရသဖြင့် ဝမ်းမြောက်မိပါကြောင်း မီးဘေးသင့်ဒေသခံ ပလောင်တိုင်းရင်းသားတစ်ဦးက ပြောသည်။

မီးဘေးသင့်ပြည်သူများ မီးလောင်ပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် သီပေါ၊ ကျောက်မဲ၊ လားရှိုးမြို့နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင်များအပြင် သီပေါမြို့မှ စေတနာလုပ်အားရှင် ၅၀ တို့ ယနေ့ နမ့်ဆန်မြို့နယ်သို့ရောက်ရှိလာပြီး အခြားမြို့နယ်များမှ စေတနာလုပ်အားရှင်များလည်း ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း နမ့်ဆန်မြို့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **စိုင်း(သီပေါ)**



မီးလောင်မှုဖြစ်ပွားခဲ့သည့် နမ့်ဆန်မြို့၌ ရှင်းလင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**နမ့်ဆန် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက မြို့မဂိုဏ်းချုပ်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က မီးဘေးသင့်ပြည်သူများ လတ်တလောရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သည့်စားနပ်ရိက္ခာ၊ အဝတ်အထည်၊ ယာယီနေထိုင်ရန်နေရာများကို အမြန်ဆုံးဖြည့်ဆည်းပေးရန် ဆပ်ကော်မတီ ၁၁ ခုအား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လားရှိုးမြို့၊ တွဲဖက်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက ဖွဲ့စည်းပေးထားသည့်ဆပ်ကော်မတီများမှ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ဦးစိန်အုပ် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး လားရှိုးမြို့ ဖုန်း-၀၉ ၄၇၁၀၉၁၆၅၊ ဦးမောင်ကျော် ဥက္ကဋ္ဌ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ နမ့်ဆန်မြို့ ဖုန်း-၀၉ ၄၇၁၁၄၁၀၈၊ ဦးဆန်းမော် အတွင်းရေးမှူး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ နမ့်ဆန်မြို့ ဖုန်း-၀၉ ၄၇၁၁၄၂၈၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သီပေါမြို့၌ နမ့်ဆန်မီးဘေးသင့်ပြည်သူများ ကူညီထောက်ပံ့ရေး စည်းဝေး

**သီပေါ ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မီးဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က နမ့်ဆန်ဒေသမှ ပလောင်သွေးချင်းများ မီးဘေးသင့်ပြီး အခက်အခဲရှိနေရာ မိမိတို့မြို့နယ်အနေဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ရန် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူညှိနှိုင်းရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာရောက်ကြည့်ရှု အားပေးပြီး လိုအပ်သောအသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာ၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး မြို့နယ်အသီးသီးမှ အသင်းအဖွဲ့၊ ပုဂ္ဂလိကအလှူရှင်များကလည်း ဆန်နှင့်စားသောက်ဖွယ်ရာများကို စဉ်ဆက်မပြတ် မော်တော်ယာဉ်ကြီး/ယာဉ်ငယ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ သို့သော်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်မှာ ငွေကြေးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆရာတော်ဘဒ္ဒန္တသုနန္ဒ(ဓမ္မာရုံသီ-မိုးကုတ်)က ငွေကျပ် ၁၀ သိန်း၊ ဦးအောင်ခင်-ဒေါ်တင်တင်(အောင်မိသားစု)က ငွေကျပ် ၁၀ သိန်း၊ ဦးစောနိုင်-ဒေါ်မြင့်မြင့်သိန်းက ဆန်သုံးအိတ်နှင့် ငွေကျပ်တစ်သိန်း၊ ဆရာတော်ခေမာစာရ(မိုးကုတ်တရားစခန်း၊ သီပေါ)က ငွေကျပ်ငါးသိန်း၊ မြတ်မွန်စေတနာလူမှုကူညီရေး အသင်းက ငွေကျပ်သုံးသိန်းနှင့် ကျေးရွာအုပ်စုများမှ စေတနာရှင်များက ငွေကျပ် ၁၄ သိန်း လှူဒါန်းခဲ့သည်။**(အပေါ်ပုံ)**



သီပေါမြို့နယ် ရပ်ကွက်/ကျေးရွာများမှ အလှူငွေများကို ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထား ကောက်ခံပြီး ရရှိသည့်အလှူငွေများကို နမ့်ဆန်မီးဘေးသင့်အိမ်ထောင်စုများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဇေယျမင်္ဂလာကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတိလောကပျံလွန်တော်မူ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဇေယျမင်္ဂလာလမ်း (၁) ရပ်ကွက် ဇေယျမင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတိလောက ဆရာတော်ကြီးသည် သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၀) ဝါအရ ၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် (၇-၂-၂၀၁၆) တနင်္ဂနွေနေ့ နံနက် ၄ နာရီ ၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် ကျောက်ဆည်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ စုပေါင်းအလှူခံ

**ကျောက်ဆည် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိရာ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ ကျောင်းသား ကျောင်းသူများက လှုံ့ဆော်ရေးဗီနိုင်းပိုစတာများကိုင်စွဲလျက် ကျောက်ဆည်ဈေးလေးမီးပွိုင့်၌ အဖွဲ့ငယ်များခွဲဖြန့်၍ အလှူခံလျက်ရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများထည့်ဝင်လှူဒါန်းသည့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ၊ အဖွဲ့ငယ်များအလှူခံရရှိသည့်ငွေများကို စုပေါင်း၍ မီးဘေးသင့်ဒေသများသို့ ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ဆည် နည်းပညာတက္ကသိုလ် ပရဟိတလူငယ်များအဖွဲ့သည် ယမန်နှစ် ရေဘေးသင့်ပြည်သူများကိုလည်း အလားတူလှူဒါန်းထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **အောင်မင်း(စဉ့်ကိုင်)**

# လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**လပွတ္တာ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့၌ ဖေဖော်ဝါရီ ၄ ရက်က မီးဘေးသင့်ခဲ့ရာ အိမ်ခြေ ၁၇၉ လုံး မီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၉၅ စု မီးဘေးသင့်ခဲ့သည်။ မီးဘေးသင့်ပြည်သူများအတွက် လပွတ္တာမြို့ လေးထပ်ပရိယတ္တိစာသင်တိုက်တွင် ယာယီမီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးဘေးကယ်ဆယ်ရေးစခန်းသို့ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် Alpine ကုမ္ပဏီက တစ်လီတာ ရေသန့်ဘူးခြောက်လုံးပါ ကတ် ၁၆၀၀၊ ငါးလီတာရေသန့်ဘူးလတ် ဘူး ၈၀၀၊ ၂၀ လီတာ ရေသန့်ဘူးကြီး ၂၀၀ ကိုလည်းကောင်း၊ မဟာဆွေကုမ္ပဏီ(ရန်ကုန်)က စာရေးကိရိယာခုနစ်ပုံး၊ မားမားခေါက်ဆွဲခြောက်တစ်ပုံး၊ အဝတ်ဟောင်း တစ်ထုပ်၊ စောင်အထည် ၁၀၀၊ ခြင်ထောင်အထည် ၅၀၊ ကလေးအနွေးထည်ဝတ်စုံ ၅၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးဥက္ကဋ္ဌတို့က ငွေကျပ် ၁၁၅ သိန်းကိုလည်းကောင်း၊ မေတ္တာဖြူမိသားစုက စောင်၊ ခြင်ထောင်၊ ပုဆိုး၊ ထဘီ၊ မျက်နှာသုတ်ပဝါအကြီး၊ ကော်ဖီ၊ ဝေဖာ၊ သကြားလုံးပါဝင်သော ပီနံအိတ် ၂၀၅ စုံ၊ CB Bank က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် နှစ်သိန်း၊ သုံးလုံးပါဒန်အိုးတစ်စုံ၊ ယမ်ယမ် ခြောက်ဆွဲခြောက်တစ်ဖာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ပဝါ၊ စာရေးကိရိယာ တစ်ဖာ၊ ယမ်ယမ်အသေးခြောက်ထုပ်၊ အာမိုဆပ်ပြာမှုန့်တစ်ထုပ်၊ သွားတိုက်ဆေးတစ်ဘူး၊ မုန့်မျိုးစုံအထုပ်ကြီးတစ်ထုပ်တို့ကိုလည်းကောင်း၊ ရွှေတောင်ကုမ္ပဏီများအုပ်စုက အိမ်ထောင်စုတစ်စုလျှင် Apache ဘိလပ်မြေအိတ် ၃၀ ဖြင့် အိမ်ထောင်စု ၁၉၇ စုအတွက် ဘိလပ်မြေအိတ် ၅၉၁၀၊ ရန်ကုန်အခြေစိုက် ပရဟိတလူငယ်များကွန်ရက်က ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၀၊ မေတ္တာပန်းခင်း ပရဟိတလူငယ်များအသင်း (ရန်ကုန်) က ငါးခြောက်၊ လက်ဖက်နှင့် အသင့်စားနိုင်သောစားသောက်ကုန်များ စုစုပေါင်းတန်ဖိုးငွေကျပ် ခြောက်သိန်း၊ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက ခြင်ထောင်၊ အိပ်ရာခင်း၊ လုံချည်၊ တီရှပ်နှင့် ကျောင်းသုံးဗလာစာအုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅ သိန်းကျော် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

# အမှတ်(၆) အစုန်မှ လိုက်ပါစီးနင်းကြသောခရီးသည်များအား သီးသန့်နေရာစီစဉ်ပေးခဲ့သဖြင့် တာဝန်ရှိသူအချို့အား စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မှာယူတင်သွင်းခဲ့သော အဆင့်မြင့် ခေတ်မီလေအိတ်စနစ်ပါဝင်သည့် ရန်ကုန်-မန္တလေးလမ်း အမှတ်(၅)အဆန်နှင့် မန္တလေး-ရန်ကုန်လမ်း အမှတ်(၆)အစုန် အမြန်ရထားများအား တွဲဆိုင်းအသစ်များဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အစားထိုးပြေးဆွဲပေးခဲ့ပြီးနောက် ဇန်နဝါရီ ၂၅ ရက်က မန္တလေးဘူတာမှထွက်သည့် အမှတ်(၆)အစုန်၌ လိုက်ပါစီးနင်းကြသောခရီးသည်များအား တာဝန်ရှိသူအချို့က သီးသန့်နေရာစီစဉ်ပေးခဲ့သဖြင့် တိုင်း(၃) မန္တလေးမှ တာဝန်ရှိသူအချို့အား စိစစ်ဖော်ထုတ် အရေးယူစုံစမ်းဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ယနေ့ထုတ်ပြန်သည်။

တိုင်း(၃) မန္တလေးမှ တာဝန်ရှိသူအချို့၏ လုပ်ဆောင်မှုအားနည်းချက်ကြောင့် အထုပ်အပိုးများ၊ သေတ္တာများ၊ ဆိုင်ကယ်များတင်ဆောင်မှုကိစ္စများမှာ လူမှုကွန်ရက်စာမျက်နှာများပေါ်၌ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားပြည်သူအချို့ကလည်း မြန်မာ့မီးရထားမှာ အပြောနှင့်အလုပ်မညီဟု ထင်မြင်ယူဆသွားခဲ့ကြကြောင်း၊ အမှန်တကယ်မှာ တိုင်း(၃)မန္တလေးမှ တာဝန်ရှိသူအချို့က သီးသန့်နေရာလာရောက်တောင်းဆိုကြသော ခရီးသည်များအား နားလည်သဘောပေါက်စေရန် သေချာရှင်းပြပြောဆိုပြီး ပစ္စည်းများတင်နိုင်သည့် ဘရိတ်တွဲများပါသော အခြားရထားတွဲများ၌ စီစဉ်ဆောင်ရွက်ပေးခဲ့လျှင် ယခုကဲ့သို့ ဖြစ်စဉ်များဖြစ်ပွားခဲ့မည်မဟုတ်ကြောင်း၊ ထိုခရီးသည်များအတွက် သီးသန့်နေရာစီစဉ်ပေးမှုများကိုလည်း ဇန်နဝါရီ ၂၆ ရက်က အမှတ်(၄)အစုန် ပြေးဆွဲသောရထားတွဲဆိုင်း၌ ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လက်ရှိအနေအထားအရ အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန်ရထားတွဲဆိုင်းများကိုလည်း ဇန်နဝါရီ ၂၆ ရက်မှစတင်၍ မြန်မာ့မီးရထားရှိ ဌာနပေါင်းစုံမှတာဝန်ရှိသူများက လမ်းပိုင်းအလိုက် ဆက်လက်ကြပ်မတ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

မြန်မာ့မီးရထား၊ စီးပွားရေးဌာနမှ အထွေထွေမန်နေဂျာ ဦးအောင်မြင့်လှိုင်က "ဇန်နဝါရီ ၂၅ ရက်က မန္တလေးဘူတာကထွက်တဲ့ အမှတ်(၆)အစုန်ရထားတွဲဆိုင်းသစ်မှာ ပစ္စည်း၊ အထုပ်အပိုး၊ သေတ္တာ၊ ဆိုင်ကယ်ကိုးစီးက တွဲတစ်တွဲစီမှာပါဝင်ခဲ့တော့ လူမှုကွန်ရက်စာမျက်နှာတွေမှာ တက်လာခဲ့ပါတယ်။ မြန်မာ့မီးရထားလုပ်ငန်းရဲ့ ရရှိပြီးသား ပုံရိပ်တွေဟာ မှေးမှိန်ပျောက်ကွယ်ခဲ့ရပါတယ်။ တကယ်တမ်းတော့ တိုင်း(၃) မန္တလေးမှ တာဝန်ရှိသူအချို့ရဲ့ စီစဉ်မှုအားနည်းခဲ့လို့ ဒီကိစ္စဖြစ်သွားခဲ့ရခြင်းဖြစ်ပါတယ်။

ဒီလိုပစ္စည်းတွေပါတယ်ဆိုရင် ဒုတိယရထားဖြစ်တဲ့ အမှတ်(၄)အစုန်ရထားမှာ သူတို့ကစီစဉ်ပေးရမှာပါ။ လက်ရှိတော့ ပေါ့လျော့စွာလုပ်ဆောင်ခဲ့တဲ့ တိုင်း(၃) မန္တလေးမှတာဝန်ရှိသူများအား စိစစ်ဖော်ထုတ်အရေးယူ စုံစမ်းဆောင်ရွက်ပြီးစီးခဲ့ပါပြီ" ဟု ပြောသည်။

အမြန်ရထားစီးနင်းကြသူများ အဆင်ပြေကြစေရေးအတွက် ရိုးရိုးတန်း၌ ရထားစီးခရီးသည်တစ်ဦးလျှင် အခမဲ့လက်ဆွဲတန်ဆာ ၂၅ ပိဿာနှင့် အထက်တန်း၌ ရထားစီးခရီးသည်တစ်ဦးလျှင် အခမဲ့လက်ဆွဲတန်ဆာ ၃၅ ပိဿာအထိ တင်ဆောင်သယ်ယူခွင့်ပြုထားကြောင်း၊ ထိုပစ္စည်းများမှာလည်း ရောင်းဝယ်ဖောက်ကားကြသော ကုန်ပစ္စည်းများမဟုတ်ဘဲ ခရီးသည်များ၏ တစ်ပိုင်တစ်နိုင် လူသုံးကုန်ပစ္စည်းများသာဖြစ်ရမည်ဖြစ်ကြောင်း၊ ရထားစီးခရီးသွားပြည်သူများကလည်း လိုက်နာဆောင်ရွက်စေချင်ကြောင်း၊ မြန်မာ့မီးရထားမှ အမြန်ရထားစီး ခရီးသည်များအတွက် ထိုသို့သယ်ယူခွင့်ပြုခဲ့သည်မှာ ယခုမှမဟုတ်ဘဲ ယခင်ကာလကတည်းကသာဖြစ်ကြောင်းဖြင့် မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇)မှ လက်ထောက်အထွေထွေမန်နေဂျာ(ပို့ဆောင်ရေး)ဦးကျော်စိုးလင်းက ရှင်းပြခဲ့သည်။

ရန်ကုန်-မန္တလေးလမ်း အမှတ်(၅)အဆန်နှင့် မန္တလေး-ရန်ကုန်လမ်းအမှတ်(၆)အစုန် အမြန်ရထားများကို တွဲဆိုင်းအသစ်မလဲလှယ်မီက ထိုင်ခုံမဲ့လက်မှတ်လုံးဝမရောင်းချရန်၊ ခရီးသည်နှင့်အတူ ပါလာမည့်ခွင့်ပြုအလေးချိန်အတွင်းပစ္စည်းများသာတင်ဆောင်ရန်၊ ယခင်ကကဲ့သို့ ရထားထိန်းတွဲ၌ တန်ဆာဖြင့်တင်ဆောင်ခွင့်ပြုထားသော ရောင်းဝယ်ဖောက်ကားမှုပစ္စည်းများကို တင်ဆောင်ခွင့်မပြုရန်၊ လက်မှတ်မဲ့များနှင့် ဈေးသည်များမပါရှိရန်အတွက် တိုင်းမန်နေဂျာများက ကိုယ်တိုင်တာဝန်ယူရန်၊ လက်မှတ်စစ်ကွင်းဆက်ဇယားအတိုင်း မပျက်မကွက်စစ်ဆေးရန်၊ စက်မှုဌာနနှင့် သွားလာ၊ စီးပွားဌာနမှ ရထားတာဝန်မှူးများက နေ့စဉ်လိုက်ပါရန်၊ တွဲထိန်းများတွဲအလိုက် အင်အားပြည့်လိုက်ပါရန်၊ ခရီးသည်အသိပေးကြေညာချက်များကို ရထားစတင်ထွက်ခွာချိန်မှ ခရီးဆုံးအထိနှင့် လမ်းခရီးဘူတာရောက်၊ ထွက်တိုင်းအသိပေးရန်၊ တွဲတံခါးများကို ရထားမထွက်မီပိတ်ရန်၊ ဘူတာတွင်ရပ်ပြီးမှဖွင့်ရန်နှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများကိုပင် မည်သည့် pass များနှင့်မှ စီးနင်းမှုမပြုရန် စသည့်သတ်မှတ်ချက်များကို နေပြည်တော်၌ ကျင်းပသည့် မြန်မာ့မီးရထားဒုတိယလေးလပတ် အစည်းအဝေးတွင် ကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ခေါ်ယူမှာကြားခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထားလုပ်ငန်း၌ ပြေးဆွဲမှုအခက်ဆုံးလမ်းပိုင်းမှာ ရန်ကုန်မြို့ပတ်လမ်းပိုင်းဖြစ်ပြီး ဒုတိယအခက်ဆုံးလမ်းပိုင်းမှာ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းဖြစ်ကြောင်းနှင့် တတိယအခက်ဆုံးလမ်းပိုင်းများမှာ ကျန်ရှိရထားလမ်းပိုင်းများဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကမှာယူတင်သွင်းခဲ့သော ၃၈ တွဲအနက် တွဲတော်တော်များများရောက်ရှိခဲ့ပြီဖြစ်သဖြင့် လာမည့်မတ်လ၌ အမှတ် (၇၁) အဆန် (၇၂) အစုန်ပြေးဆွဲနေသော ရန်ကုန်-ပြည်လမ်းပိုင်းပြေးဆွဲနေသည့် ရထားတွဲဆိုင်းကို အစားထိုးပြေးဆွဲတော့မည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာနှစ်ဘတ်ဂျက်ကာလတွင်လည်း ကိုရီးယားနိုင်ငံ EDCF မှချေးငွေ ဒေါ်လာသန်း ၁၀၀ ရယူအသုံးပြုကာ တွဲအသစ်များဝယ်ယူရန်အတွက် စာချုပ်လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ အဲယားကွန်းအထက်တန်းတွဲ ၂၀၊ အဲယားကွန်းမပါသော အထက်တန်းတွဲ ၂၀ နှင့် ရိုးရိုးတန်းတွဲ ၆၀ ဖြင့် တွဲပေါင်း ၁၀၀ ဝယ်ယူရန် စီစဉ်ထားပြီးကြောင်းနှင့် ခရီးသည်စီးနင်းမှုအများဆုံးဖြစ်သည့်လမ်းပိုင်းများ၌ အစားထိုး ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ပြေးဆွဲနေသောရထားတွဲဆိုင်းများ စာရင်းအရ ခရီးဝေးခရီးတိုရထားတွဲဆိုင်း အစင်း ၂၀၀ နှင့် ရန်ကုန်မြို့ပတ်ရထားတွဲဆိုင်း ၂၁၅ စင်းရှိပြီး တစ်ရက်လျှင် ရထားတွဲဆိုင်း ၄၁၅ စင်း ပြေးဆွဲလျက်ရှိကြောင်း၊ လိုက်ပါစီးနင်းကြသောခရီးသည်ဦးရေမှာ တစ်ရက်လျှင် တစ်သိန်းခွဲရှိကြောင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းနှင့် ရန်ကုန်-ပြည်လမ်းပိုင်း၌ ရထားစီးနင်းကြသောခရီးသည်များ ပိုမိုများပြားသဖြင့် အသစ်ရောက်ရှိမည့် ရထားတွဲများကို ထိုလမ်းပိုင်းများ၌သာ အစားထိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြစ်ငယ်စက်ရုံမှတွဲသစ်များထုတ်လုပ်၍လည်း မကြာမီကာလတွင် တွဲဆိုင်းသစ်များဖြင့် ရထားတွဲများကို အစားထိုးပြေးဆွဲသွားရန် စီစဉ်ထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ထပ်မံသိရသည်။

**သတင်း စိုးဝင်း(SP)**
**ဓာတ်ပုံ-တင်လှမောင်**



**ရန်ကုန်-မန္တလေးလမ်း အမှတ်(၅)အဆန် ရထားတွဲဆိုင်းသစ်မှ ရထားစီးခရီးသည်များအား တွေ့ရစဉ်။**

## အမရပူရမြို့နယ်၌ ဘုရားဖူးယာဉ်မီးလောင်

**မြစ်ငယ် ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျောက်စိမ်းဘုရားအနီး၌ ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က လိုက်ထရပ်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့မှ ယာဉ်မောင်း ကိုကျော်မြစိုးမောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် မန္တလေးတက္ကသိုလ်ဘွဲ့နှင်း သဘင်သို့ တက်ရောက်သူအား လိုက်ပို့ပြီး မြင်းခြံမြို့အပြန်တွင် ဝေရောစန ကျောက်စိမ်းစေတီ ဖူးမြော်ရန် လာရောက်ရာမှ လိုက်ထရပ်ယာဉ်သည် ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းလိုက်ထရပ်ယာဉ် မီးလောင်မှုအား အမရပူရမြို့ လက်ထောက်မီးသတ်ဦးစီးဌာနမှူး ဦးဇေယျာအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့၍ ငြိမ်းသွားခဲ့သည်။

အဆိုပါ ဘုရားဖူးယာဉ်တွင် လိုက်ပါလာသော ဘုရားဖူးခရီးသည်များအား ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**





## အမှိုက်ပုံမီးရှို့ရာမှ မီးကူးစက်လောင်

**ထားဝယ် ဖေဖော်ဝါရီ ၇**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မောင်းမကန်နယ်မြေပိုင် ကမြောကြီးကျေးရွာအုပ်စု ကဘူကျေးရွာ၌ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်က ပိုင်ရှင် ဦးကျော်ဝင်း၏ ရေခဲစက်ရုံအတွင်းရှိ ကြက်ခြံအနီး၌ ခြံစောင့် ဦးဝင်းခိုင်က အမှိုက်များမီးရှို့ရာကတစ်ဆင့် အနီးရှိလူနေအိမ်များ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ထားဝယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ်ခြောက်စီး၊ လောင်းလုံးမြို့နယ်မီးသတ်စခန်းမှ သုံးစီး၊ မောင်းမကန်နယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ယင်းကျေးရွာ အရန်မီးသတ်တပ်ဖွဲ့မှတစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ၁၂ စီး၊ ရပ်ကွက်မှ ထော်လာဂျီရေသယ်ယာဉ်များ၊ သန္နွေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ စုစုပေါင်း ၂၀၀ ခန့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ တစ်နာရီကျော်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် နေအိမ် ၁၅ လုံးခန့် မီးလောင်ဆုံးရှုံးခဲ့သည်။

မီးဘေးသင့်ပြည်သူများအား ကဘူကျေးရွာ အင်္ဂလိတောင်ဘုန်းကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး ပြစ်မှုကျူးလွန်သူကို မောင်းမကန်နယ်မြေ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိန်ဝင်း (ထားဝယ်)**

# ကော့သောင်းမြို့၌ အရှေ့လေပြင်းများတိုက်ခတ်

**ကော့သောင်း ဖေဖော်ဝါရီ ၇**

တရုတ်နိုင်ငံ၌ ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားများ ရပ်ဝန်း တိုးဝင်လာမှုကြောင့် အင်ဒိုချိုင်းနားကျွန်းဆွယ်တစ်ခုလုံးအပေါ် အရှေ့လေပြင်းများ တိုက်ခတ်လာနေကြောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ဖြစ်ပေါ်လျက်ရှိသည့် လေတိုက်နှုန်း၊ ပင်လယ်လှိုင်း အခြေအနေများမှာ ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီခွဲ နောက်ဆုံးတိုင်းတာမှုအရ ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေတိုက်နှုန်း 2.5 - 15 mph၊ လှိုင်းအမြင့် (၃-၄ ပေ)၊ မြစ်ဝကျွန်းပေါ်နှင့် မုတ္တမကွေ့ ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေတိုက်နှုန်း 23-25 mph လှိုင်းအမြင့် (၄-၅ ပေ)၊ တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေတိုက်နှုန်း 28 mph လှိုင်းအမြင့်(၆-၈ ပေ)၊ မြစ်ဝကျွန်းပေါ်-မွန်-တနင်္သာရီ-ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် အရှေ့လေပြင်းများ 20-30 mph ခန့်တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၄ -၈ ပေခန့်အထိရှိနိုင်ကြောင်း၊ အဆိုပါ လေပြင်းနှင့် လှိုင်းကြီးမှုကို ဖေဖော်ဝါရီ ၉ ရက်အထိ ကြုံတွေ့နိုင်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကုန်းတွင်းဒေသများအထိ လေတိုက်နှုန်း 10-15 knots (12-17 mph) နှင့် တစ်ခါတစ်ရံ 20 knots (23 mph) ခန့်တိုက်ခတ်နိုင်ကြောင်း မိုးလေဝသဆိုင်ရာသတင်းများအရသိရသည်။



လေပြင်းတိုက်ခတ်မှုကြောင့် ပင်လယ်ပြင်မထွက်နိုင်သည့် စက်လှေများကို ကော့သောင်းမြို့ဆိပ်ကမ်း၌ တွေ့ရစဉ်။

အဆိုပါ မိုးလေဝသဖြစ်စဉ်၏ အကျိုးသက်ရောက်မှုအဖြစ် မြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဖေဖော်ဝါရီ ၆ ရက် ညဦးပိုင်းမှ စတင်ကာ အရှေ့လေပြင်းများ တိုက်ခတ်မှုခံစားနေရပြီဖြစ်သည်။ အဆိုပါ အရှေ့လေပြင်းများ တိုက်ခတ်မှုကြောင့် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့အတွင်း လေတိုက်နှုန်းမြင့်မားသဖြင့် မြို့၏ပင်လယ်ကမ်းစပ်သို့ လှိုင်းလုံးကြီးများ ဝင်ရောက်လျက်ရှိပြီး ငါးဖမ်းလှေများ လုပ်ငန်းခွင်သို့ထွက်ခွာနိုင်ခြင်းမရှိဘဲ ဆိပ်ကမ်းများ၌ ဆိုက်ကပ်ထားရကြောင်း၊ ဆိုက်ကပ်ထားသည့် ငါးဖမ်းလှေတချို့ ဆိပ်ကမ်းတွင်လှိုင်းဒဏ်ကြောင့် နစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများ အိမ်တချို့ အမိုးသွပ်များလန်ထွက်ခြင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်းဖြစ်စဉ်များ ကြုံတွေ့နေကြကြောင်း၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ မြို့နေပြည်သူများလေတိုက်နှုန်းမြင့်မားလွန်းသဖြင့် မီးသုံးစွဲရာတွင် အထူးသတိပြုကြရန် မြို့ပေါ်ရပ်ကွက်များ၏ အရန်မီးသတ်တပ်ဖွဲ့ အကူအညီဖြင့် လိုက်လံနှိုးဆော်သတိပေးဆောင်ရွက်မှုများလုပ်ဆောင်လျက်ရှိကြောင်း၊ ဒေသတာဝန်ရှိအဖွဲ့အစည်းများမှ ပင်လယ်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည့် ပြည်သူများအား ဘေးအန္တရာယ်မကျရောက်စေရေးအသိပေးနှိုးဆော်မှုများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



ဇင်းကျိုက်ဘူတာရုံ အမိုးသွပ်များလန်နေသည်ကို တွေ့ရစဉ်။

အလားတူ မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ဇင်းကျိုက်ဘူတာရုံ ခရီးသည်နားနေဆောင်နှင့် ပလက်ဖောင်းစင်္ကြံတို့တွင် ယနေ့ နံနက် ၈ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အမိုးသွပ်အချပ် ၅၀ ကျော်ခန့် လေထဲသို့ လွင့်ပါပျက်စီးသွားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)၊ မောင်မောင်(မုဒုံ)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၌ ၄ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့၊ မိုးမိတ်မြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**


# ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၇-၂-၂၀၁၆ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှချီးမြှင့်သော

**"စီးပွားထူးချွန်ဆုတတိယအဆင့်"**

ချီးမြှင့်ခံရသော ဝမင်းကုမ္ပဏီများအုပ်စုလီမိတက်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။ ယခုထက်ပို၍ ဆတိုး တိုးတက်အောင်မြင်စေလိုကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မှ

ကိုဇော်လတ်နှင့် မဝေသစ်



ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း)
Language Academy
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်။ 202046, 392048

သူငယ်တန်းဖြေမှ (၉)တန်းဖြေကလေးများအတွက်
4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 14 စပါမည်။
သင်တန်းကြေး-၆၀၀၀၀/
ကျောင်းကားစုံစမ်းနိုင်ပါသည်။

၁၀ တန်းအထောက်အကူပြု
(၆+၇)တန်း
ဖြေဆိုထားသူများအတွက်
Grammar သင်တန်းများ ၄၀၀၀၀/
7:30 - 9 (Mon to Thurs) Mar 14
1 - 2:30 (Mon to Thurs) Mar 14

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၆+၇) တန်းဖြေ - Level 1
(၈+၉) တန်းဖြေ - Level 2
Letter Writing + Essay
7:30 - 10:30 (Sat + Sun) Mar 12
12 - 3:00 (Sat + Sun) Mar 12

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူနှင့်အလုပ်ကောင်းရလိုသူများအတွက်

BASIC ENGLISH SPEAKING
10-12:00 (Mon ~ Thurs) 1 Feb
3:30 - 5 (Mon ~ Thurs) 8 Feb
7:30 - 9 (Mon ~ Thurs) 29 Feb

BASIC FOUR SKILLS ENGLISH
1:00- 4:00 (Sat + Sun) 6,21 Feb
7:30 - 9 (Mon ~ Thurs) 8 Feb
1 - 2:30 (Mon ~ Thurs) 8 Feb
9 - 12:00 (Sat + Sun) 13 Feb
10-11:30 (Mon ~ Thurs) 15 Feb
6 - 7:30 (Mon ~ Thurs) 15 Feb

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 9 Feb
9 - 12:00 (Sat + Sun) 13 Feb
7:30 - 9 (Mon ~ Thurs) 22 Feb
6 - 7:30 (Mon ~ Thurs) 14 Mar

INTERMEDIATE (ACADEMIC ENGLISH)
1:00 - 4:00 (Sat + Sun) 6 Feb
3:30-5:30 (Mon ~ Thurs) 22 Feb

VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 20 Feb

BASIC WRITING
10-12:00 (Mon ~ Thurs) 23 Feb

BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 22 Feb

IELTS (Four Skills)
7:30-9:30 (Mon ~ Thurs) 15 Feb
IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 15 Feb
IELTS (Reading)
1 - 3:00 (Mon ~ Thurs) 15 Feb
IELTS (Writing)
7:30 - 9 (Mon ~ Thurs) 15 Feb
IELTS (Grammar)
10-11:30 (Mon ~ Thurs) 8 Feb

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 15 Feb
1 - 2:30 (Mon ~ Thurs) 22 Feb
10-11:30 (Mon ~ Thurs) 29 Feb

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 15 Feb

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 29 Feb

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 15,29 Feb
3:30 - 5 (Mon ~ Thurs) 15 Feb
2 - 5:00 (Sat + Sun) 20 Feb
10-11:30 (Mon ~ Thurs) 22 Feb
6 - 7:30 (Mon ~ Thurs) 22 Feb
9 - 12:00 (Sat + Sun) 27 Feb

IELTS (Preparation)
12:30 - 3:30 (Sat + Sun) 6 Feb

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၈+၉)တန်းဖြေထားသူများအတွက်
Letter Writing + Essay သင်တန်းများ ၄၀၀၀၀/
7:30-10:30 (Sat + Sun) 12 Mar
7:30-9:00 (Mon to Thurs) 14 Mar

၁၀ တန်းအထောက်အကူပြု
(၆+၇)တန်း
ဖြေဆိုထားသူများအတွက်
Grammar သင်တန်း
12 - 3:00 (Sat + Sun)
March 12 စပါမည်။ ၄၀၀၀၀/

# ဘော်လခဲမြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ



**ဘော်လခဲ ဖေဖော်ဝါရီ ၇**

ကယားပြည်နယ် ဘော်လခဲခရိုင်၊ ဘော်လခဲမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအား ယမန်နေ့ ညနေ ၃ နာရီက ဘော်လခဲမြို့မ အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဗိုလ်လုပွဲသို့ ဘော်လခဲမြို့ပေါ်ရပ်ကွက်ဖြစ်သည့် ရှမ်းပိုင်းအသင်းနှင့် စောင်းလော့ကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပိုင်းအသင်းက စောင်းလော့အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ တတိယရရှိသော ရွာသစ်အသင်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှလည်းကောင်း၊ ဒုတိယဆုရရှိသော စောင်းလော့အသင်းအား တစ်ဦးချင်း ငွေတံဆိပ်ဆုကို မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဝင်းကလည်းကောင်း၊ ငွေသားဆု ငွေကျပ်သုံးသိန်းအား ကယားဖူးကုမ္ပဏီမှ ဦးကြည်စိန်က လည်းကောင်း၊ ပထမဆုရရှိသော ရှမ်းပိုင်းအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝက ငွေသားဆု ငါးသိန်းနှင့် ဆုတံဆိပ်များပေးအပ်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တံခွန်စိုက်ဆုဖလား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ဟံသာဝတီအသင်းနိုင်ပွဲဆက်ပြီး အသင်းကြီးအများစုနိုင်ပွဲပျောက်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

အောင်ဆန်းကွင်း၌ကျင်းပသောပွဲတွင် ရခိုင်အသင်းနှင့် မကွေးအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ မကွေးအသင်းမှာ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီးပုံ မှန်ခြေစွမ်းပျောက်ဆုံးနေသောကြောင့် နောက်မှလိုက်ကစားကာ သရေတစ်မှတ်ရခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းသည် သရေတစ်မှတ်ရရှိရေးအတွက်သာ ကြိုးပမ်းခဲ့ပြီး မကွေးအသင်းမှာ ယခုပွဲသရေရလဒ်ကြောင့် ထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် ငါးမှတ်အထိ ကွာဟသွားပြီဖြစ်သည်။

မကွေးအသင်းမှာ အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ကွင်းလယ်ပိုင်းကို အပြောင်းအလဲလုပ်ခဲ့သည်။ ရခိုင်အသင်းမှာ နိုင်ငံခြားသား ကစားသမားအပါအဝင် လူစုံအသုံးပြုခဲ့ပြီး မကွေးအသင်းကို အပြန်အလှန် ကစားနိုင်ခဲ့သည်။ ၁၇ မိနစ်တွင် ရခိုင်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဘရာဇီးတိုက်စစ်မှူး အန်ဒရေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ချင်းအသင်းကို ရှုံးခဲ့သည့်ပွဲကတည်းက ကစားပုံပျက်သွားသည့် မကွေးအသင်းမှာ ယခုပွဲတွင်လည်း ရုန်းကန်ခဲ့ရပြီး အပြောင်းအလဲမလုပ်နိုင်သေးပေ။ ၅၂ မိနစ်တွင် မကွေးအသင်း ချေပဂိုးပြန်ရခဲ့ပြီး နောက်ခံလူ မိုက်ကယ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရရှိရန် ကြိုးပမ်းသော်လည်း သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။



ရခိုင်နှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

အခြားပွဲစဉ်များတွင် မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ဇွဲကပင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ဗစ်တာက ဇေယျာရွှေမြေအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ဇွဲကပင်အတွက် ချေပဂိုးကို ကောင်းစည်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရလဒ်ကောင်းများရနေသည့် ဟံသာဝတီအသင်းမှာ တန်းတက် Horizon အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ်(၅)အပြီးတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့က ၁၃ မှတ်စီရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက ထိပ်ဆုံး၌ ဦးဆောင်နေသည်။ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ဇေယျာရွှေမြေအသင်းက ကိုးမှတ်၊ မကွေးအသင်းကရှစ်မှတ်၊ ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့က ခြောက်မှတ်စီ၊ ရခိုင်အသင်းက ငါးမှတ်၊ ရန်ကုန်၊ ချင်းယူနိုက်တက်နှင့် Horizon အသင်းတို့က လေးမှတ်စီရရှိထားပြီး Southern အသင်းက အမှတ်မရသေးပေ။

❒ သတင်း - ညီမြတ်သော်တာ

○ *ကျော်ဖုံးမှ*

သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီ လျှော့ရိုက်ကာ ပူးတွဲဒုတိယဆုရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ Leopalace 21 ဥက္ကဋ္ဌ Mr.Eisei Miyama နှင့် Asian Tour ဥက္ကဋ္ဌ ဦးကြည်လှဟန်တို့က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက Title Sponsor ဖြစ်သည့် Leopalace 21 ကိုလည်းကောင်း၊ Asian Tour ဥက္ကဋ္ဌ ဦးကြည်လှဟန်က ရှိုင်ရယ် မင်္ဂလာဒုံ ဂေါက်ကွင်းတာဝန်ရှိသူကိုလည်းကောင်း အမှတ်တရလက်ဆောင် ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက မြန်မာကစားသမားများထဲတွင် အကောင်းဆုံးရိုက်နိုင်ခဲ့သည့် အောင်ဝင်းကို လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ပူးတွဲဒုတိယဆုရ ယာနို(ဂျပန်) နှင့် ဂျူဝန်ပတ်ခ် (တောင်ကိုရီးယား) တို့ကိုလည်းကောင်း ဆုချီးမြှင့်သည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် Leopalace 21 ဥက္ကဋ္ဌတို့က ပထမဆုရ နောရစ် (တောင်အာဖရိက)ကို ဆုဖလားနှင့် ဆုကြေးအမေရိကန်ဒေါ်လာ ၁၃၅၀၀၀ ပေးအပ်ချီးမြှင့်သည်။ ယင်းပြိုင်ပွဲတွင် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ပေး အပ်ချီးမြှင့်ခဲ့သည်။

## ဥရောပ ဘောလုံးပွဲများ အနိုင်/အရှုံး

၇ - ၂ - ၂၀၁၆

| | | | | | |
|---|---|---|---|---|---|
| ဘုန်းမောက် | ၀ - ၂ | အာဆင်နယ် | ဗီရိုနာ | ၃ - ၃ | အင်တာ |
| လီဗန်တေး | ၀ - ၂ | ဘာစီလိုနာ | လိုင်လီ | ၁ - ၁ | ရင်းနက်စ် |


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးမျိုးမောင်(စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး)-
ဒေါ်ငွေးရီ (M.D of Apple Villa Co.,Ltd.)
တို့၏သား

**မောင်မျိုးဟိန်း**
**B.A (Geography), Level 5 Diploma in Computing (L5DC)**
**Director of Apple Villa Co.,Ltd.**

**နှင့်**

နေပြည်တော်နေ
ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)-ဒေါ်သက်သက်အောင်
တို့၏သမီး

**ဒေါက်တာသဥ္ဇာအောင်**
M.B.,B.S (YGN), Master of Business Administration

တို့သည် ၇-၂-၂၀၁၆ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်မျိုးဟိန်း-ဒေါက်တာသဥ္ဇာအောင်**



## အမည်ပြောင်း

ဦးစန်းမြင့် ၁၂/ဒပန(နိုင်)၀၅၄၄၈၀၏ သားနှင့်သမီးများဖြစ်ကြသော အလက (၅)ဒဂုံတောင်ပိုင်း ပထမတန်း(B)မှ မနှင်းကေခိုင်အား မထက်ထက်လင်းဟုလည်းကောင်း၊ မောင်ဘုန်းပြည့်လျှံအား မောင်နိုင်လင်းထွန်းဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။ **မထက်ထက်လင်း**
**မောင်နိုင်လင်းထွန်း**



ရွှေခိုးစည် ရွှေစက်တော်ဖွင့်ပွဲအထူးခရီးစဉ် Feb11
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ခွယ်တော်လေးဆူ ပြည့်ငါးပြည့်)၊ ပခုက္ကူ 65000/- 50% Dis
■(အလောင်းတော်ကဿပ+မုံရွာ) / မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ ■မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ Feb , 11
■ကျိုက်ထီးရိုး / ချောင်းသာ (နေပြည်) 373275, 708342, 0949219404



**ဖခင်အမည်မှန်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နေ မောင်လင်းပြည့်သျှံ၊ ဒုတိယတန်း (အမက ၁၆၃)တို့၏ ဖခင်အမည်မှန်မှာ ဦးသန်း ၉/ပမန(နိုင်)၁၃၀၂၃၉ဖြစ်ပါသည်။ **ဦးသန်း ၉/ပမန(နိုင်)၁၃၀၂၃၉**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တင်ဒါခေါ်ယူရေးအဖွဲ့
မွန်ပြည်နယ်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အတွင်း သိမ်းဆည်းရမိသော တရားရုံးပြီးပြတ်မော်တော်ယာဉ်များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၉-၂-၂၀၁၆ ရက်၊ ၉း၃၀နာရီ (အင်္ဂါနေ့)

**တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၁၆-၂-၂၀၁၆ ရက်၊ ၁၆း၀၀နာရီ (အင်္ဂါနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။
ဖုန်း-၀၅၇-၂၄၆၁၁(မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး)
၀၅၇-၂၄၈၀၁

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မွန်ပြည်နယ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး

## လျှောက်လွှာခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ အမှုထမ်း ရာထူးနေရာ(၁၇၀)အား ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| (၁) ဓာတ်ခွဲခန်းကျွမ်းကျင်(၃) | (၅)နေရာ | | (၇) ကျောင်းရုံးအကူ | (၁၅)နေရာ |
| (၂) အငယ်တန်းစာရေး | (၃၀)နေရာ | | (၈) သန့်ရှင်းရေးအကူ | (၁၆)နေရာ |
| (၃) ယာဉ်မောင်း(၅) | (၁၂)နေရာ | | (၉) အစောင့် | (၇)နေရာ |
| (၄) စာကူးစက်လှည့်အကူ | (၅)နေရာ | | (၁၀) လုပ်ငန်း(ဥယျာဉ်) | (၅)နေရာ |
| (၅) စက်မောင်း(၅) | (၅)နေရာ | | (၁၁) အထွေထွေလုပ်သား | (၆၆)နေရာ |
| (၆) လုပ်သား(သိပ္ပံခန်း) | (၅)နေရာ | | | |

၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံများကို သက်ဆိုင်ရာမြို့နယ်/ ခရိုင်ပညာရေးမှူးရုံးများတွင် အခမဲ့ထုတ်ယူလျှောက်ထားရပါမည်။

၃။ လျှောက်လွှာ(၄)စုံကို သက်ဆိုင်ရာခရိုင်/မြို့နယ်ပညာရေးမှူးရုံးများတွင် ၁၁-၂-၂၀၁၆ ရက် နောက်ဆုံးထားပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

၄။ အသက်ကန့်သတ်ချက်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်အထိ တွက်ချက်ပြီး အသက်(၂၈)နှစ်ထက် မကြီးသူဖြစ်ရမည်။

၅။ အသေးစိတ်သိရှိလိုသည်များကို မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ခရိုင်/မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။ **မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး**



**ဖခင်မည်မှန်**

အုတ်တွင်း အထက နဝမတန်း(F)မှ မချမ်းမြေ့ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၇/အတန(နိုင်)၁၁၅၅၉၉ ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၀၀၈၇)၊ ဧရိယာ ဝဒသမ၁၁၀ဧက ဒေါ်နီနီဝင်းအမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၃၀/၂၀၁၅ဖြင့် ဒေါ်နီနီဝင်း၏ အထူးကိုယ်စားလှယ် ဒေါ်လှနွဲ့ ၁၂/ကမရ(နိုင်)၀၃၂၃၇၈(ဘ) ဦးစိန်မှမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


**စာအုပ်စာပေလူ့မိတ်ဆွေ**

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

| | |
|---|---|
| ၈၁ | လက်ခစား အပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက်အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၈၂ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံခြား သံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ်နိုင်ငံတော်သို့ထောက်ပံ့သည့် ငွေဖြင့် ဝယ်ယူသော ကုန်စည်များ။ |
| ၈၄ | ပြည်ပသို့ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၅ | လေယာဉ် သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၆ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်ကအခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းမှအပ ဖြစ်သည့် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း(မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ စက်ယန္တရားများဖြင့် သယ်ပို့ပေးခြင်း)။ |
| ၈ | အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အရင်းအနှီးဈေးကွက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | နာရေးဝန်ဆောင်မှု လုပ်ငန်းများ။ |
| ၁၅ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ မျက်မမြင် အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | လမ်းအသုံးပြုခ ကောက်ခံသည့်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | တိရစ္ဆာန်ကျန်းမာရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ပြည်ပလေကြောင်းခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အများပြည်သူခရီးသည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း(ဘတ်စ်ကား၊မီးရထား၊ကူးတို့သင်္ဘော)။ |
| ၂၄ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၅ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှုဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမှုနှင့် အကျုံးဝင်သည့် နိုင်ငံခြား သံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၇ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေသို့မဟုတ် နိုင်ငံတော်သို့ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၈ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ(နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

(င) ပုဒ်မခွဲ(ဃ)ပါဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) ပြည်တွင်းလေကြောင်း ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုများမှ ခရီးသည်ပို့ဆောင်ခရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ဆ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ အဆောက်အအုံဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကို ခံစားခွင့်ရှိစေရမည်။

၁၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ဂ) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်းရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်းတွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း(၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်း အထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်းဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (၁) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ရာခိုင်နှုန်း |
| (၄) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ရာခိုင်နှုန်း |
| (၅) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ရာခိုင်နှုန်း |
| (၆) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ရာခိုင်နှုန်း |

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(ဂ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-ကအရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၂။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ၊ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ်-

(က) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါအခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေဖြစ်ပါက ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆိုအခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့်ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီးကျန်စည်းကြပ်မှုမှလွတ်ကင်းနေသောဝင် ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါအခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁ - ၃၀၀,၀၀,၀၀၀ | ၁၅% |
| (ခ) | ၃၀၀,၀၀,၀၀၁ - ၁၀၀၀,၀၀,၀၀၀ | ၂၀% |
| (ဂ) | ၁၀၀၀,၀၀,၀၀၁ နှင့်အထက် | ၃၀% |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့်-

(က) အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က) ပါဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ၂၅ ရာခိုင်နှုန်းဖြင့်ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါကအောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှ ကျပ် သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀ % |
| (၂) | ညီမျှ ကျပ် သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) အထိ | ၄၅ % |
| (၃) | ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၁)နှင့်အထက် | ၅၀ % |

(ခ) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သောကုမ္ပဏီမှအပ ဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်အတွင်း ဝင်ငွေ ကျပ်သိန်း ၁၀၀ထိဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့အရအခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင် အတူနေမိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါ သက်သာခွင့်ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂) ပါတစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင်ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၂။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့်ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်းဆုငွေကိုတစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀အထိ၊

(ခ) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်းဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊

(င) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ကရုဏာကြေး၊

(စ) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

၃၄။ ဤဥပဒေ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၈)**

**အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ**

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) မုတ်ကောင် ဝတ်ဆံသွင်းအခွန်၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)

(ဍ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊

(ဒ) ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များတူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ် ရတနာများထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-

(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ) နှင့် (ဂ) အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ် မှု လုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂)ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့်ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

**အခန်း(၉)**

**အထွေထွေ**

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့်ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

၄၀။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)အရ တပ်ရိုက်သည့်ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏တစ်ဆယ်ရာခိုင်နှုန်းအား သတင်းပေးတင်ပြသူကိုလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား ရှာဖွေဖမ်းဆီးသည့်အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မအူပင်မြို့တွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆွေးနွေးပွဲကျင်းပ

**မအူပင် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် Church World Service (CWS) အဖွဲ့တို့ ပူးပေါင်း၍ ၎င်းအဖွဲ့နှင့် တွဲဖက်လုပ်ကိုင်နေသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွှန့်ဝေက အမှာစကားပြောကြားပြီး လူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေး စီမံချက်လုပ်ငန်းစဉ်များကို CWS မှ ဦးရဲထွေးက ရှင်းလင်းတင်ပြကာ မြို့နယ် လူမှုဝန်ထမ်း ဦးစီးဌာနမှ တာဝန်ခံ ဦးဝင်းဌေးက ကော်မတီအဆင့်ဆင့် ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ဝေသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် မေးခွန်းဟောင်းဘာသာစုံကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်းများသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့စဉ်။

မီးမီး(လှိုင်)

# ကျွန်တော်နဲ့ စီးပွားရေးဖိုရမ်



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

*တစ်နေ့ကကျွန်တော် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ကျင်းပတဲ့စီးပွားရေးဖိုရမ်ကို တက်ရောက်နိုင်ခဲ့ပါတယ်။ တာဝန်ယူတဲ့ အဖွဲ့အစည်းက ရန်ကုန်စီးပွားရေးတက္ကသိုလ်နဲ့ စီးပွားရေးဘွဲ့ရအသင်းတို့ဖြစ်ကြတယ်။ အသင်းရဲ့ဥက္ကဋ္ဌက ကျွန်တော့်ကို ဖိုရမ်မှာစာတမ်းတစ်စောင်ဖတ်ဖို့ပြောခဲ့တာ။ လုပ်တဲ့နေ့နီးမှ နိုင်ငံခြားခရီးစဉ်တစ်ခုနဲ့တိုက်ဆိုင်နေတာမို့ အစီအစဉ်ထဲမှာပါဝင်တဲ့ အချိန်ရွှေ့ပြီး ဖွင့်ပွဲအခမ်းအနားမှာ ပြောခွင့်ပေးဖို့ အသင်းဥက္ကဋ္ဌဖြစ်သူ ဦးတင်ဝင်းအောင်ကို ခွင့်ပန်ခဲ့ပါတယ်။ အခုလို အချိန်ရွှေ့ရတာခက်တာမို့ ကျွန်တော်ကအားနာလှပေမယ့် အခြေအနေအရ ဖွင့်ပွဲမှာ ပြောပြီးပြီးချင်း ခရီးထွက်ဖို့နိုင်ငံခြားကိုသွားရမှာမို့ သူကလည်း အချိန်ဇယားကို ပြင်ဆင်ပေးခဲ့ပါတယ်။*

ဖွင့်ပွဲက နံနက် ၉ နာရီ စမှာမို့ ကျွန်တော်က ခပ်စောစောသွားခဲ့တယ်။ မတွေ့တာကြာပြီဖြစ်တဲ့ ဆရာ ဆရာမတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ တပည့်တွေကို တွေ့ရဖို့ဖြစ်ပါတယ်။ အမှန်တော့ ကျွန်တော်ဟာ စီးပွားရေးတက္ကသိုလ်မှာ ၁၉၆၆ ခုနှစ်ကနေ ၁၉၈၉ ခုနှစ်အထိ နှစ်ပေါင်း ၂၀ ကျော် တာဝန်ယူခဲ့တာမို့ သံယောဇဉ်ကြီးတယ်။ ယနေ့အထိလည်း အခွင့်အရေးရတိုင်းကျောင်းမှာ စာသင်လျက်ရှိတယ်။ အခုလိုစာသင်ခွင့်ရတာမို့ လူငယ်တွေနဲ့ ထိတွေ့ခွင့်ရခဲ့တယ်။ သူတို့ရဲ့စိတ်နေသဘောထား၊ သူတို့ရဲ့ မျှော်မှန်းချက်တွေ၊ အိပ်မက်တွေကို တွေ့ခွင့်ရခဲ့တယ်။ သူတို့တစ်တွေဟာ နိုင်ငံရဲ့ အနာဂတ်တွေပါ။ အလွန်ထူးချွန်ကြတယ်။ စိတ်ထားတွေမြင့်မားကြတယ်။ အင်အားအပြည့် တိုင်းပြည်တိုးတက်ရေးကို စိတ်ဝင်စားကြတယ်။ တစ်ခါတလေ ကျွန်တော်တို့ဟာ လူငယ်တွေအပေါ် အမြင်စောင်းကြတယ်။ ကိုယ်ကိုယ်တိုင်ငယ်ရာကကြီးလာတာကို မေ့နေကြတယ်။ လူငယ်တွေရဲ့ လျှပ်ရှားမှုတွေ၊ တက်ကြွမှုတွေကို သံသယရှိကြတယ်။ ဝေဖန်ကြတယ်။ တကယ်တော့လူငယ်တွေရဲ့ မြတ်နိုးစရာအကောင်းဆုံးကတော့ သူတို့ရဲ့ ရိုးသားမှုပဲ။ အရှိကို အရှိအတိုင်းဖွင့်ဟ ပြောရဲတဲ့၊ ပြောဝံ့တဲ့သတ္တိ၊ ဒါတွေကို အားပေးရမှာသာဖြစ်ပါတယ်။ ဒီလိုပြောရင် တချို့လူကြီးတွေက မကြိုက်ကြဘူး။ အသက်ကြီးတိုင်း မရင့်ကျက်ပါဘူး။ အသက်ကြီးပြီး ကလေးဆန်တဲ့သူတွေအပြည့်ပါ။ ကိုယ်ကပညာတတ်တာမို့ ပညာရှာနေသူတွေကို အထင်သေးလို့မဖြစ်ပါဘူး။

ဖွင့်ပွဲအခမ်းအနား အဖွင့်အမှာစကားကို ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်ခိုင်ဦးက ပြောကြားခဲ့ပါတယ်။ သူပြောတာနားထောင်ရင်း ပီတိဖြစ်မိတယ်။ သူ့ရဲ့မဟာဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ စာတမ်းကို ကျွန်တော်ကကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့တာ။ အခုလို တပည့်တစ်ယောက်အောင်မြင်နေတာ မြင်ရတော့ အလွန်ကျေနပ်မိပါတယ်။ ဒေါက်တာဒေါ်ခင်ခိုင်ဦးရဲ့ နှုတ်ခွန်းဆက်စကားပြောပြီးချိန်မှာ ဆရာကြီးဦးမြင့်က သူ့ရဲ့စာတမ်းကို ဖတ်ကြားခဲ့ပါတယ်။ ဆရာမြင့်ဟာ ဆရာပီသတယ်။ ပညာရှင်စစ်စစ်။ သူ့ရဲ့တင်ပြချက်ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးပညာရှင်တွေကို မေးခွန်းထုတ်ခဲ့ပြီး တာဝန်ကျေပွန်ရဲ့လားလို့ ပုံမှန်အားဖြင့် မမေးတတ်တဲ့ မေးခွန်းကို မေးခွန်းထုတ်ခဲ့ပါတယ်။

သူပြောတာနားထောင်ရင်း စာရင်းကိုင်ပညာသင်ခဲ့တုန်းက ကျောင်းသားတွေကို သတိပေးတဲ့ အမှားနှစ်ခုကို သတိရမိပါတယ်။ ဒီအမှားနှစ်ခုက "လုပ်တဲ့အမှား" နဲ့ "မလုပ်တဲ့အမှား" တွေဖြစ်ခဲ့တယ်။ ဒီအမှားနှစ်ခုအနက် ကျွန်တော်က လူငယ်တွေကို အမြဲအားပေးမိပါတယ်။ ဘဝမှာ "မလုပ်တဲ့အမှား" ကို မကျူးလွန်မိအောင် အမြဲသတိထားဖို့လိုအပ်ပါတယ်။ လုပ်လို့မှားတာကို မစိုးရိမ်ကြဖို့ သတိပေးခဲ့ပါတယ်။ ဆရာကြီးဦးမြင့်က ၁၉၈၉ ခုနှစ်မှာ သမ္မတကြီး ဒေါက်တာမောင်မောင် ရေးသားခဲ့တဲ့စာအုပ်ရဲ့အမည်ဖြစ်တဲ့ (Sins of Omission ) "မလုပ်တဲ့အမှား" ကို ရည်ညွှန်းပြီး စာတမ်းကို ဖတ်ကြားခဲ့ပါတယ်။ ကျွန်တော်ငယ်ငယ်တုန်းက ဆရာ ဒေါက်တာမောင်မောင်ကို သိပ်အထင်ကြီးခဲ့တယ်။ အထူးသဖြင့် ဆရာကြီးဟာ ပါရဂူဘွဲ့ နှစ်ခုရခဲ့တဲ့သူဖြစ်တယ်။ နောက်တော့ ပညာရှင်ဘဝကနေ နိုင်ငံရေးဘဝကို ကူးပြောင်းသွားခဲ့တယ်။ မှန်တာပြောရရင်နှမြောစရာပါပဲ။ ဆရာကြီးလို ပညာရှင်တစ်ဦးဟာ ပညာရေးလောကမှာပဲရှိစေချင်ခဲ့တာ။ ဒါက ကျွန်တော်တစ်ကိုယ်ကောင်းဆန်တယ်ထင်ပါရဲ့။ ဆရာမောင်မောင်ကိုယ်တိုင်ဝန်ခံခဲ့တယ်။ ပညာရှင်တစ်ဦးအနေနဲ့ တာဝန်မကျေကြောင်း မှားနေတာသိပေမယ့် ပြောရဲတဲ့သတ္တိမရှိခဲ့ဘဲ လူကြီးစိတ်ကြိုက် ခေါင်းညိတ်ခဲ့ပုံကို ဝန်ခံခဲ့ပါတယ်။ အာဏာရှိတဲ့သူတွေအလိုအကျ လိုက်လျောခဲ့တယ်။ တစ်ဖက်ကအားနာတာပါသလို တစ်ဖက်ကလည်း သတ္တိနည်းလို့ဖြစ်တယ်။ အမှန်တော့ မှန်တာကိုပြောဖို့ဟာ အပြောလွယ်သလောက် ခက်ခဲပါတယ်။ လူကြီးလုပ်သူက မကောင်းတာကို မကြားချင်ခဲ့တဲ့အခြေအနေမျိုးမှာ မှန်တာပြောဖို့ လွယ်ကူမှာမဟုတ်လှပါဘူး။

ဆရာကြီးဦးမြင့်က ဆရာမောင်မောင်ရဲ့ဝန်ခံမှုကို အခြေပြုပြီး သူရဲ့သဘောထားကိုဖြည့်စွက်ခဲ့ပါတယ်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်အများစုနေထိုင်တဲ့မြန်မာနိုင်ငံမှာ မေတ္တာတရားခေါင်းပါးနေတာကို ထောက်ပြခဲ့တယ်။ ဘာသာရေးသာမက ယဉ်ကျေးမှုအရ ပွင့်လင်းမြင်သာမှုမရှိတာကိုလည်း ဖော်ထုတ်ပေးခဲ့တယ်။

ဆရာကြီး စာတမ်းဖတ်ပြီးချိန်မှာ ကျွန်တော်က နိုင်ငံရဲ့အနာဂတ်နဲ့ လိုလားမျှော်လင့်ချက်တွေ ပြည့်မီနိုင်ဖို့ ဆောင်ရွက်သင့်တဲ့ပြောင်းလဲမှုတွေကိုတင်ပြခဲ့ပါတယ်။ အမှန်တော့ မိမိလိုချင်တဲ့ အနာဂတ်ကို မိမိကိုယ်တိုင်ဖန်တီးသွားရမှာသာဖြစ်ပါတယ် ။ သူများဖန်တီးတာကို စောင့်ဆိုင်းနေမယ့်အစား ကိုယ်လုပ်နိုင်တာကိုယ်လုပ်ရမှာသာဖြစ်ပါတယ်။ အနာဂတ်လို့ဆိုရာမှာ ရူပါရုံရှိရမှာဖြစ်တယ်။ ဒီရူပါရုံဟာလည်းပြတ်သားကြည်လင်ဖို့အရေးကြီးလှပါတယ်။ ကျွန်တော်ကတိုင်းပြည်ရဲ့ အနာဂတ်နဲ့ပတ်သက်လို့ အချက်သုံးချက် လိုအပ်မယ်လို့ယူဆမိပါတယ်။ ပထမဆုံးအချက်ကတော့ စီးပွားရေးအရ တက်ကြွရှင်သန်ရအောင် ကြိုးစားရမှာဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး ပုဂ္ဂလိကကဏ္ဍရဲ့ အချက်အချာ အရေးပါမှုကို လက်ခံအသိအမှတ်ပြုရမှာသာ ဖြစ်ပါတယ်။ ပုဂ္ဂလိက ကဏ္ဍ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ဘက်စုံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ နှစ်ပေါင်း ၅၀ ကျော်ကျော် စီးပွားရေးလောကမှာ ကြီးထွားနေတဲ့ ပြည်သူပိုင်ကဏ္ဍကိုလည်း ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါလိမ့်မယ်။ အမှန်တော့ အစိုးရအနေနဲ့ စီးပွားရေးဝင်ရောက်လုပ်ကိုင်မှုကို ဦးစားပေးမယ့်အစား စီးပွားရေးလုပ်ကိုင်သူတွေ အလွယ်တကူ လုပ်နိုင်ကိုင်နိုင်အောင် ဖန်တီးပေးရမှာသာဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ လူမှုရေးအရ ခွဲခြားဆက်ဆံမှုတွေကို လျှော့ပြီး စည်းလုံးညီညွတ်မှုကို အားပေးရမှာဖြစ်ပါတယ်။ မတူညီမှုကြောင့် ရန်သူဖြစ်ရတဲ့ အခြေခံမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဗုဒ္ဓဘာသာဝင်တွေသာ အများစုဖြစ်ပေမယ့် ခရစ်ယာန်ဘာသာဝင်တွေ၊ အစ္စလာမ်ဘာသာဝင်တွေ၊ ဟိန္ဒူဘာသာဝင်တွေရှိကြပါတယ်။ ဗမာလူမျိုးတွေဟာ အများစုဖြစ်ပေမယ့်ကျန်တဲ့ တိုင်းရင်းသား ၁၃၀ ကျော် ရှိပါတယ်။ တစ်ပြည်တည်းနေကြသူတွေဖြစ်ကြတာမို့ တစ်ဦးနဲ့တစ်ဦး နားလည်မှု၊ သည်းခံမှုတွေပွားပြီး စည်းလုံးမှုတွေ တည်ဆောက်သွားရမှာဖြစ်ပါတယ်။ ဘယ်သူခွဲခွဲ ဒို့မကွဲဘူးဆိုတာကို သတိပြုရမှာသာ ဖြစ်ပါတယ်။

နောက်ဆုံးအချက်ကတော့ ဒီမိုကရေစီစနစ်ကို အခြေခံတဲ့ အနာဂတ်ဖြစ်ဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် အာဆီယံနိုင်ငံများအနက် ဒီမိုကရေစီရှင်သန်မှု အမြင့်မားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်နေတာ အံ့ဩစရာတွေ့ရပါတယ်။

**နိုင်ငံရေးနယ်ပယ်မှာလည်း လူနည်းစုက နေရာတိုင်းမှာ ခြယ်လှယ်စီမံတာ မဟုတ်ဘဲ လူတိုင်းက တက်တက်ကြွကြွ ပါဝင်ပတ်သက်ကြရမှာဖြစ်ပါတယ်။ စီးပွားရေးနယ်ပယ်မှာ တိုးတက်ဖွံ့ဖြိုးမှုကို ပြည်တွင်းထုတ်လုပ်မှုကိုသာ အာရုံမပြုဘဲ လူသားဖွံ့ဖြိုးမှုရအောင် ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။**

အခြားအာဆီယံနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံရေးအရ ပိုပြီးပွင့်လင်းမှုရှိနေပါတယ်။ နိုင်ငံရေးလို့ ပြောတဲ့နေရာမှာ ပါတီနိုင်ငံရေးသာမက ပြည်သူတွေပါဝင်ပတ်သက်မှု၊ တရားဥပဒေစိုးမိုးမှု၊ လူ့အခွင့်အရေးကို တန်ဖိုးထားမှုတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ အမှန်တော့ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံရမှာသာဖြစ်ပါတယ်။ အနာဂတ်လူသားတွေရဲ့အကျိုးကို မထိခိုက်စေတဲ့ လက်ရှိအသက်ရှင်သူတွေအတွက် အကျိုးရှိနိုင်အောင် ဆောင်ရွက်ရဖို့ လိုအပ်ပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုရနိုင်တဲ့ အခြေခံလိုအပ်ချက် (၅) ချက်ရှိပါတယ်။ ပထမအချက်ကတော့ လူဖြစ်ပါတယ်။ လူလို့ပြောတဲ့နေရာမှာ လူသားတွေရဲ့ပါရမီတွေ၊ ကျွမ်းကျင်မှုတွေဖြစ်ပါတယ်။ ဒုတိယအခြေခံကတော့ ကြွယ်ဝချမ်းသာမှုဖြစ်ပါတယ်။ အထူးသဖြင့် ဆင်းရဲချမ်းသာကွာဟမှုကိုလျှော့ချနိုင်ပြီး တစ်ဖက်ကလည်း ဆင်းရဲမှုကိုလျှော့ချရမှာဖြစ်ပါတယ်။ ဆင်းရဲမှုဆိုတာဟာ ဝင်ငွေနည်းပါးမှုသာမဟုတ်ဘဲ ပညာမတတ်တာ ကျန်းမာရေးမပြည့်စုံတာဖြစ်တယ်။ တတိယအချက်ကတော့ ငြိမ်းချမ်းခြင်းပဲဖြစ်ပါတယ်။ စတုတ္ထအချက်ကတော့ပတ်ဝန်းကျင်ဖြစ်ပြီး နောက်ဆုံးအချက်က ပူးပေါင်းဆောင်ရွက်မှုသာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခုလိုစဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးနိုင်ဖို့ အခြေခံလိုအပ်ချက်က စိတ်ထားပြောင်းလဲမှုပဲဖြစ်ပါတယ်။ စိတ်မပြောင်းနိုင်ရင် ကိုယ်လိုချင်တဲ့ အနာဂတ်ကိုရနိုင်မှာ မဟုတ်ပါဘူး။ Mindset Change ဟာ အခြေခံဖြစ်ပါတယ်။ လူတွေဟာ သာမန်အားဖြင့် လက်ရှိအခြေအနေကို နှစ်သက်ကြတယ်။ ပြောင်းလဲမှုကို ကြောက်ရွံ့ကြတယ်။ မိမိရှိတာကို မစွန့်လွှတ်လိုကြဘူး။ တစ်နည်းအားဖြင့် ပုံသေပုံစံဖြစ်နေတယ်။ ဒီစိတ်နေစိတ်ထားကတစ်ဆင့် ပွင့်လင်းမှုရှိတဲ့ စိတ်ကို ပြောင်းလဲမှုဖြစ်တယ်။ တစ်ဖက်မှာလည်းတစ်ယောက်ကိုတစ်ယောက် မယုံကြည်တဲ့ သံသယအမြင်ရှိနေတဲ့စိတ်အစား ယုံကြည်တဲ့တစ်ယောက်နဲ့ တစ်ယောက် အမြင်ကြည်လင်ရှင်သန်အောင် ကြိုးစားရမှာဖြစ်ပါတယ်။

နိုင်ငံရေးနယ်ပယ်မှာလည်း လူနည်းစုက နေရာတိုင်းမှာ ခြယ်လှယ်စီမံတာ မဟုတ်ဘဲ လူတိုင်းက တက်တက်ကြွကြွ ပါဝင်ပတ်သက်ကြရမှာဖြစ်ပါတယ်။ စီးပွားရေးနယ်ပယ်မှာ တိုးတက်ဖွံ့ဖြိုးမှုကို ပြည်တွင်းထုတ်လုပ်မှုကိုသာ အာရုံမပြုဘဲလူသားဖွံ့ဖြိုးမှုရအောင် ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အများစု အကျိုးရှိအောင် စဉ်းစားကြရမှာဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲမှုနဲ့ပတ်သက်ပြီး အခြေခံအာရုံထားတာတွေ၊ ကျင့်စဉ်တွေကို ပြောင်းရမှာဖြစ်တယ်။ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးနေတဲ့ စီမံကိန်းပုံစံဟာ နှစ်ပေါင်း ၆၀ ကျော်ကတည်းက ကျင့်သုံးခဲ့တဲ့ ဆိုရှယ်လစ်စနစ်ကို အခြေပြုတဲ့ အနေအထားဖြစ်ပါတယ်။ တစ်ချိန်တုန်းက ဆိုဗီယက် ရုရှားမှာ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ခဲ့တဲ့ (Gosplan) လို့ခေါ်တဲ့ ပုံစံဖြစ်ပါတယ်။ ဒီပုံစံရဲ့ အခြေခံက အပေါ်ကနေ အောက်ကို စီးဆင်းတဲ့အနေအထားဖြစ်ပါတယ်။ ဗဟိုချုပ်ကိုင်မှုကို အားကိုးပြီး အမိန့်နဲ့စီးပွားရေးကို ဆောင်ရွက်ခြင်းဖြစ်တယ်။ ဗဟိုကတစ်ဆင့် ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ ဒီကတစ်ဆင့် ခရိုင်/မြို့နယ်ကျေးရွာအထိ အဆင့်ဆင့်စီမံကိန်းတွေဖော်ထုတ်ပြီး ဆောင်ရွက်နေတာဖြစ်တယ်။ စီမံကိန်းရေးဆွဲမှုနဲ့ ပတ်သက်လာရင် ဖြစ်စဉ်ကိုသာ အာရုံစိုက်ပြီး အင်မတန်လှပတဲ့ စီမံကိန်းတွေကို ဖော်ထုတ်နိုင်ဖို့သာ အာရုံရှိပါတယ်။ စီမံကိန်းနဲ့လက်တွေ့ အကောင်အထည်ဖော်မှုဟာ ကင်းကွာခဲ့ပါတယ်။ အခုလိုတွေးနေတာကို လုပ်ငန်းအဖွဲ့အစည်းတွေက ပကတိအခြေအနေနဲ့ အနီးစပ်ဆုံးဖြစ်အောင် ဆောင်ရွက်ခွင့်ပြုရမှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုကို လေ့လာသုံးသပ်ရင် စီမံကိန်းရေးဆွဲတဲ့ ဝန်ကြီးဌာနမရှိပါဘူး။ စီမံကိန်းရေးဆွဲခြင်းဟာ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေမှာသာ ခေတ်စားတာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အကြံပြုချင်တာက စီမံကိန်းလှပအောင် လုပ်တာထက်တူညီတဲ့အမြင်၊ ရည်မှန်းချက်တွေရအောင် ဆောင်ရွက်ဖို့ ပိုပြီးအရေးကြီးပါတယ်။ အားလုံးသဘောတူတဲ့ရည်မှန်းချက်ကို အတည်ပြုနိုင်ရင် ဒီရည်မှန်းချက်ပြည့်မီအောင် ကိုယ့်သဘောကိုယ့်ဆန္ဒနဲ့ဆောင်ရွက်နိုင်ခွင့် ရှိဖို့လိုပါတယ်။ စီမံခန့်ခွဲမှုနဲ့ပတ်သက်လာရင် လက်ရှိအခြေအနေမှာ အလုပ်လုပ်တာ၊ အလုပ်များတာကို ဦးစားပေးနေကြတယ်။

ဒါကြောင့်လည်း လူတိုင်းလူတိုင်း အလုပ်များနေကြတယ်။ အားတဲ့သူမရှိသလောက်ပါပဲ။ ဒါပေမယ့် အခုလောက် ကြိုးစားပေမယ့် ရလဒ်ကိုတော့ မပြနိုင်ကြဘူး။ ဒါကြောင့်အခြေခံအားဖြင့် ရလဒ်ကိုအာရုံပြုတဲ့ စီမံခန့်ခွဲမှုပုံစံကိုကျင့်သုံးရမှာဖြစ်ပါတယ်။ ကျွန်တော်စာတမ်းတင်ပြပြီး အခမ်းအနားမှာ ဆက်မနေနိုင်ဘဲ အိမ်ပြန်ခေတ္တနားပြီး လေယာဉ်ကွင်းကို ထွက်ခဲ့ပါတယ်။ လေယာဉ်ကွင်းမှာ ခရီးမထွက်ခင်စောင့်ရင်း ဖိုရမ်ကို တက်ရောက်ခဲ့တဲ့ ဦးကျော်လွင်လှနဲ့ တွေ့ခဲ့ရပါတယ်။ ဦးကျော်လွင်လှကို ကျွန်တော်သိခဲ့တာ ကြာခဲ့ပါပြီ ။ သူကတစ်ချိန်က ကုလသမဂ္ဂမှာ တာဝန်ကြီးကြီးယူခဲ့သူ။ အခု အငြိမ်းစားယူပြီး မြန်မာပြည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို လုပ်နေတဲ့သူ။ သူရဲ့ယောက္ခမက ဝန်ကြီးချုပ် ဦးဘဆွေ။ သူနဲ့ကျွန်တော်တို့ဟာ ထားဝယ်သားတွေဖြစ်ကြပါတယ်။

သူက မနက်ကတက်လာတဲ့ ဖိုရမ်နဲ့ပတ်သက်ပြီး ကျွန်တော့်ကို ချီးကျူးပါတယ်။ ဆရာကြီးဦးမြင့်နဲ့ ကျွန်တော်တို့နှစ်ဦး တင်ပြခဲ့တာတွေကို သဘောကျကြောင်း ပြောပါတယ်။

တစ်ဆက်တည်းမှာ ကျွန်တော်နဲ့ဆရာဦးမြင့် ဖိုရမ်က ပြန်ပြီးပြုလုပ်တဲ့ နောက်အစီအစဉ်မှာ တင်ပြချက်တွေကို ချီးကျူးကြသလို တစ်ဦးကတော့ ဝေဖန်တယ်လို့ပြောပါတယ်။ ဘာကြောင့် ဝေဖန်တယ်ဆိုတာကိုလည်းပြောပြီး ဘယ်သူကဝေဖန်တာကိုလည်း ပြောပါတယ်။ ဝေဖန်သူဟာ ဘယ်သူဖြစ်တယ်ဆိုတာ သိရရချင်း မဆန်းပါဘူးလို့ စိတ်ထဲမှာ ဖြစ်မိပါတယ်။ ဝေဖန်မှုကို ကျွန်တော်အမြဲကြိုဆိုပါတယ်။ ဝေဖန်မှုရှိမှ တိုးတက်မှုရှိနိုင်မှာသာဖြစ်တယ်။ များများဝေဖန်မှ ကိုယ်ဘာတွေပြုပြင်ရမလဲဆိုတာ ပိုသိနိုင်မှာသာဖြစ်တယ်။ ဒါပေမဲ့ ဝေဖန်တဲ့အကြောင်းကိုသိရတော့ အတော်လေး အံ့ဩရတယ်။ ကျွန်တော်နဲ့ဆရာဦးမြင့်တို့ရဲ့ တင်ပြချက်တွေဟာ အတွေးအခေါ်တွေ၊ ဘာသာရေးတွေ၊ ယဉ်ကျေးမှုတွေဖြစ်ပြီး စီးပွားရေးကို ဦးစားမပေးခဲ့ဘူးလို့ ဆိုခဲ့တယ်။ ဒီအတွေးအမြင်ဟာ အင်မတန်မှခေတ်မမီတော့တဲ့ ခေတ်ဟောင်းက အမြင်သာဖြစ်ပါတယ်။ စီးပွားရေးပညာဟာ လွန်ခဲ့တဲ့နှစ် ၂၀ တုန်းကအခြေအနေနဲ့လုံးဝမတူတော့ပါဘူး။ စီးပွားရေးကို စီးပွားရေး မျက်စိရှုထောင့်တစ်ခုတည်းကကြည့်ဖို့မလုံလောက်တော့ပါဘူး။ စီးပွားရေးကို လေ့လာရင်း နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးတွေကို မေ့လို့မဖြစ်ပါဘူး။ ဝေဖန်သူရဲ့ အမြင်ကို သိရတော့စိတ်မကောင်းဖြစ်မိပါတယ်။ ပညာရှင်ပီသမှုမရှိဘဲ အမြင်မကျယ်တာကတော့ အံ့ဩစရာပါပဲ။ ဒါကတော့ ကျွန်တော့်အတွက် အရေးမကြီးပါဘူး။ ကိုယ့်သမိုင်းကိုယ်ရေးရမှာသာဖြစ်ပါတယ်။ ကျွန်တော်က အခုလိုတင်ပြခွင့်ရတာကို ကျေနပ်မိပါတယ်။ ကျေးဇူးတင်ရပါတယ်။ အမြင်ချင်းဖလှယ်မှုရတာဟာ ရခဲတဲ့အခွင့်အရေးတစ်ရပ်ပါ။

ကျွန်တော် ဒီဆောင်းပါးကို ပြင်ဆင်ပြီး စီးပွားရေးဖိုရမ်ကို ပြန်လည်စဉ်းစားနေရင်း တစ်လောက ကမ္ဘာကျော်စီးပွားရေးပညာရှင်များနဲ့ ပတ်သက်ပြီး ရေးထားတဲ့ စာအုပ်ထဲက ဆောင်းပါးတစ်ပုဒ်ကို သတိရမိတယ်။ သက်ရှိထင်ရှားတဲ့ စီးပွားရေးပညာရှင်များအနက် နာမည်အကြီးဆုံး၊ ကျွန်တော်အလေးစားဆုံးဆရာကြီးဟာ အိန္ဒိယလူမျိုး ပါမောက္ခ အမာတရာစမ်ဖြစ်ပါတယ်။ ဆရာကြီးဟာ စီးပွားရေးနိုဘယ်ဆုရထားသူ ဖြစ်တယ်။ သူစီးပွားရေးပါရဂူကို ဆည်းပူးစဉ် သူ့ရဲ့ကြီးကြပ်သူ ပါမောက္ခ ဆရာမကြီးက သူ့ကို သတိပေးခဲ့တယ်။ စီးပွားရေးနဲ့ပတ်သက်ပြီး ပါရဂူ သုတေသနလုပ်နေတဲ့အခါ စီးပွားရေးပညာကိုပဲအာရုံစိုက်ပါ။ နိုင်ငံရေးတွေ၊ ယဉ်ကျေးမှုတွေ၊ အတွေးအခေါ်တွေနဲ့ အချိန်မကုန်ဘဲ စီးပွားရေးပညာကိုသာ ကျွမ်းကျင်အောင်လုပ်ပါလို့ သတိပေးခဲ့တယ်။ သူ့ဆရာမရဲ့စကားကို သူလက်မခံခဲ့ဘူး။ သူဟာလူ့အခွင့်အရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အတွေးအခေါ်တွေကို စီးပွားရေးပညာနဲ့တွဲဖက်ပြီး လေ့လာခဲ့တယ်။ စဉ်းစားခဲ့တယ်။ ရေးသားခဲ့တယ်။ ဆရာမပြောစကား နားမထောင်လို့ထင်ပါရဲ့။ သူဟာ အခုလို ထူးချွန်ခဲ့သူတစ်ယောက်ဖြစ်ခဲ့ပါတယ်။ စဉ်းစားစရာပါပဲ။ ။

# ဆေးပညာသတင်းဆန်းများ (၁၂၅)

ဒေါက်တာကံညွှန့်

**ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေးကို အိန္ဒိယကုမ္ပဏီတစ်ခု တွေ့ထားပြီ**

ယခုဒီဆောင်းပါးရေးနေချိန် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ဝန်းကျင်မှာတော့ တောင်နှင့်မြောက် အမေရိကန်နိုင်ငံတွေမှာ ZIKA လို့ခေါ်တဲ့ Virus တစ်မျိုးကြောင့် ကူးစက်တတ်တဲ့ရောဂါတစ်မျိုးရဲ့ ဒဏ်ကို ခံနေရတယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း သတိထားဖို့ တိုက်တွန်းထားပါတယ်။ ဒီဗိုင်းရပ်စ်ရောဂါဟာ အသစ်တွေ့ရှိတာမဟုတ်ဘဲ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကပဲ တောင်အာဖရိကနိုင်ငံမှာ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီရောဂါဟာ သွေးလွန်တုပ်ကွေးလို ခြင်ကတစ်ဆင့် ကူးစက်တဲ့ရောဂါဖြစ်ပြီး သွေးလွန်တုပ်ကွေးရဲ့ လက္ခဏာနဲ့ဆင်ဆင်တူတယ်လို့ ဆိုပါတယ်။ ဒီဗိုင်းရပ်စ်ကူးစက်ခံရရင် ဖျားတာ၊ ကိုယ်လက်ကိုက်ခဲတာတို့ ဖြစ်တတ်ပြီး ရောဂါဟာ သွေးလွန်တုပ်ကွေးလောက်မပြင်းထန်ဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် ဒီရောဂါရဲ့ ကြောက်စရာကောင်းတဲ့အချက်ကတော့ အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်စမှာ ဒီရောဂါဖြစ်ရင် ဦးနှောက်ချို့ယွင်းတဲ့ ကလေးတွေ မွေးလာနိုင်တယ်လို့ ဆိုပါတယ်။ ဘရာဇီးနိုင်ငံမှာ လောလောဆယ်မွေးထားတဲ့ Microcephaly ခေါ် ဦးနှောက်သေးသေးလေးနဲ့ မွေးထားတဲ့ကလေး လေးထောင်ခန့်ဟာ ဒီ Virus နဲ့ ပတ်သက်နေတယ်လို့ ဆေးပညာရှင်တွေက ယူဆနေကြပါတယ်။

ဘရာဇီးနိုင်ငံဟာ ဒီနှစ်အတွင်းမှာ အိုလံပစ်အားကစားပွဲတွေကို ကျင်းပဖို့ရှိနေတာကြောင့် မြို့တော် Rio မှာ ဒီရောဂါပြန့်ပွားမလာအောင် အထူးပြုလုပ်နေရပါတယ်။ ဘရာဇီးနိုင်ငံက စစ်သည် နှစ်သိန်းကျော်ဟာ မြို့တော် ရီယိုဒီဂျနေးရိုးမြို့မှာ ခြင်နှိမ်နင်းရေးကို အကြီးအကျယ်ပြုလုပ်နေကြရတယ်လို့ ဆိုပါတယ်။



နိုင်ငံတကာက အထူးစိုးရိမ်နေတာကတော့ ဘရာဇီးနိုင်ငံ အိုလံပစ်ပွဲတော်ကိုလာကြတဲ့ အားကစားသမားတွေကတစ်ဆင့် သူတို့ပြန်တဲ့အခါ နိုင်ငံတကာကို ဒီရောဂါပိုးရောက်သွားနိုင်တယ်ဆိုပြီး စိုးရိမ်နေကြတာဖြစ်ပါတယ်။ ဒီကြားထဲ ကိုလံဘီယာ၊ ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံတွေက ဒီရောဂါကူးစက်သူတွေရှိနေပြီလို့ ကြေညာပါတယ်။ ကိုလံဘီယာမှာဆိုရင် လူနှစ်သောင်းခန့် ကူးစက်ခံရပြီး ဒီအထဲမှာ ကိုယ်ဝန်ဆောင် နှစ်ထောင်ခန့်လည်း ပါတယ်လို့ သိရပါတယ်။ ရုရှားနိုင်ငံ၊ မလေးရှားနိုင်ငံတွေကတော့ တောင်အမေရိက၊ မြောက်အမေရိကနိုင်ငံက ပြန်လာသူတွေကို အထူးသတိထားစောင့်ကြည့်ဖို့လိုကြောင်း သတိပေးထားပါတယ်။

ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ဒီရောဂါကို လူပေါင်းလေးသန်းခန့် ကူးစက်နိုင်ဖွယ်ရှိတယ်လို့ ခန့်မှန်းထားပြီး ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတာ အရေးပေါ်အစည်းအဝေးခေါ်ဆွေးနွေးနေပါတယ်။ ဖေဖော်ဝါရီ ၁ရက်က ဂျီနီဗာမြို့မှာကျင်းပတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်အစည်းအဝေးကတော့ ZIKA Virus ကူးစက်ရောဂါ ကူးစက်နေမှုကို ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုကြေညာပြီးနောက်တစ်နေ့မှာ အိန္ဒိယနိုင်ငံ ဆေးကုမ္ပဏီတစ်ခုက ဒီရောဂါကို ကာကွယ်နိုင်တဲ့ ကာကွယ်ဆေးတစ်ခုကို လွန်ခဲ့တဲ့ ကိုးလကပဲ ရှာဖွေတွေ့ရှိထားပြီလို့ ကြေညာလိုက်တာကို တင်ပြလိုက်ရပါတယ်။

**ဦးနှောက်ကင်ဆာရောဂါကြီးထွားစေတဲ့ Cell ကို ရှာတွေ့**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဦးနှောက်ကင်ဆာတစ်မျိုးနဲ့ သက်ဆိုင်တဲ့သတင်းပါ။ ကလေးနဲ့လူငယ်တွေမှာအဖြစ်များတဲ့ Glioblastoma ခေါ်တဲ့ ဦးနှောက်ကင်ဆာဖြစ်ပေါ်ကြီးထွားရာမှာ အရေးကြီးတဲ့ Cells တစ်ခုကို တွေ့ရှိရပြီဆိုတဲ့ သတင်းပါ။ ဒီလိုတွေ့ရှိခဲ့သူတွေကတော့ စင်ကာပူနိုင်ငံ A Star လို့ခေါ်တဲ့ Agency for Science, Technology and Research အဖွဲ့ကြီးရဲ့ လက်အောက်ခံ Institute of Bioengineering and Nanotechnology (IBN) ဌာန ဆေးပညာရှင်တွေဖြစ်ပါတယ်။ ဒီ Cell နာမည်ကတော့ Microenvironment Cell ဖြစ်ပါတယ်။ ဒီ Brain Cancer မျိုးမှာတွေ့ရတဲ့ Stem Cells ဆေးမျိုးစုံကို ခံနိုင်စွမ်းရှိပြီး သူတို့ဟာ မျိုးပွားမှုကိုပါ ပြုလုပ်နိုင်စွမ်းရှိတာကြောင့် ကုရခက်တဲ့ ရောဂါတစ်မျိုးဖြစ်နေတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ယခုလောလောဆယ်မှာ ဒီ Glioblastoma ကင်ဆာကို ထိရောက်စွာကုသနိုင်မှုမရှိသေးဘူးလို့ ဆိုပါတယ်။ ဒီကင်ဆာအမျိုးအစားဟာ ဦးနှောက်ထဲမှာဖြစ်တဲ့ ကင်ဆာအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ ကလေးတွေမှာ အဖြစ်များတဲ့ ကင်ဆာတစ်မျိုးဖြစ်ပြီး ဖြစ်လာရင် ယခုနောက်ဆုံးပေါ်နည်းအဖြစ် Gamma Knife Surgery နည်းနဲ့ ကုသပေးနိုင်တယ်လို့ ဆိုပါတယ်။ ယခုတွေ့ရတဲ့ Cell ဟာ Stem Cells တွေရဲ့ အပြင်နားတစ်ဝိုက် (Extra Cellular Matrix) ထဲမှာ တွေ့ရတာဖြစ်ပြီး ဒီကင်ဆာကြီးထွားမှုမှာ ပါဝင်နေတာလို့ ဆိုပါတယ်။ ဒါကြောင့် ဒီ Cell တွေ့ရှိခဲ့တာဟာ ဒီကင်ဆာကုသနိုင်မယ့် ဆေးဖော်စပ်နိုင်ဖို့ နီးစပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။



**လမစေ့ဘဲမွေးသည့်ကလေးများ ဦးနှောက်ချို့ယွင်းမှုရောဂါပိုဖြစ်နိုင်**

နောက်ဖော်ပြလိုတဲ့သတင်းကတော့ လမစေ့ဘဲမွေးတဲ့ကလေးတွေဟာ Autism ခေါ်တဲ့ ကလေးဦးနှောက်ချို့ယွင်းတဲ့ရောဂါဖြစ်နိုင်တဲ့ အခြေအနေ ပိုရှိနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ Karolinska Institute က ဆေးပညာရှင်တွေပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ကိုယ်ဝန် ၂၇ ပတ်နဲ့ မွေးတဲ့ကလေးပေါင်း ၁၀၀ ကျော်ရဲ့ ဦးနှောက်ဖွံ့ဖြိုးမှုကို မှတ်တမ်းတင်လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ ASD လို့ အတိုကောက်ခေါ်တဲ့ Autism Spectrum Disorder မှာပါဝင်တဲ့ လက္ခဏာအချို့ကို ဒီကလေးတွေရဲ့ ၃၀ ရာခိုင်နှုန်းမှာ တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါဟာ ပုံမှန်လစေ့ပြီး မွေးတဲ့ကလေးတချို့မှာ ဒီလက္ခဏာမျိုးတွေ့ရတဲ့ နှုန်း ၁ ရာခိုင်နှုန်းနှင့်စာလျှင် အများကြီးပိုများနေတာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလိုလမစေ့ဘဲမွေးတဲ့ကလေးတွေဟာ အသက် ခြောက်နှစ်အရွယ်လောက်မှာ ဒီလက္ခဏာတွေကို သိသိသာသာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒီ Autism ရောဂါဟာ လမစေ့ဘဲမွေးတဲ့ကလေးအပါအဝင် တချို့မှာ မျိုးရိုးဗီဇ (Genetic) ကြောင့်ဖြစ်တတ်ပြီး တချို့မှာတော့ ပတ်ဝန်းကျင်အခြေအနေကြောင့် ဖြစ်နိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

**ကျောက်ကပ်ကို အဆိပ်ဖြစ်စေသည့် ပစ္စည်းများ ပါ မပါ စစ်ဆေးနိုင်**

ယခုဖော်ပြလိုတဲ့သတင်းကတော့ စင်ကာပူနိုင်ငံက ဆေးသိပ္ပံပညာရှင်တွေဟာ ကျောက်ကပ်ကိုအဆိပ်ဖြစ်စေတဲ့ ဓာတ်ပစ္စည်းတွေ လူတွေရဲ့ အသုံးအဆောင်၊ အစားအစာတွေမှာ ပါ မပါကို သေချာစွာစစ်ဆေးနိုင်တော့မယ်ဆိုတဲ့သတင်းပါ။ ဒါကိုပြုလုပ်နိုင်ခဲ့တာကတော့ စင်ကာပူနိုင်ငံ A STAR ဌာနကြီးရဲ့ လက်အောက်မှာရှိတဲ့ BII ခေါ်တဲ့ Bioinformative



Institute နှင့် IBN ခေါ်တဲ့ Institute of Bioengineering and Nanotechnology အဖွဲ့က ပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ Nano နည်းပညာနှင့် Molecular Imaging နည်းပညာကို အသုံးပြုပြီး အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းတွေ စတဲ့လူတွေ နိစ္စဓူဝ အသုံးပြုနေရတဲ့ပစ္စည်းတွေမှာ ကျောက်ကပ်ပျက်စီးစေနိုင်တဲ့ ဓာတ်ပစ္စည်းတွေ ပါ မပါကို သေချာစွာစစ်ဆေးပေးနိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီစစ်ဆေးမှုဟာ ၈၀မှ ၉၀ ရာခိုင်နှုန်းအထိ တိကျနိုင်တယ်လို့ ဆိုပါတယ်။ ကျောက်ကပ်ပျက်စီးပြီး ရောက်လာတဲ့ဝေဒနာရှင်တွေရဲ့ ၂၀ရာခိုင်နှုန်းဟာ ဒီလို Nephrotoxic ဆိုတဲ့ ကျောက်ကပ်ကို အဆိပ်ဖြစ်စေတဲ့ ဓာတ်တစ်ခုခုနဲ့ ထိတွေ့မှုကြောင့်ဖြစ်ရတာလို့ ဆိုပါတယ်။ ဒီနည်းပေါ်လာတာဟာ ကျောက်ကပ်ရောဂါကာကွယ်ရေးအတွက် အထူးအထောက်အကူပြုမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**စိမ်းလန်းသည့် ဟင်းသီးဟင်းရွက်များစားလျှင် ရေတိမ်ရောဂါဖြစ်ပွားမှုနည်း**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ မျက်စိရောဂါနဲ့ သက်ဆိုင်ပါတယ်။ အသက် ၅၀ ကျော်အရွယ်တွေမှာ ဖြစ်တတ်တဲ့ ထောင့်ကျယ်ရေတိမ်သို့မဟုတ် မသိမသာဖြစ်တဲ့ ရေတိမ်ရောဂါ Open Angle Glaucoma or Chronic Simple Glaucoma အမျိုးအစားဟာ လတ်ဆတ်ပြီး စိမ်းလန်းတဲ့



ဟင်းသီးဟင်းရွက်တွေကို နေ့စဉ်စားသုံးနေသူတွေမှာ ဖြစ်ပွားမှုနည်းနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီအကြောင်းကို Jama Ophthalmology ဂျာနယ်မှာ ဖော်ပြထားပါတယ်။ သူတို့အဆိုအရ ဟင်းနုနယ်ရွက်၊ ကန်စွန်းရွက်၊ ဂေါ်ဖီရွက်၊မုန်လာရွက်လို စိမ်းလန်းတဲ့အရွက်တွေမှာ Nitrate ဓာတ်များများပါဝင်ပြီး ဒီဓာတ်ဟာသွေးလှည့်ပတ်မှုကို ကောင်းစေကာ မျက်စိထဲက Cells တွေ ပျက်စီးမှုကို ကာကွယ်နိုင်တယ်။ ဒ့ါအပြင် ရေဖိအားကိုလည်း လျှော့နည်းစေတာကြောင့်လို့ ဆိုပါတယ်။ သူတို့ဟာ အမေရိကန်နိုင်ငံသား တစ်သိန်းကျော်ကို ကာလရှည်စွာ လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလူတွေထဲမှာ အမျိုးသမီး ၆၃၀၀၀၊ အမျိုးသား ၄၁၀၀၀ ခန့် ပါဝင်ပြီး သူတို့ဟာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဝန်ထမ်းတွေဖြစ်တယ်လို့ဆိုပါတယ်။ သူတို့ကို ၁၉၈၆ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ယခုအခါ အမေရိကန်နိုင်ငံသား ၁ ရာခိုင်နှုန်းဟာ ဒီထောင့်ကျယ်ရေတိမ်ရောဂါ ခံစားနေရတယ်လို့ ဆိုပါတယ်။

ဒါကြောင့် မသိမသာဖြစ်တတ်တဲ့ ထောင့်ကျယ်ရေတိမ်ရောဂါကို ကာကွယ်ဖို့ လတ်ဆတ်စိမ်းလန်းတဲ့ အသီးအရွက်တွေကို နေ့စဉ်စားသုံးဖို့ တိုက်တွန်းလိုက်ရပါတယ်။

**ဆေးပညာနှင့်မဆိုင်သော လူ့အသက်ကယ်အဖွဲ့အစည်းများ**

ယခုဖော်ပြလိုတဲ့သတင်းကတော့ လူ့အသက်ကို ကယ်တင်ရာမှာ ဆေးပညာတစ်ခုတည်းသာ မဟုတ်ဘဲ ကျန်တဲ့နည်းပညာတွေက အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါဝင်ဆောင်ရွက်နေကြတယ်ဆိုတဲ့ အကြောင်းပါ။ လူတွေဟာ ရောဂါဘယအမျိုးမျိုးကြောင့် သေဆုံးကြရသလို စစ်ဘေးဒဏ်ကြောင့်လည်း သေဆုံးနေကြရပါတယ်။ ဥပမာတစ်ခုအနေနဲ့ ဆီးရီးယားနိုင်ငံဟာ စစ်ဘေးစစ်ဒဏ်ကြောင့် ယခု သုံးလေးနှစ်အတွင်း လူပေါင်းသန်းနှင့်ချီသေဆုံးခဲ့ကြရပြီး ဒီအထဲမှာ ဆရာဝန်တွေအပါအဝင် ကျန်းမာရေးလုပ်သားပေါင်း ၇၀၀ ကျော် သေဆုံးခဲ့ရကာ ဆေးရုံပေါင်း ၁၇၁ ရုံပျက်စီးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီလိုပဲ ပြည်တွင်းစစ်ကြောင့်လည်းကောင်း၊ ပြည်ပစစ်ကြောင့်လည်းကောင်း လက်နက်ကိုင်တပ်ဖွဲ့တွေက ထားရှိခဲ့တဲ့ မြေမြှုပ်မိုင်း၊ မပေါက်ကွဲသေးတဲ့လက်နက်တွေကြောင့် လူပေါင်းများစွာ ခြေပြတ်လက်ပြတ်နဲ့ မသန်မစွမ်းဖြစ်ခဲ့ရပြီး တစ်နှစ်မှာ လူပေါင်း ၁၀၀၀၀ ကျော် အသက်ဆုံးရှုံးနေရတယ်လို့ ဆိုပါတယ်။ ဒါဟာ တစ်နေ့မှာ လူ ၂၅ ယောက်နှုန်း နေ့စဉ်သေဆုံးနေရတာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အကူအညီနဲ့ နိုင်ငံပေါင်း ၉၀ မှာ အဖွဲ့ ၆၀ ဖွဲ့စည်းပြီး ဒီမြေမြှုပ်မိုင်းနဲ့ လက်နက်အန္တရာယ်ကာကွယ်နိုင်ဖို့ USD သန်းပေါင်း ၁၅၀၀ ကျော် သုံးစွဲဆောင်ရွက်ခဲ့ပါတယ်။

ဥပမာတစ်ခုအနေနဲ့ ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀၁၂ ခုနှစ်ကစပြီး မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးတဲ့ လက်နက်အန္တရာယ်တွေအကြောင်းကို နိုင်ငံတစ်ဝန်းက ကျေးရွာစာသင်ကျောင်းတွေမှာ တက်ရောက်ပညာသင်ကြားနေကြတဲ့ ကျောင်းသားလူငယ်အပါအဝင် လူပေါင်းများစွာကို သင်တန်းပေးဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် Golden West Humanitarian Foundation အဖွဲ့ကြီးကိုဖွဲ့စည်းပြီး ခေတ်မီ 3D သိပ္ပံနည်းပညာတွေအသုံးပြုကာ မြေမြှုပ်မိုင်းရှင်းလင်းရေးတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီအဖွဲ့ကြီးဟာ ၂၀၁၆ ခုနှစ် နည်းပညာတီထွင်မှုဆိုင်ရာဆုကို ချီးမြှင့်ခံရတယ်လို့ သိရပါတယ်။ ဒါကတော့ ဆေးပညာမဟုတ်ဘဲ လူ့အသက်ကို ကယ်တင်နေတဲ့အဖွဲ့တွေအကြောင်း တစ်စေ့တစ်စောင်း တင်ပြလိုက်ရတာဖြစ်ပါတယ်။



## သတင်းတိုများ

### မအူပင်မြို့တွင် နိုင်ငံခြားသားလေ့လာရေးအဖွဲ့လာရောက်လည်ပတ်

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိသည့် ဩစတြေးလျနိုင်ငံမှ လေ့လာရေးနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ထင်ရှားသောနေရာများသို့ ဖေဖော်ဝါရီ ၅ ရက်က လည်ပတ်ခဲ့ကြောင်း သိရသည်။ အဆိုပါဧည့်သည်များသည် မအူပင်မြို့အတွင်းရှိ ထင်ရှားသော ဘုရားများ၊ ဈေးများကို လှည့်လည်လေ့လာကြပြီး အမှတ်(၄)ရပ်ကွက်၊ဘုရားလမ်းနှင့်တေဇလမ်းထောင့်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသို့ ဝင်ရောက်ကာ စာကြည့်တိုက်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လေ့လာခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများ ဟောပြော

နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် ဥပဒေ၊ နည်းဥပဒေများအကြောင်း အသိပညာပေးဟောပြောပွဲကို ရွှေပြည်သာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံး ကနောင်ခန်းမဆောင်၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများကို အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များရှိ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များနှင့် တာဝန်ခံများအား အသေးစိတ်ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

# ရွှေဆံတော်ဘုရားပွဲတော်တွင်ကျင်းပသည့် လက်ဝှေ့ပွဲ၌ မြန်မာနှင့် စပိန်၊ ဘရာဇီး၊ ဆွစ်ဇာလန်ပွဲများ ပါဝင်မည်

**ရေး ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် ရေးမြို့ ကျက်သရေဆောင် ရွှေဆံတော်စေတီနှင့် စကားတောင်စေတီတော် (၁၂၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းကျင်းပသည့် လက်ဝှေ့ပြိုင်ပွဲများ၌ မြန်မာ၊ စပိန်၊ ဆွစ်ဇာလန်နှင့် ဘရာဇီး လက်ဝှေ့စိန်ခေါ်ပွဲများလည်း ပါဝင်ကြောင်း သိရသည်။

လက်ဝှေ့ပြိုင်ပွဲများကို ရွှေဆံတော်ဘုရားပွဲလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ပါဝင်သည့်ပြိုင်ပွဲများမှာ ဖေဖော်ဝါရီ ၂၂ ရက်တွင် မြန်မာမှ ရှမ်းကို(T&T)နှင့် ဘရာဇီးနိုင်ငံမှ အန်ဒရာလူးဝစ်၊ ၂၀၁၅ ရွှေခါးပတ်ချန်ပီယံ စောဖြိုးဝေ (အဖြူရောင်သွေးသစ်)နှင့် စောထူးအောင်(ဒို့ရိုးရာ)၊ မင်းထက်အောင်(ဒို့ရိုးရာ)နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)တို့၏ ပွဲများ၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာမှ ၂၀၁၅ ရွှေခါးပတ်ချန်ပီယံ ဖျံသွေး(ငြိမ်းချမ်းရေး)နှင့် ဆွစ်ဇာလန်နိုင်ငံမှ ဂျလီဂါ၊ ရာမာဉ်(ရေး)နှင့် မင်းမင်းထွန်း(ငြိမ်းချမ်းရေး)တို့၏ပွဲများ၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် မြန်မာမှ ရွှေခါးပတ်ချန်ပီယံ/ထပ်ဆင့်ရွှေအောင်လံဆုရှင် စိုးလင်းဦး(ဒို့ရိုးရာ)နှင့် စပိန်နိုင်ငံမှ အက်တာ၊ စောငွေးတင်(ငြိမ်းချမ်းရေး)နှင့် အောင်မြင်သူ (အဖြူရောင်သွေးသစ်)တို့၏ ပွဲများကို အထူးလေးချိစိန်ခေါ်ပွဲများအဖြစ် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အခြားသုံးချိစိန်ခေါ်ပွဲများတွင်လည်း ကလပ်အသီးသီးမှ လက်ဝှေ့သမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်ဝှေ့ပွဲများနှင့်အတူ မြန်မာအဆိုတော်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များနှင့် Super Stars Model Angency မှ သရုပ်ဆောင်များ၏ ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ကလေးဝမြို့ လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်မှုများပြီးစီး

**ကလေးဝ ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့အဝင် မြစ်သာတံတားကြီးအနီး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် တည်ဆောက်ခဲ့သော လွတ်လပ်ရေးအထိမ်းအမှတ် လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



လွတ်လပ်ရေးကျောက်တိုင်သည် လုံးပတ် ၆၈ ပေ ရှိသော အောက်ခြေအုတ်ခုံပေါ်၌ အမြင့် ၄၇ ပေ ၆ လက်မရှိကာ ကျောက်တိုင်၏ အောက်ခြေလုံးပတ်ကို ခြသေ့်ရုပ်တုများဖြင့် ဝိုင်းရံလျက် တည်ဆောက်ထားသည်။ ကျောက်တိုင်နှင့် ဆက်စပ်တည်ရှိမည့် ပြည်သူ့ပန်းခြံကို ခြံစည်းရိုးကာရံခြင်း၊ ပန်းခြံအတွင်း မြေယာရှုခင်း ပုံဖော်အလှဆင်ခြင်း၊ စကြံလျှောက်လမ်းတွင် အုတ်ကွက်ဖော်ခြင်း စသည့် အလှဆင်လုပ်ငန်းများကိုပါ ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ယခုအခါ လွတ်လပ်ရေးကျောက်တိုင်ကြီးမှာ ခံ့ညားထည်ဝါ လှပစွာ တည်ရှိနေပြီဖြစ်သည်။

အဆိုပါ လွတ်လပ်ရေးကျောက်တိုင်နှင့် ဆက်စပ်ပြည်သူ့ပန်းခြံ တည်ဆောက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျပ် သိန်း ၈၀ နှင့် ဘိလပ်မြေ ၂၃၁ အိတ် ထောက်ပံ့ခဲ့ပြီး ကုမ္ပဏီများ၊ ဦးစီးဌာနများနှင့်အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ပြိုင်ပွဲများ ဆုချီးမြှင့်

**ညောင်ရွှေ ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့၌ ကျင်းပခဲ့သော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်သည့် ပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် အင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသိန်းလွင်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့် တင်ရေးပွဲတော် ကျင်းပခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ခဲ့သည့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် ပုံပြောပြိုင်ပွဲများမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများကို အင်း တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ညောင်ရွှေမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းစာကြည့်တိုက်များအတွက် စာအုပ်များကို ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးက ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင်က လက်ခံယူခဲ့သည်။ ဆုချီးမြှင့်ပွဲအပြီးတွင် ကျပန်းစကားပြောနှင့် ပုံပြောပြိုင်ပွဲ၌ ပထမဆုရရှိသူနှစ်ဦးက ပြန်လည်သရုပ်ပြတင်ဆက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တောင်သူနည်းပညာပေး ပေါက်အင်းစိုက်ကွင်းမှ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ချောင်းဦး ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တောင်သူနည်းပညာပေး ပေါက်အင်းစိုက်ကွင်း၌ ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့် ဂျုံ၊ ကုလားပဲ သုတေသနစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်၊ ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပေါက်အင်းစိုက်ကွင်း၌ ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီ၌ ဂျုံဧက ၈၀၀ နှင့် ကုလားပဲဧက ၁၃၀၀ ကို သုတေသနစိုက်ခင်းများ၊ မျိုးသန့်ပွားထုတ်လုပ်ထားသည့် စိုက်ခင်းများ၊ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် စိုက်ခင်းများအဖြစ် စိုက်ပျိုးခဲ့ရာ အောင်မြင်မှုများ ရရှိနေခြင်းဖြစ်သည်။

ချောင်းဦးမြို့ ပေါက်အင်းစိုက်ကွင်းသည် စစ်ကိုင်းတိုင်းဒေသကြီးတွင် အကြီးဆုံး နိုင်ငံပိုင်စိုက်ကွင်းကြီးဖြစ်သည်။ ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံတောင်သူများအား အထွက်တိုးဂျုံနှင့် ကုလားပဲ မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးနည်းပညာများကို နှစ်စဉ် ဖြန့်ဝေပေးလျက်ရှိသည့် တောင်သူနည်းပညာပေးစိုက်ကွင်းကြီးဖြစ်သည့်အပြင် နိုင်ငံတော်သို့ နှစ်စဉ် ကျပ်သိန်းပေါင်း တစ်ထောင်ကျော် ပေးသွင်းနိုင်သည့် အောင်မြင်ဖြစ်ထွန်းနေသော စိုက်ကွင်းကြီးဖြစ်ကြောင်း သိရသည်။

**ယုယုဝင်း(ပြန်/ဆက်)**

# ပုဂ္ဂလိကအစုအဖွဲ့ခေါင်းဆောင်များ ပျားမွေးမြူရေး မွမ်းမံသင်တန်းဆင်း

**မြင်းမူ ဖေဖော်ဝါရီ ၇**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာနက ကြီးမှူးဖွင့်လှစ်သော ပုဂ္ဂလိကအစုအဖွဲ့ခေါင်းဆောင်များ ပျားမွေးမြူရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပျားလုပ်ငန်းဌာနရုံး၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပျားလုပ်ငန်းဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအောင်မင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပျားလုပ်ငန်းဌာန ဦးစီးမှူး ဦးမျိုးတင်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ပုဂ္ဂလိကအစုအဖွဲ့ခေါင်းဆောင်များ ပျားမွေးမြူရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂)တွင် ပျားလုပ်ငန်းဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး ပျားလုပ်ငန်းဌာန ဦးစီးမှူးတို့က ပျားမွေးမြူရေးဆိုင်ရာ ဥပဒေများ၊ ပျားစားကျက်ဆိုင်ရာကိစ္စများ၊ ခေတ်မီပျားမွေးမြူရေးနည်းပညာများ၊ နိုင်ငံတကာ ပျားရည်ဈေးကွက်၊ ပျားမွေးမြူရေးဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များနှင့် အသင်းအဖွဲ့ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို သင်ကြားပို့ချခဲ့ကာ သင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်မှ ပုဂ္ဂလိကအစုအဖွဲ့ခေါင်းဆောင် ၂၀ တက်ရောက်ကြပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်၌ ပြွန်ခေါင်ချောင်းတံတားတည်ဆောက်

**ကျောက်ဖြူ ဖေဖော်ဝါရီ ၇**

ကျောက်ဖြူမြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်တော်စည်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် အမှတ်(၈)တိုက်နယ် မရဇိုင်ကျွန်းနှင့် အမှတ် (၇) တိုက်နယ် မြို့ချောင်းကျွန်းတို့ကို ဆက်သွယ်သည့် ပြွန်ခေါင်ချောင်းတံတား တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝေ ဦးဆောင်ပြီး ကျောက်ဖြူခရိုင်လမ်းဦးစီးဌာန ဦးစီးမှူး၊ ကျေးလက်ဦးစီးမှူးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်ဖြူခရိုင် ဦးစီးဌာနမှ ဦးစီးမှူးနှင့် အင်ဂျင်နီယာများသည် ဖေဖော်ဝါရီ ၄ ရက်က လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီအနေဖြင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း တံတားတည်ဆောက်နေမှုကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရေး၊ အမှတ်(၇)တိုက်နယ်ရှိ ကျေးရွာများနှင့် အမှတ်(၈)တိုက်နယ်ရှိ ကျေးရွာများမှ ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး လိုအပ်သည့်တိုင်းတာမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**




ရရှိသည့် အပိုဆုငွေပမာဏကို (၁၅)ရက်အတွင်း အသုံးပြုရပါမည်

| ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ | ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ | ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ |
|---|---|---|---|---|---|---|---|---|
| ၁၀၀၀ | ၂၀% | ၂၀၀ | ၅၀၀၀ | ၄၀% | ၂၀၀၀ | ၂၀၀၀၀ | ၁၀၀% | ၂၀၀၀၀ |
| ၃၀၀၀ | ၃၀% | ၉၀၀ | ၁၀၀၀၀ | ၁၀၀% | ၁၀၀၀၀ | ၃၀၀၀၀ | ၁၀၀% | ၃၀၀၀၀ |

- GSM/ WCDMA နှင့် CDMA (Prepaid နှင့် Postpaid) သုံးစွဲသူများအားလုံးအတွက် အကျုံးဝင်ပါသည်။
- ရရှိသည့် အပိုဆောင်းဆုငွေအား ပြည်တွင်းဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့ပို့ခြင်းနှင့် အင်တာနက်အသုံးပြုခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
- GSM/ WCDMA အသုံးပြုသူများအတွက် ခဲခြစ်ကတ်၊ E-top up စနစ်၊ Myanmar Mobile Money စနစ် နှင့် ဘဏ်မှတဆင့် ငွေဖြည့်ခြင်း စသည့်နည်းအားလုံးဖြင့် ငွေဖြည့်နိုင်ပါသည်။
- CDMA အသုံးပြုသူများအတွက် ခဲခြစ်ကတ်ဖြင့် ငွေဖြည့်သွင်းနိုင်ပါသည်။
- ရရှိသည့် အပိုဆုငွေ ပမာဏကို (၁၅) ရက်အတွင်း အသုံးပြုရပါမည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL

CALL CENTER 106 | call free 24 hours everyday

## ငါးသည်အောင်ဆန်း စင်တင်ပြဇာတ်နှင့်ပတ်သက်၍ ဇာတ်ရုံဌာနခွဲ၊ အနုပညာဦးစီးဌာနအား သိစေအပ်ပါသည်

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် သဘင်အစည်းအရုံးအား ကူညီပံ့ပိုးသောအားဖြင့် အမျိုးသားဇာတ်ရုံအသုံးပြုခွင့်ကို တစ်နှစ်လျှင် နှစ်ရက် အခမဲ့သုံးစွဲခွင့်ပေးထားရာ မြို့ရွှေမန်းသားလေးဖိုးချစ် ကပြတင်ဆက်မည့် ငါးသည်အောင်ဆန်းပြဇာတ်အား သဘင်ပညာရှင်များအစည်းအရုံးအတွက် သတ်မှတ်ပေးထားသည့် ဇာတ်ရုံအခမဲ့အသုံးပြုခွင့် နှစ်ရက်မှ သုံးစွဲခွင့်တောင်းခဲ့ခြင်းသာဖြစ်ပြီး အဆိုပါ ဇာတ်ရုံအသုံးပြုခနှုန်းထားကို မြို့ရွှေမန်းသားလေးဖိုးချစ်မှ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးသို့ ပေးသွင်းရန်အတွက် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးနှင့် မြို့ရွှေမန်းသားလေးဖိုးချစ် သဘင်အဖွဲ့တို့ နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆိုထားခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ငါးသည်အောင်ဆန်း စင်တင်ပြဇာတ်သည် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၏ ရန်ပုံငွေအတွက် ကပြတင်ဆက်ခြင်းမဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၆)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon)နှင့် မြန်မာကျပ်ငွေ (MPPE Warehouse Yangon)တို့ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (၁) | 200 IGPM Fuel Transfer Centrifugal Pump(Engine Driven) | 2 Sets | USD |
| (၂) | 600 IGPM Fuel Transfer Centrifugal Pump(Engine Driven) | 2 Sets | USD |
| (၃) | Fire Extinguisher | 6 Items | Kyat |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၂-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၉-၃-၂၀၁၆ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် ၆၊ နေပြည်တော်**

## ယဉ်ကျေးမှုဝန်ကြီးဌာန ဇာတ်ရုံဌာနခွဲသို့ အသိပေးအပ်ပါသည်

သဘင်ပညာရှင်များအစည်းအရုံးမှ အခမဲ့သုံးစွဲခွင့်ရရှိထားသော ရက်နှစ်ရက်အား ကျွန်တော်မှ ကျသင့်ငွေကို အစည်းအရုံးသို့ပေးသွင်း၍ ငှားရမ်းအသုံးပြုခြင်းသာဖြစ်ပါသည်။

ဖျော်ဖြေရေးကိစ္စအားလုံးသည် ကျွန်တော်နှင့်သာ သက်ဆိုင်ပါသည်။

ဖြစ်ပေါ်လာမည့်အခက်အခဲပြဿနာအားလုံးကို ကျွန်တော်ကိုယ်တိုင် တာဝန်ယူဖြေရှင်းမည်ဖြစ်ပါသည်။

မိသားစုဝင်များ၏ ခွင့်ပြုချက်ယူရန်မှာ နောင်မျိုးဆက်သစ်လူငယ်လေးများ၏ နုနယ်သော နှလုံးသားများတွင် အမျိုးသားခေါင်းဆောင်ကြီးအား တေးသီချင်း၊ ပြဇာတ်နှင့် အခြားအစီအစဉ်များဖြင့် ဂုဏ်ပြုလိုရာတွင် ခွင့်ပြုချက်ရယူရမည်ဆိုပါက အမျိုးသားခေါင်းဆောင်ကြီးအား တစ်ဦးတစ်ယောက် တစ်မိသားစုပိုင်ဟု ထင်မှတ်မှားသွားနိုင်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီးသည် တစ်မျိုးသားလုံးပိုင်သည်ဟု ယုံကြည်ပါသည်။

နှစ် ၁၀၀ပြည့် ကပြသည့်ပွဲများတင်ဆက်စဉ်ကလည်း မည်သည့်မိသားစုဝင်များ၏ ခွင့်ပြုချက်ကိုမျှ ရယူခဲ့ရခြင်းမရှိဟု ယုံကြည်ပါသည်။ သို့ပါ၍ နောင်တိုင်းပြည်တာဝန်ထမ်းဆောင်မည့် မျိုးဆက်သစ်လူငယ်လေးများ၏ နှလုံးသားတွင် မဖြစ်သင့်သောထင်မြင်မှုများ မဖြစ်စေရန် ဂုဏ်ပြုတင်ဆက်ခွင့်ပေးသင့်ပါကြောင်းနှင့် ယခုပြဇာတ်နှင့်ပတ်သက်၍ ဖိုးချစ်မှ တာဝန်ယူပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**မြို့ရွှေမန်းသားလေးဖိုးချစ်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
### အမှတ်စဉ်(၈)ပြန်ပြည့်မြဲစွမ်းအင်(Renewable Energy)သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိသုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် ၂၀၁၅ခုနှစ်၊ဖေဖော်ဝါရီလ(၂၃)ရက်နေ့မှစတင်၍ အောက်ဖော်ပြပါ ပြန်ပြည့်မြဲစွမ်းအင်(Renewable Energy)ဆိုင်ရာ သင်တန်းများကိုဖွင့်လှစ် သင်ကြားပေးမည် ဖြစ်ပါသည်။

**ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) သင်တန်းများ**

(က) အခြေခံ လေအားလျှပ်စစ် တည်ဆောက်တပ်ဆင်ခြင်းသင်တန်း (Construction and Installation of Basic Wind Turbine Generating System)
(ခ) နေရောင်ခြည်စွမ်းအင်ဆိုင်ရာ နည်းပညာနှင့်အသုံးပြုမှုများသင်တန်း (Solar Energy Technology and Applications)
(ဂ) အသေးစားရေအားလျှပ်စစ် တည်ဆောက်တပ်ဆင်ခြင်းသင်တန်း (Construction and Installation of Pico-Hydro Power Generating System)
(ဃ) စပါးခွံလောင်စာသုံးဓါတ်ငွေ့ထုတ်စက် (Gasifier )ဆိုင်ရာ လက်တွေ့အသုံးချတည်ဆောက်ခြင်းသင်တန်း
(င) ဇီဝဓါတ်ငွေ့ကန်(Biogas) လက်တွေ့အသုံးချတည်ဆောက်ခြင်းသင်တန်း

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-
(က) လျှောက်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ တင်ပြနိုင်ရမည်)။
(ခ) လျှောက်ထားသူများသည် အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်) အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS) အောင်မြင်ပြီးသူဖြစ်ရမည်။ (ပညာရေးဆိုင်ရာ အထောက်အထားမူရင်းတင်ပြနိုင်ရမည်။)
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ၏ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း) တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းချိန်များကိုအချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။(သတ်မှတ်သင်တန်းချိန်မပြည့်မီပါက အောင်လက်မှတ် ထုတ်ပေးမည် မဟုတ်ပါ။)

၃။ သင်တန်းချိန်မှာ နံနက် (၉ ၀၀)နာရီ မှ ညနေ (၄ ၀၀)နာရီ အထိ အပတ်စဉ် စနေနေ့ နှင့် တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်(၅)ပတ် ဖြစ်ပါသည်။
၄။ လျှောက်လွှာပုံစံများကို ဤကြော်ငြာပါသည့်နေ့မှစ၍ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင်အခမဲ့ရယူနိုင်ပြီး သတ်မှတ်ပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်လျှောက်ထားရမည် ဖြစ်ပါသည်။
၅။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်စခန်းနှင့် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက် (မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓါတ်ပုံ (၃) ပုံတို့ကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။
၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါကသုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း၀၁-၆၆၅၂၉၂/၀၉-၄၂၀၀၉၃၇၅သို့ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

## CLAIMS DAY NOTICE
## M.V MODERN LINK VOY:NO(5)

Consignees of cargo carried by M.V MODERN LINK VOY:NO(5) are here by notified that the vessel will arrive on about 10-2-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE
## M.V TRANS FUTURE 1 VOY:NO(237)

Consignees of cargo carried by M.V TRANS FUTURE 1 VOY:NO(237) are here by notified that the vessel will arrive on about 9-2-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း
## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

**ရာထူး** - ရုံးအဖွဲ့မှူး၊ ဒုရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (ကျား)
**အသက်** - (၄၀)မှ (၅၅)နှစ်အတွင်းဖြစ်ရမည်။
**ပညာအရည်အချင်း** - အရည်အချင်းပေါ်မူတည်၍ အသက်ကန့်သတ်ချက်လျှော့ပေါ့ စဉ်းစားမည်။
- ကုမ္ပဏီဝန်ထမ်းများလျှောက်ထားပါက (MBA)ဘွဲ့ရဖြစ်ရမည်။
- အငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး(၂)ဦး ထောက်ခံရမည်။
- တပ်မတော်အငြိမ်းစားဖြစ်ပါက ဗိုလ်ကြီးအထက် (၂)ဦး ထောက်ခံရမည်။

**အခြားလိုအပ်ချက်များ** - ရုံးလုပ်ငန်းများကို ကျွမ်းကျင်စွာ ဦးဆောင်နိုင်ရမည်။
အင်္ဂလိပ်စာရေး၊ ဖတ်၊ ပြောကျွမ်းကျင်ရမည်။
- ကွန်ပျူတာအသုံးပြုနိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက် (CV Form)(၁၀)တန်း အောင်လက်မှတ်မိတ္တူ၊ သက်ဆိုင်ရာအောင်လက်မှတ်များမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ တစ်လအတွင်းရိုက်ကူးထားသော ကာလာဓာတ်ပုံ(၃)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံစာတို့ဖြင့် ၂၆-၂-၂၀၁၆ရက် နောက်ဆုံးထား၍ (ရုံးချိန်အတွင်း) လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
**မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း**
**အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ**
**ဖုန်း-၀၁-၆၆၃၁၁၉၊ ၀၁-၆၆၃၀၈၀၊ ၀၁-၆၅၈၁၅၀**

## အမည်ပြောင်း

ဦးတင်စော-ဒေါ်နီနီဝင်းတို့၏သား မြိတ်မြို့၊ အထက(၂)၊ အဋ္ဌမတန်း(A)မှ မောင်ဉာဏ်ထက်လင်းအား မောင်ခန့်ဇင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ခန့်ဇင်လင်း**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)နေ ဦးနိုင်ဝင်း၏သား ၉/ပဥလ(နိုင်)၀၅၅၀၂၉ ကိုင်ဆောင်သူ ကိုနိုင်အေး(ခ) ကိုဇော်ထိုက် ဇနီး မမိုးမိုးထွေး ဦးစိန်ဝင်း၏သမီး ၉/ပဥလ(နိုင်)၀၅၂၆၅၆သည် ကျွန်တော်မရှိခိုက် လွန်ခဲ့သောခြောက်လခန့်က ၎င်း၏ သဘောဆန္ဒအတိုင်း နေအိမ်မှထွက်ခွာခဲ့ပါကြောင်း၊ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

**ကိုနိုင်အေး(ခ)ကိုဇော်ထိုက်**
**ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၅)၊ တတိယတန်း (A)မှ မနာစော၏ ဖခင်အမည်မှန်မှာ ဦးကျားယော် ၁၃/ကတန(နိုင်)၁၁၉၄၁၇ ဖြစ်ပါကြောင်း။

**ဦးကျားယော်**

## အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုနယ်မြေ၊ တောင်ဝိုင်းရပ်ကွက်၊ တောင်ဝိုင်းလမ်း အမှတ် ၁၃နေ ဦးစွန်ဟိုး၁၀/မလမ(နိုင်)၀၈၀၇၁၈နှင့် ဒေါ်ခင်စိန် ၁၀/မလမ(နိုင်)၀၄၄၃၄၃တို့၏သားကြီးဖြစ်သူ မောင်ကျော်ဇင်(ခ)မောင်စိုးကျော်ဇင် ၁၀/မလမ(နိုင်)၂၄၂၉၂၆သည် မိဘအုပ်ထိန်းသူ၏ ပြောဆိုဆုံးမသည့်စကားများကို မလိုက်နာပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ကျွန်တော်၊ ကျွန်မတို့၏သားအဖြစ်မှ လုံးဝစွန့်လွှတ်လိုက်ပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိဘအုပ်ထိန်းသူများနှင့် လုံးဝ မပတ်သက်တော့ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစွန်ဟိုး-ဒေါ်ခင်စိန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၃)ရပ်ကွက်၊ ပုလဲသွယ်လမ်း၊ အိမ်အမှတ်(7G) နေဦးလှိုင်ဝင်း၏သမီး မထက်သီရိတင်(ခ)မထက်ရတီဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် အမည်မှန်မှာ မထက်ရတီဝင်း ၁၂/ဗဟန(နိုင်)၁၀၃၉၂၆ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/7703 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/6695 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အမည်ပြောင်း

ဦးစိုင်းဆမ်လုတ်၏သား ကျိုင်းတုံမြို့၊ ထခွဲ-လ(၅)၊ နဝမတန်း (B)မှ စိုင်းလျှံနမ်း ၁၃/မယန(နိုင်)၀၁၄၀၇၆အား စိုင်းဆိုင်ခမ်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၂-၂၀၀၁ ဖြစ်ပါကြောင်း။

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးဝင်းအောင် ၇/ထတပ(နိုင်)၀၁၀၇၇၅၏သမီး မနီလာအောင် ၇/ထတပ(နိုင်)၀၅၃၀၇၆သည် မိဘများ၏ဆိုဆုံးမလမ်းညွှန်မှုများကို လက်မခံဘဲ မိမိသဘောအလျောက် ပြုမူသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူတော့ပါကြောင်းနှင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)** **ဦးဝင်းအောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/8612 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းသုံးများအတွက် Community Clinic များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဆီးချိုရောဂါဝေဒနာရှင်များအတွက် Glucometer Test Strip များ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၅-၂-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၂-၂၀၁၆ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၄၄၉

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၂-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၁-၂-၂၀၁၆ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၊ ပင်မတမံမြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၀-၂-၂၀၁၆ ရက် ၀၉း၃၀ နာရီ
**တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်၊ အချိန်** - ၁၇-၂-၂၀၁၆ ရက် ၁၆း၃၀ နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊ အချိန်** - ၂၄-၂-၂၀၁၆ ရက် ၁၆း၃၀ နာရီ
၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၊ လုပ်ငန်းခွင်အရောက် RCC ကွန်ကရစ်ဖျော်စပ်၊ ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန်** - ၉-၂-၂၀၁၆ ရက် ၀၉း၃၀ နာရီ
**တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်၊ အချိန်** - ၁၆-၂-၂၀၁၆ ရက် ၁၆း၃၀ နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊ အချိန်** - ၂၃-၂-၂၀၁၆ ရက် ၁၆း၃၀ နာရီ
၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်၊ မြေကွက်အမှတ် ပစ(C)၈၃၃၈ ၏ အမည်ပေါက် တပ်ကြပ်လှမင်း ကွယ်လွန်သွားပါသဖြင့် တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စုစုဝင်း ၁၃/လရန(နိုင်)၀၀၉၃၆၈ (ဘ)ဦးထွန်းကြည်မှ ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၃၈၈၂)၊ ဧရိယာ ၀ဒသမ၁၁၀၈ဧက၊ ဒေါ်သို အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၂/၂၀၁၅) ၃၀-၉-၂၀၁၅ တင်ပြ၍ ဒေါ်အိအိခိုင် ၁၂/တတန(နိုင်)၁၄၁၁၇၀ (ဘ)ဦးခင်မောင်ထွေးမှ မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

SHWE KA THAR (ရွှေကသာ)
INDUSTRIAL SERVICES COMPANY LIMITED
No#151, Yawgi Kaung Street, 11th Ward, Hlaing Township, Yangon Myanmar
Tel: 01- 2305312 , 09-42010 5055, 09-73036997
(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်သာခန့်ထားရန်)

**ဆိုဒ်ကြီးကြပ်ရေးမှူး (ကျား- ၃ဦး )**

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- စက်ရုံ ပရဝုဏ် နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော သင့်တင့်ကောင်းမွန်ရမည်။
- စက်ရုံနှင့် စက်ပစ္စည်းသန့်ရှင်းရေး လုပ်ငန်းအတွက် ဦးဆောင်နိုင်သူဖြစ်ရမည်။

**လုပ်ငန်းတည်နေရာ**
အမှတ်(၄) လမ်းမကြီး၊ ၁၂၄ ဘတ်(စ်)ကား ဂိတ် လမ်းဆုံအနီး စနေ၊ တနင်္ဂနွေ နှင့် အစိုးရ ရုံးပိတ်ရက် အတိုင်းပိတ်ပါသည်။ ရက်မှန်ကြေးရှိသည်။ ကား ကြို/ပို့ ရှိသည်။

အထက်ပါရာထူးဖြင့်လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် နှင့် အတူ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း skt.zml@gmail.com သို့မဟုတ် အထက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက် လျှောက်ထား နိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၄၄**

ဦးမိုးဇက် **နှင့်** ဦးအန်ထော်နီ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်(ကန်တောင်)၊ ပိန္နဲကုန်းလမ်း၊ ကွေ့ကောက်အမှတ် (၁၃)၊ အခန်း(၁၁)၊ ပထမထပ်နေ ဦးအန်ထော်နီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလိုဦးမိုးဇက်က စရန်ပေးစာချုပ်ပါ ကတိပဋိညာဉ်အတိုင်း ပေးချေထားသည့်စရန်ငွေအပြင် ယင်းစရန်ငွေ၏(၂)ဆဖြစ်သော စုစုပေါင်းငွေကျပ်-၇၅၀၀၀၀၀ိ/-ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၈)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅၁၉**

ဦးဝင်းကိုကို **နှင့်** ၁။ ဒေါ်မေဦး
၂။ ဦးဝင်းညို
၃။ ဦးမင်းသိန်း
၄။ ဦးလှဝင်းဦး
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ အမှတ် ၂၈(ဘီ)နေ (၂)တရားပြိုင် ဦးဝင်းညိုနှင့် (၃)တရားပြိုင် ဦးမင်းသိန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးမြင့်အေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဝန်ထမ်းအလိုရှိသည်

**စာရင်းကိုင် ၃ ဦး** (ကျား/မ)
- LCCI Level 3 အောင် (Computerized Accounting ကျွမ်းကျင်သူ ဦးစားပေးမည်။)
- Microsoft Office [Word, Excel, Powerpoint] ကျွမ်းကျင်ပိုင်နိုင်ရမည်။
- Microsoft Office Excel ကျွမ်းကျင်ပိုင်နိုင်ရမည်။ ဘွဲ့ရဖြစ်ရမည်။

**ရုံးစာရေး ၃ ဦး** (ကျား/မ)
- အနည်းဆုံး အထက်တန်းအောင်
- Microsoft Office [Word, Excel, PowerPoint] ကျွမ်းကျင်ပိုင်နိုင်ရမည်။

**Marketing Supervisor** ၃ ဦး(ကျား)
- ဘွဲ့ရ(သို့)Marketing သင်တန်းပြီးသူ
- လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက်
- နယ်ခရီးထွက်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်(အနက်)
- ဘီလပ်မြေအရောင်းတွင် စနစ်တကျဦးဆောင်၍ Planning လုပ်နိုင်သူ
- Marketing အဖွဲ့သားများကို Plan အတိုင်းဆောင်ရွက်နိုင်ရန် ညွှန်ပြနိုင်သူ

**Marketing Assistant** ၅ ဦး(ကျား)
- Marketing သင်တန်းပြီးသူ
- လုပ်ငန်းအတွေ့အကြုံ ၃ နှစ်
- နယ်ခရီးထွက်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်(အနက်)
- ဘီလပ်မြေအရောင်းတွင် ကျွမ်းကျင်သူဦးစားပေးမည်။

**Driver ယာဉ်မောင်း** ၃ ဦး(ကျား)
- နယ်ခရီးထွက်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်(င)လိုင်စင်
- အရက်သေစာအသောက်အစားကင်းရှင်းသူ
- လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ ၂ ပုံ၊ ရဲစခန်း/ရပ်ကွက်ထောက်ခံစာ၊ ပညာအရည်အချင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေ စာရင်းမိတ္တူတို့နှင့်အတူ Ninja Trading Company Limited No.35J, Thiti Yeik Thar Street, 7 miles (Pyay Rd), Mayangone Township Yangon ဖုန်း-၀၁-၆၅၅၉၄၀၊ ၆၅၂၀၁၉ တို့သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၈**

ဒေါက်တာခင်ရွှေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်ဇော်) **နှင့်**
၁။ ဦးခင်အေး(၀၀၄၉၈) ထုတ်ဝေသူ
၂။ ကိုထွားကြီး( ၈၈ အရေးတော်ပုံ) တာဝန်ခံအယ်ဒီတာ
၃။ ဦးကျော်တင့် အုပ်ချုပ်ရေးမှူး
၄။ ဦးတင်အောင်ဝင်း(၀၀၀၂၉) ပုံနှိပ်သူ
၅။ ဇာခြည် ဖြန့်ချိရေး
အမှတ် ၁၆၂၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း၊အမှတ် ၁၆၂ နေ (၂)တရားပြိုင် ကိုထွားကြီး၊ (၃)တရားပြိုင် ဦးကျော်တင့်၊ (၄) တရားပြိုင် ဦးတင်အောင်ဝင်း၊ (၅) တရားပြိုင် ဇာခြည် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မစ္ဆရိယစိတ်ဖြင့် တရားလို၏ အသရေနှင့်ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန် အများအထင်အမြင်လွဲမှားစေရန် တမင်ရည်ရွယ် ရေးသားထုတ်ဝေ ဖြန့်ချိခြင်းအတွက် အထွေထွေနစ်နာကြေး ငွေ ၇၀၀၀၀၀၀၀၀ိ/-(ကျပ်သိန်းပေါင်းခုနစ်သောင်းတိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်) မွန်းလွဲ ၂ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သောနေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(ခိုင်ခိုင်လေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သာယာဝတီခရိုင်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၉ နှင့်ဆက်သွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၃**

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးမြင့်မောင်
၂။ ဒေါ်မြင့်မြင့်စန်း
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

နတ္တလင်းမြို့၊ တံခွန်တိုင်မြို့သစ် (၂)လမ်း၊ သာစည်ရပ်ကွက်၊ နတ္တလင်းမြို့ (ယခုနေရပ်လိပ်စာမသိ)နေ ဦးမြင့်မောင်နှင့် ဒေါ်မြင့်မြင့်စန်းတို့ သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၉ တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်စိုးပိုင်)**
**ဒုတိယခရိုင်တရားသူကြီး**
**သာယာဝတီခရိုင်တရားရုံး**

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၁၁၈)နေ သီဟသုဓမ္မမဏိဇောတဓရ၊ သိရီသုဓမ္မမဏိဇောတဓရ၊
အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင် - သီဟသုဓမ္မသီရိ၊ အဂ္ဂမဟာသိရီသုဓမ္မသီရိ ဒေါ်ကြည်ကြည်ဆွေ(သမ္မတနိဗ္ဗာန်ကုန်နှင့်သက်နှီးတိုက်)တို့၏သားငယ်

**မောင်နေအောင်ကို** **B.Sc (Chemistry)**
**Managing Director (Thamada Family Hotel)**

**တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၆၆)နေ ဦးအောင်တိုး - ဒေါ်သဇင် (Star Angel Gold & Jewellery) တို့၏ တစ်ဦးတည်းသောသမီး

**မတိုးထက်ထက်ထွန်း** **B.A (English)**
**Star Angel Beauty Saloon**

တို့၏ ၇-၂-၂၀၁၆ရက် Novotel Yangon Max Hotel(Yangon Ballroom) တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ အောင်မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်သော ကာကွယ်ရေးဦးစီးချုပ်-ရေ(ငြိမ်း) သီရိပျံချီ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေး၊ အောင်မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေနှင့်ဇနီး ဒေါ်မူမူခင်တို့အားလည်းကောင်း၊ ၃၀-၁-၂၀၁၆ရက်တွင် မင်္ဂလာမော်ကွန်းလက်မှတ်ရေးထိုးပေးပါသော ဗဟန်းမြို့နယ်တရားသူကြီး ဦးကျော်နိုင်လတ်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးထွဋ်ခေါင်လင်း၊ မင်္ဂလာပန်းကြဲပေးသော မခိုင်သူဇာ၊ မင်္ဂလာလက်စွပ်ဖန်း ကိုင်ဆောင်ပေးသော မထက်နှင်းဆီလှိုင်၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မသက်မှူးတင်၊ မင်္ဂလာသတို့သားအရံများဖြစ်သော ဒေါက်တာနေဇော်အောင်၊ ကိုဇေယျာသိန်း၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မအိမ့်မို့ခိုင်၊ မမူမူခိုင်တို့ အားလည်းကောင်း၊မင်္ဂလာအခါတော်ပေးသီဆိုပေးသော နိုင်ငံကျော်အဆိုတော် စိမ်းလဲ့လဲ့၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖျော်ခံပေးပါသော ဝတ်မှုံတေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင် လင်းလင်း (Artist)၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မင်းသက်စံ (Sweet & Smart)၊ မင်္ဂလာလက်ဝတ်ရတနာ ဆင်မြန်းပေးပါသော မေမေကြီး ဒေါ်ကြည်ကြည်ဆွေနှင့် သိဒ္ဓိစိန်ရတနာဆိုင်၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော 7 Picture Photo & Studio ၊ ဒါရိုက်တာ ကိုဝင်းလွင်ထက် (HD Production) နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော မစန်းစန်းဦး၊ မင်္ဂလာဖိတ်စာဒီဇိုင်းဖန်တီးပေးပါသော Dagon ပုံနှိပ်တိုက်နှင့် မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကိုယ်တိုင်မတက်ရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးပါသော ဂုဏ်သရေလူကြီးမင်းများအားလည်း ကောင်း၊ ၇-၂-၂၀၁၆ရက် CHATRIUM HOTEL (Pool Side) ၌ ကျင်းပသော မင်္ဂလာညစာစားပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ကာကွယ်ရေးဦးစီးချုပ်-ရေ(ငြိမ်း) သီရိပျံချီ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)နှင့်ဇနီးဒေါ်အေးအေးတို့အားလည်းကောင်း၊ မင်္ဂလာလည်ဆွဲချီးမြှင့်ပေးပါသော သိရီသုဓမ္မမဏိဇောတဓရ ဦးခင်မောင်ဝင်း(Chairman) Shwe Myitta Cement & General Trading နှင့် ဇနီး ဒေါ်စိုးမိုးသူ (Managing Director) Shwe Myitta Cement & General Trading တို့အား လည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မောင်ကောင်းခန့်ဇော်၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင် မထက် (Posoul)၊ မီးအလှဆင်ပေးသော မီးငယ်နှင့်အဖွဲ့တို့အားလည်းကောင်း၊ ညစာစားပွဲတွင် ကျွေးမွေးဧည့်ခံပေးပါသော Chatrium Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်နေအောင်ကို- မတိုးထက်ထက်ထွန်း**




ရှင်ပြုရဟန်းခံဝယ်ယူလှူဒါန်းရန်
မြတ်စေတနာသင်္ကန်းပရိက္ခရာတိုက် (စစ်တွေမြို့)မှာ
ပစ္စည်းမှန် ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးနေပါသည်
အလှူတော်မင်္ဂလာဖိတ်စာနှင့် လက်ဆောင်ယပ်တောင်များရနိုင်ပါသည်
ပင်ရင်း-အမှတ် ၃၅၊ မဏီပူရလမ်း၊ ရွှေနယ်ရပ်ကွက်၊ လောကနန္ဒာစေတီမြောက်ဘက်၊ စစ်တွေမြို့၊
ဖုန်း ၀၄၃-၂၂၄၈၃၊ ၀၉-၃၆၁၇၃၄၆၈

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၇**

ဒေါက်တာခင်ရွှေ (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးမြင့်ဇော်) **နှင့်**
၁။ ဦးကိုကိုလေး(ခ)သူရိယထိန်လင်း ထုတ်ဝေသူ-၀၀၇၁၄ သူရိယအလင်းသတင်း ဂျာနယ်
၂။ ဦးမျိုးညွန့်သန်း(AA) သတင်းထောက်ချုပ် သူရိယအလင်းသတင်းဂျာနယ်
၃။ ဇော်မို အမှုဆောင်အယ်ဒီတာ သူရိယအလင်းသတင်းဂျာနယ်
၄။ ဝင်းကျော်(ဥက္ကလာ) တာဝန်ခံအယ်ဒီတာ
၅။ အိမ်ကြီးမောင် မှ/တစ်ဆင့် သူရိယအလင်း သတင်းဂျာနယ် အမှတ် ၃၂(ဃ)၊ ဘိုးရာဇာလမ်း၊ (၁၄)ရပ်ကွက်၊ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၄ ရပ်ကွက်၊ ဘိုးရာဇာလမ်း၊အမှတ် ၃၂(ဃ)နေ (၃) တရားပြိုင် ဇော်မို၊ (၅)တရားပြိုင် အိမ်ကြီးမောင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ် တရားလိုက ''ဂုဏ်သိက္ခာကျဆင်းနစ်နာအောင်တရားမဲ့ မမှန်မကန် တမင်စွပ်စွဲ ဖော်ပြရေးသားဖြန့်ဝေခြင်း''အတွက် နစ်နာကြေးငွေ ၅၀၀၀၀၀၀၀၀ိ/-(ကျပ်သိန်းပေါင်းငါးသောင်း) တိတိရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ၂၆ရက် (၁၃၇၇ခုနှစ် တပို့တွဲ လပြည့်ကျော် ၃ ရက်) မွန်းလွဲ ၂ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သော နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

**အမိန့်အရ-**

**(ခိုင်ခိုင်လေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရေနံချောင်းမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၅၂**

၁။ ဦးခင်မောင်ညို **နှင့်** ဒေါ်ယဉ်မွန်နန္ဒာ
၂။ ဒေါ်စံပယ်ဦး

**တရားလိုများ** **တရားပြိုင်**

ယခင်ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဂန္ဓာမာလမ်း၊ ငါးလွှာ/အေ၊ တိုက်အမှတ် ၂၁နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဒေါ်ယဉ်မွန်နန္ဒာ သိစေရမည်။

သင့်အပေါ်၌ တရားလိုက စာချုပ်စာတမ်းပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲ ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေး ကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာစမ်း)**
**မြို့နယ်တရားသူကြီး**
**ရေနံချောင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ပန်းတောင်းမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၅**

ဦးကံမြိုင် **နှင့်**
၁။ ဒေါ်ခင်ကြည်
၂။ ဒေါ်ပြုံးစိန်
၃။ ဦးကံလှိုင်
၄။ ဒေါ်ခင်ဝင်း
၅။ ဒေါ်စန်းစန်း

**တရားလို** **တရားပြိုင်များ**

(၅)တရားပြိုင် ဒေါ်စန်းစန်း (ဘ)ဦးတိုးမောင် သရဲတပ်ရပ်ကွက်၊ ဈေးသည် အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

